

www.burmeseclassic.com
ဂမ္ဘီရ ဆန်း ကြယ် လုံး ချင်း ဝတ္ထု
မင်းစဏ္ဏ
ကျွားပါး စပ်မောင်ကြီး
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှအတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူ တို့၏လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက် အောင်ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ပဉ္စ ဂုဏ် အဟံ ဝန္ဒာမိ

# မင်းစက္ကာ

## ကျားပါးစပ်မောင်ကြီး


| | | |
|---|---|---|
| ထုတ်ဝေခြင်း | - | ပထမအကြိမ်<br>၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၃၀၀ ကျပ် |
| အဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဒေါ်ခင်ချိုချိုမြင့်<br>ကောင်းဆုအော့ဖ်ဆက်<br>အမှတ်(၅၂/ခ)၊ ရွှေယင်းမာလမ်း၊<br>၁၃ ရပ်ကွက်၊ ရန်ကင်း။ |
| ထုတ်ဝေသူ | - | ဦးလှနိုင် (မြတ်စာပေ)<br>အမှတ်(၆၆)၊ ဗိုလ်ဥတ္တမလမ်း၊<br>ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။ |
| ဖြန့်ချိရေး | - | မြတ်စာပေ (ဖုန်း-၀၉၇၃၂၄၅၁၄၈)<br>၂၂၁၊ ၃၁-လမ်း(အထက်)၊<br>ရန်ကုန်။ |
| စီစဉ်သူ | - | ကိုလှနိုင် (မြတ်)<br>ဖုန်း-၀၉ ၅၁ ၃၁၀၃၄ |

မင်းစက္ကာ ၈၉၅.၈၃

ကျားပါးစပ်မောင်ကြီး - ရန်ကုန်၊
မြတ်စာပေ၊ ၂၀၁၂။
၂၃၇-စာ၊ ၁၂ × ၁၈ စင်တီ
ကျားပါးစပ်မောင်ကြီး။


www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


၁။ ပင်လယ်ထဲကမောင်ကြီး
၂။ မုန်တိုင်းစဲသောနံနက်
၃။ လူမျက်နှာနှင့်ငါး
၄။ မောင်ကြီးနှင့်ကျွားပါးစပ်
၅။ ကျွားပါးစပ်သို့ရောက်လာပုံ
၆။ ဘဝနောက်ကြောင်းနှင့်မောင်ကြီး
၇။ နာမည်ကြီးသောမောင်ကြီး
၈။ ဆွမ်းအုပ်အနီလေးနှင့်မောင်ကြီး
၉။ ထူးဆန်းသောမိန်းကလေးနှင့်မောင်ကြီး
၁၀။ ရှင်နှောင်းမေနှင့်မောင်ကြီး
၁၁။ ခတ္တာမောင်ဂေဟာ
၁၂။ ပင်လယ်ပျော်နဲ့ ရှင်နှောင်းမေ
၁၃။ ထားဝယ်မြို့ရောက် ရှင်နှောင်းမေ
၁၄။ ရေးသူမလေး ရှင်နှောင်းမေ
၁၅။ ဦးကံမင်းနဲ့ရှေးဟောင်းကြုပ်ကလေး
၁၆။ သောကများနှင့်မောင်ကြီး
၁၇။ အိမ်မက်လေလား တကယ်လား
၁၈။ ပြန်လာခဲ့ပါမောင်ကြီး
၁၉။ ရေသရဲပေါ်ကငါးလေး
၂၀။ ပြုံးပျော်ရွှင်နေတဲ့မောင်ကြီးနဲ့ငါးလေး
၂၁။ ဦးခန့်မောင်၏ဒေါသအိုး
၂၂။ ပြုံးပျော်နေသောခတ္တာ
၂၃။ ရှင်နှောင်းမေ၏ ကံဆိုးသောနေ့
၂၄။ သူတို့သုံးဦး၏ မေတ္တာလွန်ပွဲ
၂၅။ အစီအစဉ်ပြောင်းလိုက်သော ဦးခန့်မောင်
၂၆။ အကြံပက်စက်သော ကံမင်းနှင့်ခန့်မောင်
၂၇။ ဦးစိမောင်နှင့် မြေပုံနှစ်ခု
၂၈။ ရှာပုံတော်ဖွင့်ပြီ
၂၉။ ကံကြမ္မာကဆိုးတာလား
၃၀။ ဥစ္စာရှင်းမှန်လို့ပြန်ရသည်
၃၁။ အပြုံးပန်းများပွင့်ကြသည်




# ပင်လယ်ထဲကမောင်ကြီး

ကောင်းကင်တစ်ခုလုံးမဲညို့ကာ မုန်တိုင်းတိုက်ခိုက်နေသည်။ တစ်ချက်တစ်ချက် လျှပ်စီးများလက်ကာနဲ လက်ကနဲများမြင်နေရတာ လန့်လန့်သွားသည်။ဒါပေမဲ့ သူမှာလန့်နေဖို့အချိန် မရှိပါ။ သူလုပ်ရမည့်အလုပ်က မပြီးသေးပါ။ ထိုအခါ•••

"ဂိုမ်းဒလိန်း•••ဂိုမ်းဒလိန်း " ဟုအသံမှာ မုံးဆယ်လုံးတခါထဲပေါက်ကွဲသလားဟု ထင်လိုက်မိသည်။သူမှာဝင်းအသံကြောင့်ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်သည်။ အသံမှာပျောက်သွားပေမဲ့ လျှပ်စီးများကတော့ မပျောက်သေးပါ။ ထိုအချိန်တွင် လေရောမိုးပါရွာချလိုက်သေးသည်။

"ဝေါ•••ဝေါ" နှင့်။ လေနှင့်အတူမိုးများပါ ပါလာသည်။ ပတ်ဝန်းကျင်တစ်ခုလုံး မဲမှောင်၍နေလေသည်။သူရောက်နေသော

www.burmeseclassic.com



နေရာကလည်း ပင်လယ်ထဲမှာ။ အနီးဆုံးကျွန်းနဲ့ကလည်း တစ်မိုင်လောက်ဝေးသည်။သူရောက်နေသောနေရာက စန္ဒား ခေါ် ပင်လယ်ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ရသော နေရာတစ်ခုပါ။

တံငါလုပ်ငန်းများ၏ အခေါ်ကတော့ စန္ဒားဟုခေါ်သည်။ တကယ်တော့ စန္ဒားဆိုတာ ငါးဖမ်းခြင်းလုပ်ငန်းတစ်ခုပါ။ပင့်လယ်ထဲမှာ ဝါးလုံးတိုင်များကိုစင်ထိုးပြီး စင်ပေါ်မှာတဲတစ်လုံးသာရှိသည်။ ငှင်တဲမှာက လူတစ်ယောက်နှစ်ယောက်သာနေလို့ရသည်။ဒါကလည်း အစောင့်သဘောမျိုးနေရသည် မဟုတ်ပါလား။

ယခုလည်း ငှင်စန္ဒား ခေါ် တဲလေးမှာ လူတစ်ယောက်ရှိနေသည်။သူသည် မိုးထဲလေထဲမှာ မုန်တိုင်းနှင့်အတူ အသက်ကိုပမာနမထားမဲ ပစ္စည်းများမပျောက်ပျက်အောင်နဲ့ မပျက်စီးအောင်ကာကွယ်နေရသည်။ သူမှာမုန်တိုင်းကိုလည်း ဂရုမထားပါ။ မိုးကြိုးပစ်မှာကိုလည်း မကြောက်နိုင်တော့ပဲ ပစ္စည်းများကိုသာ ဂရုတစိုက်လိုက်သိမ်းနေရသည်။

ထို့အပြင် နေလှမ်းပြီးသား ငါးပုစွန်များကိုလည်း ရေမစိုအောင်လိုက်ပြီး ဖုံးဖိနေရသည်။ဒီနေ့မှ မောင်ထွေးကလည်း ကျွန်းပေါ်တက်သွားသည်။ မနက်ဖြန်နံနက်စောစောမှ ပြန်လာမည်ဟုပြောခဲ့သည်။ ကံဆိုးချင်တော့ ဒီနေ့ညမှာပဲ မုန်တိုင်းကထင်မထား





ပဲ တိုက်ခိုက်လာခဲ့သည်။

သူ့မှာနာမည်နဲ့လိုက်အောင် သောကဟူသော နာမည်ကြောင့်လား မသိပါ။သောကတွေများကာ ဂရုစိုက်နေရသည်။ ထိုအခါ မုန်တိုင်းကမစဲသေးပါ။ မိုးကလည်း ပိုပြီးကြီးလာသည်။ ဒါပေမဲ့ လေတော့မတိုက်တော့ပါ။ အဲ…လေမတိုက်ပေမဲ့ မိုးကတော့မစဲသေးပါ။

"ဝုန်း…ဝုန်း…ဝုန်း"

တဲရဲ့အောက်ခြေမှ ရေလှိုင်းများလာတိုက်သောအသံက ပိုပြီးကျယ်လာသလားလို့ ထင်ရသည်။ မုန်တိုင်းလာထားတယ်ဆိုတော့ လှိုင်းကကြီးလာနိုင်သည်။ လှိုင်းကြီးလာလျှင် ရေထဲ၌ချထားသော ပိုက်များပျက်စီးမှာစိုးရသည်။ ဒါကြောင့် သောက ပိုက်တင်တဲ့ကြိုးရစ်ဘီးကို တစ်ယောက်ထည်း လှည့်နေသည်။ တစ်ယောက်တည်းအားဆိုတော့ သိပ်ပြီးခရီးမရောက်ပါ။ ဒါပေမဲ့ ဖြည်းဖြည်းချင်းတော့ ရလာသည်။ ထိုအခါ မိုးကတော့နည်းနည်းစဲသွားသည်။ ဒါပေမဲ့ မိုးကစဲသော်လည်း လှိုင်းကကြီးလာမှာ သေချာသည်။ မုန်တိုင်းတိုက်ခိုက်ထား၍ လှိုင်းကတော့ရှိနေအုံးမည် မဟုတ်ပါလား။

သောကတစ်ယောက်တည်း ပိုက်တင်တဲ့ရစ်ဘီးကို လှည့်ကာပိုက်များဆွဲတင်နေသည်။ သောကစိတ်ထဲမှာ တစ်မျိုးဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပိုက်တင်တဲ့ရစ်ဘီးကို လှည့်ရာမှာအရင်ကလို အားသိပ်မစိုက်ရပါ။ ပေါ့ပေါ့ပါးပါးနဲ့ ပိုက်တင်ဘီးမှာလည်နေသည်။

သောကစိတ်ထဲမှာ တစ်မျိုးဖြစ်လာသည်။ ပိုက်တွေများလိုင်းကြောင့်ပြတ်ထွက်သွားတာလားဟု အောက်ဘက်သို့ ချောင်းကြည့်လိုက်သည်။ ချောင်းကြည့်တဲ့နေရာမှာလည်း ဆလိုက်ဓါတ်မီးဖြင့် ထိုးကြည့်လိုက်သည်။ ပိုက်များတွင်ချည်ထားသော ကြိုးများမှာလည်း မပြတ်ပါ။ အားလုံးအခြေအနေကောင်းသည်။

ထိုအခါ ပိုက်ဆွဲတင်သော ရစ်ဘီးကိုကြည့်လိုက်သောအခါ တဖြည်းဖြည်းချင်း လည်နေတာတွေ့လိုက်ရသည်။

“ဟင်”...

သောကရစ်ဘီးကို ကြည့်လိုက်သောအခါ အံ့သြသွားသည်။ ရစ်ဘီးနားတွင် ဘယ်သူမှလည်းမရှိဘဲ အလိုလိုလည်နေတာတွေ့ရ၍အံ့သြသွားလေသည်။ ရေအောက်မှ ပိုက်မှာလည်းတဖြည်းဖြည်းချင်းပေါ်လာသည်။ ရေပေါ်သို့ ရောက်ခါနီးလာသည်။ သောကမှာ “ဟင်”ကလွဲပြီး ဘာမှမပြောနိုင်ပါ။ ဒီအချိန်မှာ စန္ဒားမှာက သူတစ်ယောက်တည်းမဟုတ်ပါလား။

သူ့အနေနဲ့ကလည်း မအံ့သြပဲလည်း မနေနိုင်ပါ။ သူ့ကိုတယ်သူများလာကူနေသလဲဆိုတာလည်း သူကိုယ်တိုင်ကလည်း သိချင်





နေသည်။ ဘယ်သူ့ကိုတယ်လိုခေါ်ပြီးဘယ်လိုကျေးဇူးတင်ရမလဲဆိုတာ မပြောပြတတ်တော့ပါ။

ဒီနေ့လိုအဖြစ်အပျက်မျိုး သူ့မှာဒါပထမဦးဆုံး အချိန်ဖြစ်သည်။သူ့အနေနဲ့ ပင်လယ်ထဲမှာ နေလာခဲ့တာကြာခဲ့ပါပြီ။ ဒီစန္ဒားကိုရောက်တာလည်း တစ်လပဲရှိသေးသည်။ ကျန်တာက ကျွန်းပေါ်မှာသာ့အနေများသည်။

ဒီစန္ဒားကို သူ့ရဲ့သူဌေးက သူ့ကိုယုံကြည်စိတ်ချလို့ မောင်ထူးနဲ့နှစ်ယောက်အစောင့်ထားထားသည်။ အရင်လူတွေတုန်းက ပိုက်များနှင့် တခြားရေလုပ်ငန်းသုံးပစ္စည်း တစ်မျိုးပြီးတစ်မျိုးပျောက်တာများသည်။ တကယ်တော့ အရင်လူတွေက ငွေပစ္စည်းများကို ခိုးရောင်းစားတာလို့ သူဌေးက သိပေမဲ့ သူ့မှာကလူယုံမရှိတော့ ဒီအတိုင်းထားခဲ့တာကြာလှပြီ။

ယခုတော့ သောကကိုစန္ဒားပိုင်ကာ ဦးစီးခိုင်းရသည်။ သူ့ကိုသူယုံအဖြစ်နဲ့ ဒီစန္ဒားမှာနေစေခဲ့သည်။ သောကလည်း သူဌေးယုံကြည်ရသလိုနေပေးတော့ သူ့မှာကဘာမှပြဿနာမရှိပါ။ ဒါပေမဲ့ သူ့ကိုတော့ လူတစ်စုကမကျေနပ်ပါ။ ဒါတွေသိပေမဲ့ သောကမသိသလိုနေခဲ့ရသည်။

သူတွေနေစဉ်မှာပဲ လေရောမိုးပါစဲသွားသည်။ အားပုံမှန်ပြန်ဖြစ်သွား၍ သောကဝမ်းသာနေပါသည်။ ရေအောက်မှပိုက်မှာလည်း



www.burmeseclassic.com

www.burmeseclassic.com



ဘာဆိုဘာမှမပျက်စီးတဲ့အတွက် ဝမ်းသာနေမိသည်။ တော်သေးသည်။ သောကဝမ်းသာသွားသည်။ မိုးလေစဲသွား၍ ဝမ်းသာနေတဲ့အချိန်မှာ ခုနကအံ့ဩခဲ့ရသော အဖြစ်ကိုပြန်ပြီးသတိရမိသည်။

ထိုအခါ ရစ်တီးနားသို့ တဖြည်းဖြည်းချင်းတိုးသွားပြီး ရစ်တီးကို ကြည့်လိုက်သည်။ ရစ်တီးမှာတော့ ဘာမှမရှိပါ။ ဘာကြောင့်အလိုလို လှည့်နေရတာလဲဆိုတာတော့ မအံ့ဩဘဲမနေနိုင်ပါ။

ဒီအကြောင်းကို မောင်ထူးလာလို့ ပြောပြရင်ယုံပါ့မလား။ ဒီ ကိုလည်းဘယ်လိုနားလည်ရမလဲ။ ရေအောက်မှ ပိုက်မှာလည်း ရေ ပေါ်သို့ရောက်နေပြီ။ တကယ်တော့ ငှင်းပိုက်ကို လေနဲ့မိုးနဲ့တိုက်နေတဲ့ အချိန်မှာတစ်ယောက်တည်း ဘယ်လိုမှတင်လို့မဖြစ်နိုင်ပါ။ ဘာကြောင့် လည်းဆိုတော့ လှိုင်းလေတွေကြားမှာ ပိုက်တင်ဖို့ဆိုတာ လွယ်တဲ့ ကိစ္စမဟုတ်ပါ။

ယခုတော့ သောကပိုက်များ ဘာမှမပျက်စီးဘဲရှိနေတာကို ပဲ ဝမ်းသာနေမိသည်။ လှိုင်းလေငြိမ်သွားတဲ့နောက် ပုံမှန်ဖြစ်နေ၍ ပစ္စည်းများကိုလိုက်စစ်ဆေးနေမိသည်။

သောက မမောနိုင်တော့ပါ။ သူ့ရဲ့စနွေး ဘာမှမပျက်စီးတာ ကိုပဲ ကျေနပ်နေမိတော့သည်။





## မုန်တိုင်းစဲသောနံနက်

ညကတိုက်ခိုက်ခဲ့သော လေနဲ့မိုးကယခုတော့ ဘာမှမသိသ လိုပဲလား။ သောကကတော့ အိပ်လို့ကောင်းနေတုန်း ဖြစ်သည်။ ညကမိုးနဲ့လေကြောင့် မနက်အာရုံတက်မှ အိပ်ခဲ့ရသည်။ မိုးလင်းလို့ နေထွက်တာတောင် မနိုးသေးပါ။ ထိုအခါ···

"သောကရေ···သောက···မောင်ကြီးရေ မောင်ကြီး"

"ဝေး···သောက"

စနွေးနားသို့ လှေတစ်စီးကပ်လာသည်။ စနွေးနားသို့ရောက် လာရောက်ခင်တွင် လူငယ်လေးတစ်ယောက်က အော်ခေါ်နေသည်။ ထိုကပ်လာသော လှေငယ်လေးကလှောင်းလှေငယ်လေးဖြစ်သည်။ ရှိလှောင်းလှေထဲတွင် ရေ ဉ်ရေထည့်ထားသောရေမှုတ်လုံး ထမင်း



www.burmeseclassic.com

www.burmeseclassic.com



အိုးကတစ်လုံးနှင့် ဟင်းချိုတစ်ခုပါလာသည်။ ပြီးတော့ ရေလုပ်ငန်းသုံး ဖေ့ါတံ။ ပြီးတော့ ငါးထည့်ဖို့အတွက် ခြင်းတောင်းများလည်းပါလာသည်။

ငှင်းပစ္စည်းများပါလာ၍ ငှင်းလူငယ်လေးက လာကူသယ်ဖို့ အတွက် သောကခေါ်မောင်ကြီးဆိုသော လူငယ်လေးကို ရှော်ခေါ် နေခြင်းဖြစ်သည်။

ထိုအခါ သောကတစ်ယောက် အိပ်မက်ရနေသည်။ အိပ်မက်ထဲ၌ အော်ခေါ်နေသောအသံလိုလိုကြားလိုက်၍ လန့်ပြီးနိုး လာသည်။ နိုးနိုးချင်းပဲ တဲတွင်းမှထွက်လာခဲ့သည်။ ထိုအခါ လှေ ကလေးက စန္ဒားနားသို့ကပ်နေပြီ။

သောကလည်း လှောင်းလှေပေါ်က အော်ခေါ်နေသောသူမှာ မောင်ထွန်းဖြစ်နေတာတွေ့ရသည်။ ထိုအခါ···

"ဟာ မောင်ထွန်း စောသားပဲ···"

"အေး ဟုတ်တယ်···ညက မုန်တိုင်းကြောင့် စိတ်မချလို့ စောစောထွက်လာခဲ့တာပဲ···ဘယ်လိုအခြေအနေရှိလဲ··· အားလုံးကောင်းပါတယ်···ဘာမှ မပျက်စီးဘူးမဟုတ်လား···"

"အေး ဟုတ်တယ်···ဘာမှမပျက်စီးပါဘူး···ရော့ လှေပေါ် ပါတာ ကူသယ်ပေးပါအုံး။"

ထို့နောက် သောကလည်း မောင်ထွန်းသယ်လာသော ပစ္စည်း





များစန္ဒားပေါ်သို့ တင်လေတော့သည်။ ပစ္စည်းများအားလုံး စန္ဒားပေါ် သို့ရောက်ပြီး မကြာခင်မှာပဲ လှေတစ်စီးရောက်လာသည်။ ငှင်းလှေ တစ်စီးက သူတို့ စန္ဒားနားသို့ရောက်လာခဲ့ပြီး သူတို့ဆီမှ ငါးများကို လာယူသည်။ ငှင်းလှေက သူဌေးလွှတ်လိုက်သော လှေဖြစ်သည်။

"ဟေး···မောင်ကြီး"

မောင်ကြီးခေါ်တာ···ငှင်းလှေမှ လူတစ်ဦးဖြစ်သည်။ မောင်ကြီး ဆိုတာ သောက နာမည်အရင်းဖြစ်သည်။ သူ့ကို မြို့ကရောတ မောင်ကြီး လို့သာ သိထားကြသည်။ ဒီစန္ဒားနှင့် ကျားပါးစပ်လုပ်ငန်း လုပ်ကိုင်သော ကျွန်းမှသူများကတော့ သောကလို့သာ သိသည်။ သူ့အကြောင်းမေးစမ်း၍သူမှာ သောကများစွာဖြင့် သူဌေးဆီကို ရောက်လာသောကြောင့် သူ့ကို ကျွန်းမှလူများက မောင်ကြီး နာမည်ပျောက်ပြီး သောကဟူသော နာမည်သာ တွင်နေတော့သည်။

ယခုလည်း လှေပေါ်မှ တိုးမောင်က မောင်ကြီးလို့ အော် ခေါ်နေသည်။

"ဟေး မောင်ကြီး···မောင်ကြီးရေ"

ထိုအခါ မောင်ကြီးလဲ တဲထဲမှ ထွက်လာခဲ့သည်။

"ဟာကွာ··မင်းနာမည်ကိုခေါ်ရတာ ငါတော့ ဖင်တုံ့လာပြီ"

"ဘာဖြစ်လို့လဲကွ···ငါ့နာမည်က ဖင်တုံ့စရာ ကောင်း နေလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဖင်တုံတာရော…ရင်တုံစရာရော ကောင်းနေပြီကွ"

တိုးမောင်တစ်ယောက် ပါးစပ်မှပြောလည်းပြော၊ လက်နှင့် ရင်ကိုပါဖိကာ ပြောနေသည်။

"မင်းပဲ စဉ်းစားကြည့်ကွ…မောင်ကြီးရေ…မောင်ကြီးရေ ဆိုတာ တကယ်တော့ မိန်းကလေးတွေခေါ်တာလေ…အခုတော့ ငါ တို့ယောက်ျားလေးတွေက ခေါ်နေရတယ်ဆိုတော့ ဖင်တုံတာပေါ့"

မောင်ကြီးလည်း တိုးမောင်ပြောလိုက်သောစကားကြောင့် သူ့ နာမည်ကိုပြန်ပြီးစဉ်းစားလိုက်သည်။ တိုးမောင်ပြောတာလည်း ဟုတ် နေသည်။ သူ့အနေနဲ့ သေသေချာချာ မစဉ်းစားမိပါ။

"ဒါတွေ ထားပါတော့…တိုးမောင် သူဌေးက ဘာတွေမှာ လိုက်သေးလဲ"

"ဘာမှတော့ ထွေထွေထူးထူး မမှာပါဘူး…နေကောင်း အောင်နေပါတဲ့…သူဌေးက မင်းဖို့ မုန့်တွေနဲ့ ဆေးတွေပါထည့်ပေး လိုက်တယ်…ပြီးတော့ သူဌေးရဲ့သမီး ခတ္တာက စာပေးလိုက်တယ်"

"ဟင်…ဘယ်လို ဟုတ်ရဲ့လား"

တိုးမောင်နဲ့မောင်ကြီးတို့တဲအတွင်း၌ထိုင်ကာ စကားများ ပြောနေသောအချိန်တွင် တိုးမောင်နှင့်အတူပါလာသော လူငယ်လေး ယောက်က စန္နားပေါ်ရှိ ငါးများကိုသယ်ချနေကြသည်။ စန္နားသို့တစ်





တစ်ခေါက်ငါးများလာသယ်ကြသည်။ လာတိုင်းလည်း တစ်ပတ် စာရိက္ခာများ သယ်လာပေးရသည် အဓိကတော့ ရေချိုပါပဲ။

ယခုလည်း ရိက္ခာများချပြီး ငါးများသယ်ယူသယ်ချနေချိန်တွင် တိုးမောင်က မောင်ကြီးကို မြို့ရဲ့အကြောင်းများကို ပြောပြနေသည်။ တကယ်တော့ မောင်ကြီးက မြို့ကိုတစ်လတစ်ခေါက်ပြန်ရန် ပြော ထားသည် ယခုသူရောက်နေတာလည်း တစ်လမပြည့်သေး၍ တိုးမောင်ကို ဘာမှမှာသေးပါ။

တကယ်တော့ မောင်ကြီးမြို့ကိုရောက်ခဲ့တာ ကြာခဲ့ပါပြီ။ သူဌေးဆီကိုရောက်တုန်းက သူတစ်ယောက်ထဲမဟုတ်ပါဘူး။ သူ့ရဲ့အဖေနဲ့အတူဖြစ်သည်။ သူဌေးဆီကိုရောက်လာရတဲ့အကြောင်း ဆိုတော့ စဉ်းစားမိသည်။ ဒါပေမယ့် ယခုတော့တိုးမောင်ကိုမြို့က အကြောင်းများ တစ်ခုပြီးတစ်ခုမေးမြန်းနေမိသည်။ တိုးမောင်ကလည်း သိပ်ပြောချင်နေတဲ့သူပါ။ မြို့မှာတုန်းကလည်း တိုးမောင်နှင့်မောင်ကြီးက အမြဲတွဲခဲ့ကြတဲ့သူတွေဆိုတော့ အရမ်းခင်ခဲ့ကြသည်။ သူဌေးရဲ့ငါးပိ ငါးခြောက်ပွဲရုံမှာက သူတို့အမြဲတွဲခဲ့ကြတဲ့သူတွေမဟုတ်ပါလား။ အလုပ်လည်းအတူပဲလုပ်ရသည်။

"ဟေ့ကောင် မောင်ကြီး"

"ဘာလဲ ခတ္တာမောင်ဆီမှ စားရလို့တွေးနေတယ် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးကွ ငါ့ရဲ့အကြောင်းတွေတွေးနေတာပါ"

"ဘာလဲ ခတ္တာမောင်နဲ့ ဘယ်လိုစပြီးခင်ခဲ့ကြသလဲဆိုတာလား"

"မဟုတ်ပါဘူးကွ‥ငါ့အနေနဲ့က ခတ္တာမောင်ကို ညီမလေးလိုချစ်တာပါ‥ ‥သူဌေးရဲ့သမီးဆိုတော့လည်း ငါ့ရဲ့ ညီမပေါ့ပြီးတော့ သူဌေးကလည်း ငါ့အပေါ်မှာအရမ်းကောင်းခဲ့တဲ့သူလေ ငါ ဘယ်တော့မှ ကျေးဇူးမကန်းပါဘူးကွ"

ထိုအခါ တိုးမောင်ပြောလိုက်သောစကားက ဘယ်လိုအဓိပ္ပါယ်သက်ရောက်သွားလို့ မောင်ကြီးကဘယ်လိုမြင်ပြီး ပြောလိုက်ပါလိမ့်မဟု တိုးမောင်စဉ်းစားမိသည်။

"ဟာ မောင်ကြီးရာ ငါကဒီသဘောနဲ့ပြောတာမဟုတ်ပါဘူး မင်းရဲ့အကြောင်းလည်း ငါသိသားပဲ မင်းမှာကမိဘခွေမျိုးရှိတာမှမဟုတ်တာ မင်းတောင်မှ မင်းမိဘသေခဲ့ပြီးနောက်ပိုင်းအချိန်ကစပြီး ငါတို့တွေခင်ခဲ့ကြတာပါ‥ကဲကဲ ဒီအကြောင်းတွေမပြောကြနဲ့တော့"

"ကိုတိုးမောင်‥‥ကိုတိုးမောင် ငါးတွေအားလုံးသယ်ပြီးပြီ နေမွန်းမတည့်ခင် ပြန်ကြရအောင်"

အလုပ်သမားများ စနွားပေါ်မှငါးများသယ်ချလို့ ပြီးသွားပြီဆိုတဲ့အကြောင်းအော်ပြောနေသည်။





လှေထဲမှာလည်း ငါးများအမျိုးစုံလှသည်။ ငါးသေးများကခြင်းတောင်းများဖြင့်၎င်း ပုခွန်များနှင့်ငါးကြီးများပါ သူ့ခြင်းနှင့်သူခွဲကာထည့်ထားသည်။၎င်းလှေသည် စနွားမှဖမ်းယူရရှိထားသော ငါးပုခွန်များကိုကျွန်းကိုကယ်ရီသယ်ကာ ကျွန်းပေါ်တွင်အမျိုးအစားများခွဲကာ နေလှန်းကြသည်။ တချို့ငါးသေး ပုခွန်သေးများကို ငါးပိများလုပ်ကာ ထည်စတာစ်ပုံးများဖြင့် သယ်ထားကြသည်။

ငါးပုခွန်များပြည့်သွားရင် မြို့သို့တင်ပို့ကြသည်။ တချို့ မြို့မှလူများကလည်း ကျွန်းတွေကိုပတ်ကာ လိုက်ဝယ်ကြသူများလည်းရှိသည်။

မောင်ကြီးတို့ကျားပါးစပ်လုပ်ငန်းကတော့ ကိုယ်ပိုင်လုပ်ငန်းဖြစ်၍မိမိတို့ရရှိသော ငါးပုခွန်များကို မြို့ရှိပွဲရုံသို့တိုက်ရိုက်ပို့လေသည်။

မောင်ကြီးတို့ရဲ့ ကျားပါးစပ်လုပ်ငန်းကို ထားဝယ်မြို့ရှိ ဘမ်းနားလမ်းတွင် ပွဲရုံထောင်ထားသည်။ သူဌေးကြီးဦးစီမောင်က ပိုင်ဆိုင်လေသည်။ ဦးစီမောင်သည် ကျားပါးစပ်လုပ်ငန်းနှင့် စနွားသုံးလေး ခုပိုင်ဆိုင်လေသည်။

တပါတ်တခါ ၎င်းကျားပါးစပ်ရှိ ငါးပုခွန်များကို လိုက်သိမ်းကြသည်။ထိုကျားပါးစပ်လုပ်ငန်းများထဲတွင် မောင်ကြီးဦးစီးသော ကျားပါးစပ်ကနာမည်ပိုကြီးသည်။ ဘာကြောင့်လည်းဆိုတော့မောင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကျားပါးစပ်မှငါးဝိငါးခြောက်များက တခြားကျားပါးစပ်မှထွက်သော
ငါးပိများထက်နှစ်ဆပိုပိုရလေသည်။

သူဌေးဦးစီမောင်သည် မောင်ကြီးကိုပိုပြီးအားကိုးလေသည်
ပိုပြီးလည်းအရေးပေးလေသည်။ ဒါပေမဲ့မောင်ကြီးကအခွင့်အရေး မယူ
တတ်ပါ။ ဒါကြောင့်လည်း သူဌေးကပိုပြီးချစ်သည်။ သူကိုလည်းရသည့်
ရဆိုက်သော ဘောက်ဆူးများကိုလည်း မောင်ကြီးကမယူမှန်းသိ၍
ဘဏ်၌သူ့နာမည်ဖြင့် ထည့်ပေးထားလေသည်။

ယခုလည်း မောင်ကြီးစနွားမှ ငါးများကိုကျားပါးစပ်ရိုးရာ ကျွ
ပေါ်သို့သယ်ရန် လှေလေးစထွက်တော့မည်ဖြစ်သည်။ ကိုတိုးမောင်က
လှေပေါ်သို့စနွားပေါ်မှ လှမ်းတက်လိုက်သည်။ သူ့ရဲ့ဂါးလှေတစ်ခုလုံး
မောင်ကြီးစနွားမှငါးများဖြင့်ပြည့်နေတော့သည်။ တခြားစနွားကိုသွားစို့
ဆိုတာမရှိတော့ပါ။ ဒါကြောင့် ကိုတိုးမောင်က···

"ဟေး··· အီစွတ် လှေကိုကျွန်းဖက်ပြန်တော့···စနွားကို
နောက်တစ်ခေါက်ထွက်မှဖြစ်မယ်"

"ဟုတ်ကဲ့···ကိုတိုးမောင်"

ထိုအခါ ကိုတိုးမောင်က···

"မောင်ကြီး ငါတို့ပြန်အုံးမယ် နောက်တစ်ပါတ်မှတွေ့ကြမယ်
ကွာ"





"အေး···အေး"

ကိုတိုးမောင်တို့ဂါးလှေလေး ပြန်လည်ထွက်ခွာသွားပြီးနောက်
မောင်ကြီးနှင့်ထူးမောင် စနွားပေါ်ကျန်ရှိခဲ့သော အလုပ်များကိုခင်းကျင်း
လှည်းနေကြသည်။ မောင်ကြီးတို့စနွားကို ငါးများဖမ်းရန်ပြန်ရအုံးမည်
မဟုတ်ပါလား။ အခုအချိန်မှာ ရေကျဖြစ်၍ကြိုတင်ပြင်ဆင်မှုများ ပြု
လုပ်ထားရမည်ဖြစ်သည်။

စနွားကိုပင်လယ်ပြင်တွင် တည်ဆောက်ထား၍ ပို၍ဂရုစိုက်
ရမည်ဖြစ်သည်။ စနွားအောက်ရှိပိုက်ထဲသို့ ငါးများဝင်ရန်ဝါးလုံးတိုင်များ
ကိုအဝကျယ်ပြီးအဖျားရှူးအောင် ကျားပါးစပ်လိုပြုလုပ်ထားရသည်။
အဝ ကျယ်မှငါးပုစွန်များ ဝင်လာပြီးငါးများအားလုံး အဖျားသို့ရောက်လျှင်
အားလုံးပိုက်ကွန်ထဲသို့ ရောက်မည်ဖြစ်သည်။ ၎င်းငါးများပုစွန်များသည်
ပြန်ထွက်ဖို့မဖြစ်နိုင်တော့ပါ။

ငါးပုစွန်များ များများဝင်နိုင်ထွက်နိုင်ရန် ဝါးလုံးတိုင်များကို
ပိုပြီးဂရုတစိုက်ထိုးစိုက်ရသည်။ ရေတက်လာချိန်တွင် လှိုင်းလေတွေ
ကြောင့်ဝါးလုံးတိုင်များခါယမ်းလိုက်လျှင် ငါးအုပ်ပုစွန်အုပ်များ ကျားပါးစပ်
ထဲသို့ဝင်ရောက်ပြီးလျှင် ပြန်မထွက်နိုင်တော့ပါ။

မောင်ကြီးရဲ့ဂရုတစိုက်နဲ့ ကျွမ်းကျွမ်းကျင်ကျင်လုပ်ဆောင်မှု
ကြောင့်ရင်း မောင်ကြီးရဲ့ကံကြောင့်လားတော့ မသိပါ။ သူ့စနွားမှာ



www.burmeseclassic.com

www.burmeseclassic.com



ငါးပုဇွန်များ သူများတွေစနွားမှာထက် ပိုပြီးရလေသည်။ ဒါကိုတခြား စနွားပိုင်ရှင်များက မောင်ကြီးကိုသိပ်ပြီးမနာလိုဖြစ်နေကြသည်။

ဒါပေမဲ့ မောင်ကြီးကတော့ ဒါတွေကိုဂရုမစိုက်ပါ။ သူလုပ်ဆောင်စရာကိစ္စများကို သူက တစိုက်မတ်မတ်လုပ်ဆောင်သွားသည်။

ယခုသူသည်ငါးလုံးတိုင်များ ကျွတ်မကျွတ်စစ်ဆေးနေသည်။ ပြီးနောက်မခိုင်သောငါးလုံးများကို ကြည့်ရှုပြီးတိုးနိုက်နေသည်။ ပြီးနောက် ပိုက်များပေါက်ပြဲနေသလား၊ ချည်နှောင်ထားသောကြိုးများ ခိုင်ခံ့မှုရှိရဲ့လားဆိုတာ စစ်ဆေးနေသည်။

ထိုအချိန်တွင် စနွားတဲ၏အောက်ပိုက်ကွန်များချန်ထားသောနေရာသို့ရောက်လာသည်။ ထိုအခါ ပိုက်ကွန်ထဲတွင်ထူးဆန်းသောငါးတစ်ကောင်မိနေတာတွေ့လိုက်ရသည်။ ဒါနဲ့မောင်ကြီးလည်း ပိုက်ကွန်နားသို့ရောက်လာပြီး ပိုက်ကွန်ကိုဆွဲတင်ပြီးကြည့်လိုက်သောအခါ မောင်ကြီးတွေ့လိုက်သော ထူးဆန်းသောငါးမရှိတော့ပါ။

မောင်ကြီးအံ့သြနေသည်။ ငါကိုယ်တိုင်သေသေချာချာတွေ့လိုက်ပါလျက် ဘယ်ရောက်သွားပါလိမ့်။ သူ့အနေနဲ့အမှတ်တမဲ့တွေ့လိုက်ရတယ်ဆိုတော့ သတိသိပ်ပြီးမထားတော့ပါ။

ဒါပေမဲ့ မောင်ကြီးသိပ်ကျေနပ်ချင်ပုံမရပါ။ စနွား၏ပတ်ပတ်လည်သို့ လိုက်ရှာနေမိသည်။ မတွေ့ပါ။ ဘယ်တွေ့ပါ့မလဲ။ ၎င်းငါးက





သူ၏လှေအောက်သို့ ရောက်နေသည်။ ထူးဆန်းသောငါးလေးက သူ ၏လှေနားမှမခွာပါ။ သူ့ကိုမြင်သွားမှာစိုးရိမ်နေသည်။

ထိုအခါမောင်ကြီးလည်း ငါးလေးကိုမတွေ့ရတော့တူးဟု ဆုံးဖြတ်ချက်ချပြီးနောက် လှေလေးကိုစနွား၏အောက်မှ လှော်ကာထွက်လာခဲ့သည်။ ထို့နောက်စနွားတဲပေါ်သို့တက်သော ဒေါးလှေကားမှ စနွားပေါ်သို့တက်ခဲ့တော့သည်။ ထိုအခါမောင်ထူးက…

"အကိုမောင်ကြီး အားလုံးပြီးသွားပြီလား…"

"အေး…ငါ့ကိစ္စတော့ပြီးသွားပြီ"

မောင်ကြီးလည်း အေးဟုတစ်လုံးသာပြောပြီး တဲထဲသို့ဝင်သွားသည်။ မောင်ထူးတစ်ယောက်က မောင်ကြီးမျက်နှာမကောင်းဖြစ်နေတာတွေ့လိုက်ရ၍ နောက်မှလိုက်လာပြီး…

"မောင်ကြီး ဘာဖြစ်နေတာလဲ… မျက်နှာလည်း မကောင်းပါလား…ဘာဖြစ်ခဲ့လို့လဲ"

ထိုအခါ မောင်ကြီးလည်းစိတ်ထဲမှာ မျိုသိပ်မထားနိုင်တော့၍သူတွေ့ခဲ့ရသော ထူးဆန်းသောငါးလေးကို လိုက်ရှာတာမရခဲ့၍ စိတ်ထဲမတင်မကျဖြစ်ခဲ့ရတဲ့အကြောင်း ပြောပြလိုက်သည်။ နောက်ပြီးပိုက်ကွန်ထဲမှာ သေသေချာချာဖမ်းမိထားလျက်နှင့် ဘယ်လိုပျောက်သွားသလဲဆိုတာကို မကျေမနပ်ဖြစ်ခဲ့တယ်ဆိုတဲ့အကြောင်း ပြောပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် မောင်ထူးတစ်ယောက် မောင်ကြီးဘာကြောင့် မျက်နှာမကောင်းသလဲဆိုတာ သိလိုက်ရ၍ အားပေးစကားပြောလိုက်သည်။

"အစ်ကို မောင်ကြီးရေ…ဒီတစ်ခါမတွေ့ရင် နောက်တစ်ခါတွေ့ရမှာပေါ့…ဒီငါးဒီနားတစ်ဝိုက်မှာပဲရှိမှာပါ…တစ်နေ့တော့ ကျွန်တော်တို့ပိုက်ကွန်မှာ မိမှာပါ"

ဟုပြောပြီး မောင်ထူးလည်း ထမင်းစားရန် ပြင်ဆင်လေတော့သည်။ သူတို့နှစ်ဦး စန္နားပေါ်မှာသာနေပြီး အိပ်လိုက်စားလိုက်နှင့် ငါးများကိုဖမ်းလိုက် ပြီးတော့နေလှမ်းလိုက် လုပ်နေရသည်။

မနက်ဖြန်ဆိုရင်ရေထရက်(ရေတက်ရက်)ဖြစ်၍ ငါးများကို သူတို့စောင့်ကြည့်ရမည်ဖြစ်သည်။ ရေတက်နှင့်အတူငါးအုပ်များ ပါလာတတ်သည်။ ထိုအခါငါးများသည် ဝါးလုံးတိုင်အတွင်းဝင်လာလျှင် ပြန်ထွက်ဖို့ဆိုတာ မဖြစ်နိုင်တော့ပါ။ တခါတခါ ငါးနပ်များဝင်လာလျှင် ပိုက်ကွန်တစ်ခုလုံး ပြည့်လုနီးပါးဖြစ်သည်။

မောင်ကြီးရဲ့စန္နားကလည်း တခြားစန္နားများထက် ငါးများများ ရလေသည်။ ယခုလည်း မောင်ကြီးနဲ့မောင်ထူးတို့ မနက်ဖြန်အတွက် လုပ်ဆောင်ရမည့်လုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေကြသည်။





ထိုသို့လုပ်ဆောင်နေရင်း မောင်ထူးက…

"အကိုမောင်ကြီး နောက်တစ်ပတ်မှာ မြို့ကိုသွားမလား သွားချင်သွားလေ…စန္နားမှာကျွန်တော်စောင့်နေပေးပါ့မယ်…အေး …ဦးစားလိုက်အုံးမယ်…စိတ်ထဲမှာတော့မသွားချင်သေးဘူး ဘာကြောင့်လည်းဆိုတာ ငါလည်းမသိဘူး"

"အေးလေ…အကို သွားချင်တဲ့ရက်သွားပါ…ကျွန်တော် ကတော့ အဆင်သင့်ပဲ"

"အေးပါကွ…ကျေးဇူးတင်ပါတယ်…ဒါပေမဲ့ ဒီရေသေရက် (ရေကျရက်)ကျမှပဲငါသွားမယ်…"

သူတို့နှစ်ဦးလုပ်ဆောင်စရာများလုပ်ပြီး၍ အနားယူနေကြသည်။ မောင်ထူးကတော့ စန္နားရဲ့အနောက်ဖက်၌ ပိုက်တွေနဲ့အလုပ် လုပ်နေသည်။ ပိုက်များကိုဖာနေသည်။ အမှိုက်များကိုဖယ်ရှားနေသည်။ ထိုအခါမောင်ကြီးကတဲအတွင်း၌ ခဏဝင်အိပ်နေလိုက်သည်။

○



www.burmeseclassic.com

www.burmeseclassic.com



## လူမျက်နှာနှင့်ငါး

"မောင်ကြီး···မောင်ကြီးရေ···"

အော်ခေါ်သံတစ်ခု အနီးနားမှဖြစ်၍ ၎င်းအသံကြေ
မောင်ကြီးတစ်ယောက် လန့်နိုးလာသည်။ လန့်နိုးနိုးချင်း ပတ်ဝန်းကျ
မှာလိုက်ရှာနေသည်။ ဒါပေမဲ့မတွေ့ပါ။ စနွားရဲ့ပတ်ဝန်းကျင်မှာလာ
လှေပေါ်ကလားလို့ရှာသည်။ ဒါပေမဲ့ မတွေ့ပါ။

ဒုတိယအကြိမ် အော်သံထပ်ကြားလိုက်သည်။

"မောင်ကြီးရေ မောင်ကြီး"

ဒီတစ်ခါတော့ သူကြားလိုက်ရသောအသံမှာ မိန်းမအသံဖြ
သည်။ ဒါပေမဲ့ဒီစနွားနားမှာ မိန်းမဆိုတာဘယ်ကများလာမလဲ။ မဖြ
နိုင်ဘူး။ မိန်းမတစ်ဦးရဲ့အသံတော့ ဘယ်လိုမှမဖြစ်နိုင်ဘူး။ ဒါသရဲ့
လာခြောက်တာလားဟု စိတ်ထဲမှတွေးလိုက်မိသည်။ သူ ဒီစနွားနား
နေခဲ့တာကြာခဲ့ပါပြီ·· တစ်ခါမှ သရဲခြောက်တာမခံခဲ့ရပါ။





ဒီတစ်ခါတော့ ထူးဆန်းနေသည်။ ဒါကြောင့် မကျေမနပ်ဖြင့် ပတ်ဝန်းကျင်တစ်ခုလုံးလိုက်ရှာနေသည်။ ဒီအချိန်မှာ မောင်ထူးတစ်ယောက်လည်း ဘယ်ရောက်နေမှန်းမသိပါ။ ဒီတစ်ခါအသံဘယ်ကလာမယ်ဆိုတာ နားစွင့်လိုက်သည်။ သူနားစွံ့လိုက်မှ အသံမှာပျောက်သွားသည်။ သူတော်တော်နဲ့ဇွဲမလျှော့ပါ··· စောင့်ကြည့်နေလိုက်သေးသည်။ အချိန်တော်တော်ကြာတော့မှ ဘာအသံမှမကြားရတော့ပါ။ ဒါနဲ့သူလည်း ပြန်ပြီးအိပ်ရန် တဲထဲသို့ပြန်ဝင်ခဲ့လေသည်။

ခဏလေး မေးခန့်ပျော်သွားသည်။

"မောင်ကြီးရေ·· ,မောင်ကြီးရေ·· ညီမလေ မောင်ကြီးကို မမြင်ရရင်မနေနိုင်လို့ အပေါ်ကိုတက်လာခဲ့ရပြီ"

အသံသာကြားနေရသည် ကိုယ်လုံးကတော့ မတွေ့ရသေးပါ မောင်ကြီးလည်း ရမ်းသမ်းပြီး မေးလိုက်ရသည်။

"ဟင်···မင်းဘယ်သူလဲ··· ဘယ်ကလာတာလဲ"

"ညီမက ပင်လယ်ထဲကပါ"

"မောင်ကြီးတို့စနွားနားမှာပဲရှိပါတယ်···မောင်ကြီးကိုမြင်ချင်တွေ့ချင်လွန်းလို့ ဒီနားက ဘယ်မှမသွားပဲ နေနေတဲ့သူပါ"

"မင်းက ပင်လယ်ထဲမှာ ဘယ်လိုနေတာလဲ·· မင်းလူမှဟုတ်ရဲ့လား"

"ညီမက လူတော့မဟုတ်ပါဘူး··ညီမက ရေသတ္တဝါတစ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်ပါ…ပြီးတော့ မောင်ကြီးရှိတဲ့နေရာကို လိုက်လာတဲ့သူပါ ညီမက အရင်ဘဝတုန်းက မောင်ကြီးရဲ့ချစ်သူ တော်ခဲ့ဘူးပါတယ်။ ဒီဘဝမှာ ဘဝချင်းမတူပေမယ့် ညီမရှိတဲ့ပင်လယ်ထဲမှာ မောင်ကြီးက အလုပ်လာလုပ်တဲ့သူ ဖြစ်နေတယ်လေ…ဒါကလည်း ကံတရားက ပေါင်းစည်းဖို့ ခုံဆည်းပေးလိုက်တာလားလို့ ညီမထင်တယ်… မောင်ကြီးက ညီမကိုမသိပေမယ့် ညီမကတော့ မောင်ကြီးကို သိခဲ့တာ ကြာခဲ့ပါပြီ…နှစ်တွေလည်းကြာခဲ့ပြီ…ယခုတော့ ညီမရဲ့ ဆုတောင်း ပြည့်သွားပြီ… ညီမရှိတဲ့ဒီပင်လယ်ပြင်ကို မောင်ကြီး ရောက်လာလို့လေ…"

ထိုအခါ မောင်ကြီးတစ်ယောက် သူမပြောတာတွေကို အံ့သြပြီးမှင်သက်နေမိသည်။ ထိုအခါ သတိဝင်လာပြီး…

"မင်းမဖြစ်နိုင်တာတွေ လာပြောမနေနဲ့… မင်းကရေထဲမှာ နေတဲ့သူဆိုတော့ ဘယ်လိုမှလူမဖြစ်နိုင်ဘူး… မင်းက ရေသူမလား ဒါမှမဟုတ်ရေသူရဲလားပဲ…မင်းနဲ့ငါက ဘယ်လိုမှမဖြစ်နိုင်ဘူး"

"မောင်ကြီးရယ်…မောင်ကြီးကို ညီမလေ အများကြီးကူညီခဲ့တာပါ…အခုဆိုရင်မောင်ကြီးရဲ့စနွားက တစ်ခြားစနွားတွေထက် ငါးများများရအောင်လည်း ညီမပဲလုပ်ပေးခဲ့တာ…မောင်ကြီးအတွက် ညီမကတတ်နိုင်တဲ့ဘက်က ကူညီခဲ့သူပါ…ဒီတော့ မောင်ကြီးက ညီမကို စိမ်းကားတဲ့စကားတွေ မပြောပါနဲ့နော်"





မောင်ကြီးတစ်ယောက် သူမပြောတဲ့စကားများကို ကြားလိုက်ရပြီး သနားသွားသည်။ ပြီးနောက် သူမကို သေသေချာချာ ရှုစမ်းကြည့်လိုက်သောအခါ မျက်နှာလေးသာ သေသေချာချာမြင်ရပြီး အောက်ပိုင်းမှာတစ်ခုခုဖြင့် ကွယ်ထားသလိုဖြစ်နေသည်။ သူ့အိပ်နေသော နေရာနားမှာက သံသေတ္တာလေးတစ်လုံးနှင့် ရေချိုထည့်ထားသော ပုံးနှစ်လုံးရှိနေသည်။ သူမက ၎င်းရဲ့နောက်က ပြောနေတော့ တစ်ကိုယ်လုံးကို ထင်ထင်ရှားရှားမမြင်ရပါ။

ဒါနဲ့မောင်ကြီးလည်း အိပ်ယာထဲမှထထိုင်ပြီး သူမရှိရာနားသို့ သွားရန်ပြင်လိုက်သောအခါ သူမရဲ့မျက်နှာဟာ တစ်မျိုးပြောင်းသွားသည်။ ငါးတစ်ကောင်ရဲ့မျက်နှာမျိုးဖြစ်သွားတာ တွေ့လိုက်သည်။ ထိုအခါ မောင်ကြီးလည်း…

"ဟင်…ဟာ" ဖြင့်အံ့သြကာ အိပ်ယာမှ လန့်နိုးသွားလေတော့သည်။

○



www.burmeseclassic.com

www.burmeseclassic.com



## မောင်ကြီးနှင့်ထူးဆန်းသော မိန်းကလေး

မောင်ကြီးတစ်ယောက် ရင်းအိပ်မက်မျိုးကို နောက်တ
ခေါက်ထပ်မက်သေးသည်။ မက်တိုင်းလည်း သူမရဲ့မျက်နှာလေးတ
ငါးမျက်နှာလိုလို လူမျက်နှာလိုလိုဖြစ်သွားသည်။ ကြာလာတော့လည်
သူလည်းမကြောက်တော့ပါ။

နောက်ထပ်မက်တဲ့အခါ သူမနှင့်သူ စကားတွေအများကြ
ပြောဖြစ်ခဲ့ကြသည်။ ပို၍လည်းရင်းနှီးလာခဲ့သည်။ ရင်းနှီးမှုများလာတေ
သူအိပ်တော့မယ်ဆိုရင် သူမကိုသတိရလာမိသည်။ သူသတိရတို
လည်း အိပ်မက်ထဲမှာတွေ့တွေ့နေရသည်။

ဒီနေ့လည်း မနက်ခင်းလုံးအလုပ်များအားလုံးလုပ်ပြီးလို့ အန
ယူရန်တဲတဲသို့ဝင်လိုက်သည်။ ထိုအခါ မောင်ထူးက…

"အကိုမောင်ကြီး အကိုမောင်ကြီး…"





"ဟေ… ဘာလဲဟ"

မောင်ထူးရဲ့အလန့်တကြား အော်ခေါ်လိုက်သောအသံကြောင့်
မောင်ကြီးလည်းချက်ချင်းပြန်ထူးလိုက်သည်။ မောင်ထူးကစနွားရဲ့အ
နောက်ဖက်ရောက်နေသည်။ ပိုက်များပြုပြင်နေသောအချိန်တွင် ရေ
အောက်သို့ အမှတ်မထင်လှမ်းကြည့်လိုက်သောအခါ ရေပေါ်သို့ပေါ်လာ
သောငါးတစ်ကောင်ကိုအမှတ်မထင်တွေ့လိုက်ရသည်။

ပထမတော့မောင်ထူးလည်း မအံ့သြပါ။ နောက်တစ်ခေါက်
ပေါ်လာသောအခါ ငါးရဲ့မျက်နှာကို သေသေချာချာကြည့်လိုက်သော
အခါ လူမျက်နှာလိုလိုဖြစ်နေတာတွေ့လိုက်ရသည်။ နောက်ပိုင်းက
တည်း ငါးကပုပုဝဝလေးဖြစ်နေသည်။

ဒါနဲ့မောင်ထူးလည်း မောင်ကြီးကိုလှမ်းခေါ်လိုက်ခြင်းဖြစ်သည်။
မောင်ကြီးတစ်ယောက် ရောက်လာသောအခါ…

"မောင်ထူး…ဘာဖြစ်လို့လဲဟ"

"ဒီမှာလာကြည့်ပါအုံး…"

မောင်ကြီးလည်း မောင်ထူးလက်ညှိုးထိုးပြသောနေရာသို့
သာပြီးကြည့်လိုက်သည်။ ထိုအခါ မောင်ကြီးတစ်ယောက် မအံ့သြ
တော့ပါ။ ဘာကြောင့်လည်းဆိုတော့ သူ့ရဲ့အိပ်မက်ထဲတွင် အမြဲမြင်
တော်ခဲ့သော မျက်နှာမျိုးဖြစ်နေသည်။ ယခုတော့ငါးမျက်နှာလေးဟာ
လူမျက်နှာနှင့် ငါးလေးတစ်ကောင် ဖြစ်နေတာတွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့မောင်ကြီးနှင့် မောင်ထူးတို့ငုင်းငါးလေးကို လက်ခတ်ပိုက်ကွန်လေးဖြင့် လှမ်းပြီးခတ်လိုက်သည်။ ငုင်းငါးလေးသည်ဘာမှမလှုပ်ရှား မတွက်ပြေးပဲသူတို့လုပ်သမျှ ခံယူလိုက်သည်။

ပိုက်ထဲသို့ ငုင်းငါးလေးပါလာသည်။ ပြီးနောက်မောင်ကြီးက ငါးလေးကိုရေဗလုံတစ်ခုထဲသို့ ထည့်ထားလိုက်သည်။ ငါးလေးလည်း မောင်ကြီးကိုသေသေချာချာ စိုက်ကြည့်နေသည်။ မောင်ကြီးလည်း ငါးလေးကို သေသေချာချာကြည့်လိုက်သောအခါ အမျိုးသမီးတစ်ဦးကဲ့သို့ မျက်နှာလိုအနေအထားဖြစ်သည်။

သူ့ရဲ့အိပ်မက်ထဲက အမျိုးသမီးမျက်နှာလေးနှင့်လည်း ခပ်ဆင်ဆင်တူသည်။ ဘာကြောင့်များ သူတို့စန္ဒားမှာလာနေချင်ရတာလဲမသိဟု စိတ်ထဲမှပြောနေမိသည်။ အိပ်မက်ထဲမှာလည်း သူနဲ့အတူတူနေချင်တယ်လို့လည်း ခဏခဏပြောပြောနေတာ ကြားခဲ့ရသည်။

ဒါကြောင့်များယခုလို လာခဲ့တာလားလို့ စိတ်ထဲမှထင်မိသည်။ ဘာပဲဖြစ်ဖြစ်လေ ယခုတော့သူ့တို့အိုးဆီကိုရောက်လာချို့ မဟုတ်ပါလား။

မောင်ထူးတစ်ယောက်ကတော့ ငါးနားကမခွါတော့ပါ။ ငါ့ရဲ့မျက်နှာလေးကိုသာ စိုက်ကြည့်နေပြီး အံ့သြနေသည်။ငုင်လိုအဖြစ်မျိုး သူ့အနေနဲ့တစ်ခါမှ မတွေ့ဖူးဘူး မရောက်ပါတော့။ ထိုအချိန်တွင်





မောင်ကြီးကသတိရသွားပြီး

"မောင်ထူး...မောင်ထူး"

"ဗျာ အကို...ဘာပြောမလို့လဲ"

"တခြားတော့မဟုတ်ပါဘူး...မင်းဒီငါးကို နို့ဆီမှာရှိနေတယ်ဆိုတာ ဘယ်သူ့မှမပြောရဘူးနော်... ပြီးတော့မင်းမနက်ဖြန်လေ့လာရင် မြို့ကိုသွားပြီး ဖန်ပုလင်းအကြီးကြီးတစ်ခုဝယ်လာခဲ့... ဒါမှမဟုတ် ငါးအလှထည့်တဲ့ပုံးဝယ်ခဲ့ကြားလား"

"ဟုတ်ကဲ့ အကို"

အခုတော့ငါးလေးကို ငါးတွေထည့်တဲ့ ရေဗလုံထဲမှာပဲ နေပါစေတော့ဟုထားလိုက်ကြသည်။ မောင်ထူးကတော့ အလုပ်များလုပ်ပြီးတိုင်း ငုင်းငါးလေးနားသို့လာလာပြီး စကားများလာပြောနေသည်။ သူပြောတဲ့စကားများကတော့...

"ငါးလေးရေ ဘာစားမလဲ ဆာနေပြီလား"

ဆိုပြီးသူတို့ စားတဲ့ထမင်းများကျွေးသည်။ ငါးလေးလည်း စားသည်။ တစ်ခါတစ်ခါ ပုဇွန်သေးသေးလေးများ ချကျွေးလည်း စားသည်။ မောင်ထူးကတော့ ငါးလေးကိုအရမ်းချစ်နေသည်။ ငါးလေးရဲ့မျက်နှာလေးကလည်း လူနဲ့တူသလိုလိုဖြစ်နေတော့ အံ့သြပြီး ချစ်နေတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ခါ ငါးလေးရဲ့မျက်နှာလေးက ပြုံးနေသလားလို့လဲ ထင်ရသည်။ ဒါကလည်းစိတ်ထဲကထင်လို့လား ဒါမှမဟုတ် ရုတ်တရက် အကြည့်ကြောင့်ဖြစ်သွားတာလားဆိုတာ မသိလိုက်ပါ။ ဘာ့ပဲဖြစ်ဖြစ် ငါးလေးရဲ့မျက်နှာလေးကတော့ ထူးဆန်းအံ့ဩစရာကောင်းပြီး ချစ်စရာ အသွင်ဖြစ်နေတာတော့ အမှန်ပါဘဲ။

မောင်ထူးကတော့ သူမှာပျော်စရာတစ်ခုရလို့ ပျော်သလိုမျိုး ဖြစ်နေသည်။ မောင်ကြီးတစ်ယောက်ကတော့ ငါးလေးကိုမြင်မိတိုင်း ဘာကြောင့်သနားနေမိမှန်းမသိပါ။ ညဘက်ရောက်လာတော့ ငါးလေးကိုသူတို့အိပ်သောတဲလေးအတွင်းသို့တားပြီးအိပ်ကြသည်။

တစ်ညတွင်…

"မောင်ကြီး မောင်ကြီး ထထ… ညီမ တစ်ယောက်တည်း ပျင်းလို့ စကားလေးဘာလေးပြောပါအုံး…"

မောင်ကြီးလည်းစကားသံကြားလို့ အိပ်ရာမှလန့်နိုးသွားသည်။ ထိုအခါ သူအိပ်နေသောနေရာတွင် အမျိုးသမီးတစ်ယောက် ပုဆစ်တုပ်ကာထိုင်နေတာတွေ့လိုက်ရသည်။ ထိုအခါမောင်ကြီးလည်း ၎င်းအမျိုးသမီးကိုတွေ့လိုက်တော့ အံ့ဩကာ…

"ဘာလိုချင်လို့လဲ ညီမ…"

ဘာမှမလိုချင်ပါဘူး…ညီမတစ်ယောက်တည်းပျင်းလို့





မောင်ကြီးနဲ့စကားပြောချင်လို့ပါ"

"ညီမရယ်မနက်မှပြောပါလား…အကိုအိပ်ချင်လို့ပါ"

"ဟာ မောင်ကြီးကလည်း…မနက်ဆိုရင် မောင်ကြီးတို့က အလုပ်တွေများပြီး ညီမဆီကိုတောင်လာ မတွေ့ကြဘူး…ဒါကြောင့် ညီမကညကျမှ မောင်ကြီးတို့နဲ့အတူစကားပြောရတယ်မဟုတ်လား"

ထိုအခါမောင်ကြီးလည်း စဉ်းစားသွားသည်။

"မနက်ကျ အလုပ်များ၍စကားမပြောရဘူးဆိုတော့ ညီမက ဘယ်သူလဲ ဘယ်မှာနေလို့လဲ"

ထိုအခါမိန်းကလေးက လက်ညှိုးထိုးပြလိုက်သည်။ သူမ လက်ညှိုးထိုးလိုက်သော နေရာသို့ကြည့်လိုက်သောအခါ ငါးလေးထည့်ထားသောရေဇလုံဖြစ်နေသည်။

"ဟင် မင်းက ဟိုငါးလေးလား"

"ဟုတ်တယ်လေ…မောင်ကြီးနားမှာ နေချင်လွန်းလို့ မောင်ကြီးနားကိုရောက်လာခဲ့တာပေါ့"

ဒီနေ့ကျမှ မောင်ထူးကလည်း မြို့သို့သွားသည်။ ၎င်း[illegible] အတွက်မုန့်ပုံးလေးသွားဝယ်သည်။ စခန်းတွင်သူတစ်ယောက်တည်း ကျန်ခဲ့သည်။ သူတစ်ယောက်တည်းရှိလို့များ ဒီမိန်းကလေးရောက်လာခဲ့သည်ဟု ထင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေများလည်းဟင်...မင်းက ငါးလားလူလား ပြော
ပါအုံး"

"ညီမက ဝဋ်ကြွေးရှိလို့ပဲဆိုပါတော့ ... ပေးဆပ်နေရတာ
ယခုလိုငါးဘဝနဲ့နေနေရတာ အရင်ဘဝကဝဋ်ကြွေးလို့ပဲ မှတ်ယူ
လိုက်ပါပြီ...ပြီးတော့ ညီမကျေနပ်တယ်...ဘာဖြစ်လို့လဲဆိုတော့
ညီမရဲ့ အရင်ဘဝကချစ်သူ မောင်ကြီးနားမှာ ငါးဘဝလေးလာဖြစ်ရလို့
ကျေနပ်မိပါတယ်"

မောင်ကြီးတစ်ယောက် သူမပြောစကားများကို ဘာ
နားမလည်သလိုကြောင်ပြီး ငေးကြည့်နေမိသည်။ သူမပြောသော
စကားများကိုလည်း မဝင်တစ်ချက်ဝင်တစ်ချက်ဖြင့် ငေးနေတာ
သူမကတော့ သူမစကားများကို လိုလိုလားလားနား ထောင်သည်
ထင်မလားပဲ။

ထိုအခါ မောင်ကြီးလည်း သတိတစ်ချက်ဝင်လာပြီး

"ဒါနဲ့ ညီမက ရေသူမလည်း မဟုတ်ဘူးပေါ့"

"အကိုထင်သလိုပဲ ထားလိုက်ပါ"

ထိုအခါ အမျိုးသမီးက မောင်ကြီးကို သေသေချာ
စိုက်ကြည့်လိုက်သည်။ ထိုသို့စိုက်ကြည့်လိုက်သောအခါ မောင်ကြီး
တစ်ယောက် ဘာမှမသိတော့ပဲ ၎င်းအမျိုးသမီးသည် မောင်ကြီး





ထက်နှစ်ဘက်ဖြင့် သိုင်းဖက်လိုက်လေသည်။ ပြီးတော့ မောင်ကြီးလည်း
အမျိုးသမီးရဲ့ အပြုအမူကြောင့် ဘာဆိုဘာမှမသိတော့ပဲ သူမအလိုကျ
လိုက်လျောကာ သူတို့နှစ်ဦးချစ်ရည်လူးကာ တစ်ညတာအချိန်လေး
ကုန်လွန်ခဲ့ကြလေတော့သည်။

၀



www.burmeseclassic.com

www.burmeseclassic.com



## မောင်ကြီးနဲ့ကျားပါးစပ်

တစ်နေ့တွင် မောင်ကြီးတို့ရှိသောကျားပါးစပ်နားသို့ ရထားလေ့
တစ်စီးကပ်လာသည်။ ၎င်းလှေကို သေသေချာချာကြည့်လိုက်သော
အခါတစ်ဖက်နိုင်ငံက ယိုးဒယားလှေကလေးဖြစ်နေသည်။ သူတို့
ရောက်လာချိန်ကလည်း နေဝင်ရီတရောလေးဖြစ်သည်။

မောင်ကြီးလည်းစက်လှေရဲ့ စက်သံကိုကြားလိုက်ရတဲ့အချိန်
မှာစနွားနားသို့ရောက်နေတာ သိလိုက်ရတဲ့အတွက် တဲအတွင်းမှထွက်
ပြီးကြည့်လိုက်သည်။

ထိုအခါလှေရဲ့အောက်နားတွင်ကပ်ကာ သူ့စနွားကိုစိုက်ကြည့်
နေသောလူသုံးလေးယောက်ကို တွေ့လိုက်ရသည်။ ရုတ်တရက်
ဆိုတော့ မြန်မာတွေလားလို့ထင်မိသည်။ မြန်မာနဲ့ယိုးဒယားကလည်
ခပ်ဆင်ဆင်တူတော့ ရုတ်တရက်ဆိုမသိနိုင်ပါ။ စကားသံထွက်လာမှ





ယိုးဒယားမှန်း သိသည်။

လှေလေးက စနွားနားသို့ ကပ်လာသည်။ ထိုအခါလှေပေါ်မှ လူတစ်ယောက်က ကြိုးကွင်းတစ်ခုလှမ်းပြီး ပစ်လိုက်သည်။ သူလည်း ရုတ်တရက်ဆိုတော့ ကြိုးကွင်းကိုဖမ်းလိုက်မိသည်။ ထိုအခါလူတစ်ယောက်ကယိုးဒယားလို စကားပြောလိုက်သည်။

"ကောင်လေး… နေကောင်းလား"

ထိုအခါမောင်ကြီးကလည်း ယိုးဒယားစကား တစ်လုံးစနှစ်လုံးစနားလည်ထားတော့ ပြန်ပြီးပြောလိုက်သည်။

"နေကောင်းပါတယ် ဦးလေးတို့ဘာကိစ္စများရှိလို့လဲ…"

ထိုအခါလှေပေါ်၌ နောက်တစ်ယောက်က စကားသံထွက်လာသည်။ ထိုစကားသံက မြန်မာလိုပီပီသသပြောလိုက်သောစကားဖြစ်နေသည်။ ဒါနဲ့မောင်ကြီးလည်း ၎င်းလူကိုမြန်မာလိုပဲပြန်ပြောလိုက်သည်။

"လူလေးကမောင်ကြီးလား …"

မောင်ကြီးအံ့ဩသွားသည်။ သူ့နာမည်ကိုဘယ်လိုသိတာလဲ ဒီနွားမှာသူရှိမှန်းလည်း ဘယ်လိုသိပါလိမ့် ဟုစိတ်ထဲမှမေးနေမိသည်။ ထိုအခါ၎င်းလူကြီးက နောက်တစ်ခါက်ထပ်ပြီး …

"လူလေးကမောင်ကြီးလား…"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဦးကဘယ်သူများပါလိမ့် ..."

"ဦးနာမည်က ဦးခန့်မောင်ပါ.. နေတာကယိုးဒယားဘက် ကမ်းမှာပါ ယခုလာတာကလည်း လူလေးရှိတဲ့မောင်ကြီးဆီကိုပဲ"

"ဦးကကျွန်တော့်ဆီကို ဘာကိစ္စနဲ့လာတာနဲ့လာတာလဲဟင်"

ထိုအခါဦးခန့်မောင်က "လူလေး ဦးတို့ကိုစနွားပေါ်တက်ခွင့်ပြုပါ...ဦးတစ်ယောက်ပဲလာမှာပါ..."

"ဟုတ် ဟုတ်ကဲ့ လာပါ ..."

ထိုအခါဦးခန့်မောင်တစ်ယောက်တည်း စနွားပေါ်သို့ဝင်လာခဲ့သည်။ ကျန်လူများက လှေပေါ်မှာပဲကျန်ခဲ့ကြသည်။ ဦးခန့်မောင်ကိုလှေလာရသလောက်ဆိုလျှင် ၎င်းလှေပိုင်ရှင်များလားလို့ ထင်မိသည်။ ဘာကြောင့်လဲဆိုတော့ လှေပေါ်မှလှေသားများက ဦးခန့်မောင်ကို တလေးတစားဆက်ဆံပြောဆိုပုံမှာ သူများတွေနဲ့မတူတာတွေ့လိုက်ရသည်။

ဦးခန့်မောင်စနွားပေါ်သို့ရောက်သော် မောင်ကြီးကဖောက်ရိုဖျာလေးခင်းပေးသည်။ ဦးခန့်မောင်က ထိုင်လိုက်သည်။

"ဒီလိုလူလေး... လူလေးရဲ့ဦးလေးနဲ့တွေ့ခဲ့ပြီးပြီ..ဦးက ထားဝယ်ကိုအရင်ဝင်ခဲ့တယ်..ထားဝယ်မှာရှိတဲ့ပွဲရုံပိုင်ရှင် သူဌေး ဦးစိုးမောင်နဲ့တွေ့ပြီးပြီ...ဦးစိုးမောင်ဆီကတဆင့် မောင်ကြီး ကျား





ဝါးစပ်မှာရှိလိမ့်မယ်လို့ပြောလိုက်လာတာ... ကျားဝါးစပ်လုပ်တဲ့ကျွန်းကိုလည်းရောက်ခဲ့ပြီးပြီ... ၎င်းကလူတွေကညွှန်လိုက်လို့ယခုစနွားထိလိုက်လာတာပဲ..."

"ဟုတ်ကဲ့ ဦး ဆက်ပြောပါ..ကျွန်တော်စိတ်ဝင်စားပါတယ်"

ထိုအခါ ဦးခန့်မောင်ကဆက်ပြီး

"ဒီလိုမောင်ကြီး...မောင်ကြီးရဲ့ဖခင်ဖြစ်တဲ့ ဦးမောင်မောင်နဲ့ ဦးတို့က ငယ်သူငယ်ချင်းတွေပဲ...ယခုတော့ ဦးမောင်မောင်မရှိတော့ဘူးလို့ ဦးကြားသိလိုက်ရတယ် ခါပေမဲ့သူ့ရဲ့သားဖြစ်တဲ့ လူလေးရှိသေးတယ်ဆိုတာသိလိုက်ရတယ်...ဦးပြောချင်တာက တခြားတော့မဟုတ်ပါဘူး.. လူလေးအဖေ ဦးမောင်မောင်ကလူလေးကို.."

ဦးခန့်မောင်စကားဖြတ်ကာ သူ့ရဲ့ိုက်ခံ့အိတ်ထဲမှ ငွေရောင်ကြုပ်ကလေးကလေးတစ်ခု ထုတ်ပြလိုက်သည်။ ၎င်းငွေရောင်ကြုပ်ကလေးက နှစ်လက်မခန့်ရှိမည်ဟုခန့်မှန်းရသည်။ ထိုဗူးလေးကိုမောင်ကြီးကိုပြလိုက်သည်။ ထိုငွေရောင်ကြုပ်ကလေးကို မောင်ကြီးမြင်လိုက်ရသောအခါ သူ့ခံစိမှာသူ့ရဲ့အဖေပေးထားခဲ့ပြီး စကားများလည်း အများကြီးပြောခဲ့သည်။

ထိုအခါ ဦးခန့်မောင်ကဆက်ပြီး...

"ဒါလူလေးကိုပြတာက တခြားတော့မဟုတ်ပါဘူး...ဒီလို



www.burmeseclassic.com

www.burmeseclassic.com



ဖူးမျိုး လူလေးမှာရှိလိမ့်မယ်လို့ ဦးထင်လို့ပါ…တကယ်တော့ ဒီဖူးလေးဟာ လူလေးဆီမှာထားရင် ဘာမှတန်ဖိုးမရှိပဲ ဖြစ်နေလိမ့်မယ်…ဒီတော့ဒီဖူးလေးကို ဦးကို ပြန်ရောင်းဖို့လာပြောတာပါ…ငွေဖူးလေးကို ဦး သိန်းငါးဆွယ်ပေးပါ့မယ်"

မောင်ကြီးလည်းငွေဖူးလေးကို သိန်းငါးဆယ်တောင်ပေးဝယ်နေတယ်ဆိုတော့ တစ်ခုခုတော့ထူးခြားလို့ဖြစ်မယ်ဆိုတာ သိလိုက်သည်။

"လူလေး… လူလေး ဘယ်လိုသဘောရလဲ… ဦးပြောတာ လက်ခံတယ်မဟုတ်လား… "

ထိုအခါမောင်ကြီးလည်း မရှိတဲ့အကြောင်းလိမ်မှရတော့မည်ဆိုတာ သဘောပေါက်လိုက်သည်။ မဟုတ်ရင် သူ့ဆီ ခဏခဏလာနေမှာမလိုချင်ပါ။ ဒါကြောင့်…

"ဦးပြောတဲ့ဖူးလေးက အဖေကကျွန်တော့်ကိုမပေးခဲ့ပါဘူး အဖေဆုံးပြီးကတည်းက ဘယ်ရောက်နေမှန်းမသိဘူး…"

တကယ်တော့မောင်ကြီးက လိမ်လိုက်ခြင်းဖြစ်သည်။ သူ့ရဲ့အဖေကို ဦးစီမောင်တို့က ခေါ်ထားခဲ့သည်မဟုတ်ပါလား အဖေက ဦးစီမောင်အိမ်မှာပဲဆုံးသွားတာ သူလည်းသိသည်။ ဒါပေမဲ့ အဖေသေတဲ့နေ့က သူက ကျားပါစပ်ကိုရောက်နေသည် မဟုတ်ပါလား။





ယခုလိုလိမ်လိုက်တာ ဦးခန့်မောင်တစ်ယောက် ယုံနိုင်ပါ့မလားဆိုတာ သွေးတိုးစမ်းလိုက်သည်။

"လူလေး မလိမ်ပါနဲ့… လူလေးရဲ့အဖေက ဦးစီမောင်တို့အိမ်မှာဆုံးသွားတယ်ဆိုတာ ဦးသိတယ်… ဒီတော့ဦးမောင်မောင်ရဲ့ ပစ္စည်းမှန်သမျှဟာ အဲဒီမှာကျန်ခဲ့မှာပဲ… သူ့သားဖြစ်တဲ့လူလေးဆီမှာရှိမှာပါ… "

"ဦးကလည်းကျွန်တော်က ပင်လယ်ထဲမှာပဲရှိနေတာ… ဘယ်လိုလုပ်ပြီး ပစ္စည်းများကကျွန်တော့်ဆီမှာရှိမှာလဲ… ပြီးတော့ အဖေကဘာတွေပေးထားခဲ့သလဲ ဆိုတာလည်း ကျွန်တော်ဘာမှမသိပါဘူး…"

"လူလေးကဦးအခကြေးငွေနဲ့ ပေးဝယ်တာမပေးချင်ဘူးမဟုတ်လား … ဘာလဲနည်းလို့လား… ဒါဆိုလည်း သိန်းတစ်ရာပေးမယ် ဘယ်လိုလဲ…"

"ဦးမှားနေပြီ… ကျွန်တော်ဘာမှမသိတဲ့ အရာတစ်ခုကို ဈေးဘယ်လောက်တိုးပေးပေး ကျွန်တော့်မှာမှမရှိတာ ဘယ်လိုပေးရမှာလဲ"

ဦးခန့်မောင်ဘယ်လိုမှ ပြောလို့ရမှာမဟုတ်တဲ့အဆုံး ခဏတော့ ရပ်စားသွားသည်။ ဒီတစ်ကြိမ်မတောင်းဖြစ်ရင် နောက်တစ်ကြိမ်



www.burmeseclassic.com

www.burmeseclassic.com



ထပ်ကြိုးစားမည်ဟု ဆုံးဖြတ်ကာ...

"လူလေးစိဉ်းစားပါ... ဦးနောက်တစ်ပါတ်ထပ်လာခဲ့မယ် အဲဒီအခါကျလူလေးဆီကတိတိကျကျ အဖြေလိုချင်တယ်... ဒါဆို ဦးပြန်အုံးမယ်..."

ဦးခန့်မောင်ပြောပြီး တဲလေး၏အထဲသို့ လှမ်းကြည့်လိုက်သည်။ ရေဇလုံထဲတွင် ထူးခန်းသောငါးလေးကို လှမ်းမြင်လိုက်ရသည်။ ဦးခန့်မောင်အံ့ဩသွားသည်။ ဒါပေမဲ့သူကြည့်လိုက်တာ မောင်ကြီးက တွေ့လိုက်သည်။ ဒါနဲ့ရှေ့မှထရပ်ပြီးကာလိုက်သည်။ ဒါကိုဦးခန့်မောင်က သိလိုက်၍ သူ့ရဲ့လှေပေါ်သို့ပြန်တက်သွားလေသည်။

ဦးခန့်မောင်လှေပေါ်တက်သွားသည်ကို မောင်ကြီးသေသေ ချာချာကြည့်လိုက်သည်။ လှေကိုယ်ထည်ဒယားလို နာမည်ပေးထားသည်။ မြန်မာလိုပြန်လိုက်တော့ ရေသရဲ လို့အမည်ရသည်။

ရေသရဲဆိုတဲ့လှေလေး ခပ်လှမ်းလှမ်းသို့ရောက်သွားပြီး မောင်ကြီးလည်းရေဇလုံထဲ၌ ထည့်ထားသောငါးလေးကိုစိတ်မချ၍ တစ်ခေါက်လာကြည့်သည်။ ငါးလေးကမောင်ကြီးကို စိုက်ကြည့် နေသည်။ထိုသို့စိုက်ကြည့်နေသောအကြည့်ကို မြင်လိုက်သော အမူအရာများ မျက်စိထဲ၌ထင်ဟပ်မြင်မိလာတော့သည်။

ငါးလေးကိုကြည့်လိုက်သော အကြည့်များသည် သံယောဇ





သောအကြည့်များ ဖြစ်နေသလားလို့ သူ့ကိုယ်သူသံသယဖြစ်မိ သည်။ မနက်ဖြန်ဆို မောင်ထူးပြန်ရောက်တော့မည်။ ငါးထည့်ဖို့အတွက် ပုံးလေးပါလာတော့မည်။ ထိုအခါ မှန်ပုံးလေးနဲ့ဆိုငါးလေးလည်း တ်ဝန်းကျင်တစ်ခုလုံး အမြင်ကြည်လင်တော့မည်မဟုတ်ပါလား။

မောင်ကြီးငါးလေးနားကချိကာ စနွားပတ်ပတ်လည်သို့ လှည့် ကြည့်လိုက်သည်။ မနက်ဖြန်ဆိုရင် ရေထရက်(ရေတက်ရက်) ဟုတ်ပါလား။ သူဆုတောင်းမိသည်။ ငါးများများရပါစေလို့ စိတ်ထဲမှ ဆုတောင်းလိုက်လေသည်။

○



www.burmeseclassic.com

www.burmeseclassic.com



## ကျွားပါးစပ်သို့ရောက်လာပုံ

မောင်ကြီးတဲအတွင်းသို့ဝင်ကာ အနားယူလိုက်သည်။သူ့ နဖူးပေါ်သို့လက်တင်ကာ ၊ သူ ဒီကျွားပါးစပ် (သို့) ဦးစီမောင်ဆီ ရောက်လာပုံကို တွေးနေမိသည်။

တစ်ချိန်ကပြင်စဘု ကျွားပါးစပ်သို့ လူတစ်ယောက်ရောက် လာခဲ့သည်။ ၎င်းလူရောက်ပုံကလည်း လှေတစ်စီးနဲ့ပါလာသည်။၎င်း လှေကလည်း ပင်လယ်ထဲတွင် ငါး၊ ငါးပိများ လိုက်ဝယ်သော လှေဖြစ်သည်။ ကျွန်းတစ်ကျွန်းမှအပြန် သူတို့သားအဖကို နီးစပ်ရာ ကျွားပါးစပ်သို့ပို့ပေး ရန်ပြောဆိုပြီးလိုက်လာခဲ့သည်။ တကယ်တော့ ၎င်းလူက ကျွားပါးစပ်တစ်ခုတွင်အလုပ်လိုချင်၍ ပို့ခိုင်းခြင်းဖြစ်သည်။ သူ့တွင်ခုနစ်နှစ်သားလေး တစ်ယောက်လည်းပါလာသည်။

ဒါနဲ့ပဲ၎င်းလှေသည် ဦးစီမောင်ပိုင်သော ပြင်စဘုကျွားပါးစပ်





သို့ရောက်လာခဲ့သည်။ ထိုအချိန်ကလည်း ဦးစီမောင်လည်း ကျွားပါးစပ် သို့ရောက်နေသောအချိန်နဲ့ဆုံနေသည်။

ဦးစီမောင်ငါးခြောက်များသားသော ငါးရုံ၌ထိုင်နေစဉ်သူ့နား သို့ လူတစ်ယောက်လျှောက်လာနေသည်။ ဒါကိုဦးစီမောင်ကမြင် သည်။ ၎င်းလူနှင့်အတူ ကလေးတစ်ယောက်လည်းပါလာသည်။ ထိုအခါ အနားသို့ရောက်လာသောသားအဖကို ဦးစီမောင်က…

“ဘာများအကူအညီပေးရမလဲ မိတ်ဆွေ…”

“ဦးက ဒီကသူဌေးလား…”

“ဟုတ်ပါတယ်…ကျွန်တော့်နာမည်ဦးစီမောင်ပါ”

“ကျွန်တော့်နာမည်က ဦးမောင်မောင်ပါ… ဒါကျွန်တော့် သားလေးက မောင်ကြီးပါ”

“ဟုတ်ကဲ့ပြောပါ”

“ကျွန်တော်တို့သားအဖ ဒုက္ခရောက်လာလို့ပါ ဒီမှာအလုပ် တစ်ခုပေးလို့ရမလား… ကျွန်တော်တို့မှာနေစရာစားစရာ ရှိလို့ပါ”

ဦးစီမောင်လည်းခလေးရဲ့မျက်နှာလေးကို ကြည့်လိုက်သည်။ သားလေးနဲ့သူ့မှာရှိသောသမီးလေးလည်း တရွယ်တည်းပဲဆိုတာ တွေ့လိုက်ရသည်။ ခလေးကိုမြင်ပြီး သနားသွားသည်။ ပြီးနောက် ဦးမောင်မောင်ဆိုသောလူကိုလည်း အကဲခတ်လိုက်ရာ လူကောင်းတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ဖြစ်တယ်ဆိုတာ အကဲခတ်မိသည်။ ဒါနဲ့ဦးစီမောင်လည်း သူတို့ သားအဖကို အလုပ်တစ်နေရာ ပေးလိုက်သည်။

"ဒီလိုလုပ်…မိတ်ဆွေ…"

"ကျွန်တော့်နာမည် ဦးမောင်မောင်ပါ… သူဌေး"

"ဟုတ်ကဲ့… ဦးမောင်မောင်…ကျွန်တော်ခင်ဗျားတို့ သားအဖကို ဒီကျွန်းပါးစပ်မှာပဲ အလုပ်ပေးပါ့မယ်…"

ခလေးကိုမြင် လို့သနားသွားတာလည်းပါသည်။ခလေး လည်း မဖြူမညိုဘဲသနားစရာ မျက်နှာလေး ကြင်နာတတ်သော မျက်နှာမျိုးဖြစ်တာကတစ်ကြောင်း၊ ခလေးရဲ့မျက်လုံးများက စူးရှ ညြဏာညှောင်းမဲ့မျက်လုံးမျိုးဖြစ်နေတာ ဦးစီမောင်အကဲခတ်မိသည် ပြီးတော့ကျေးဇူးတရားလည်း သိတတ်လိမ့်မယ်ဆိုတာလည်း ထင် သည်။

ဒါကြောင့် ဦးစီမောင်ကဆက်ပြီး…

"မနက်ဖြန် ကျွန်တော်မြို့ကို ပြန်မယ်…မြို့ဆိုလို့ တာဝယ် ကိုပြောတာပါ…အဲဒီမှာက ကျွန်တော့်ပွဲရုံရှိတယ်လေ…ကျွန်တော် ကတော့ တစ်လတစ်ခါ ဒီကျွန်းပါးစပ်ကိုလာနေကျပါ…ဒီတော့ ဦးမောင်မောင်က ဒီကျွန်းပါးစပ်မှာ ကျွန်တော့်ကိုယ်စားလုပ်ကိုင်ပေး ပါ…ဦးမောင်မောင်က ဖာင်ါသည်လုပ်ဖူးတယ်ဆိုတော့ ကျွန်တော်





လှလာကြည့်ပါအုံးမယ်…"

ဒီလိုနဲ့ဦးစီမောင်တစ်ယောက် မနက်ဖြန်ပြန်မည်ဖြစ်လို့ ဦးမောင်မောင်ကို ဆက်ပြီးဆွေးနွေးဖြစ်သည်။ သူတို့သားအဖကို တစ်နေ့လုံးအကဲခတ်နေမိသည်။ အဖေလုပ်သူက ငါးပိငါးခြောက် များ လုပ်ငန်းကိုလိုက်ပြီး လုပ်ကိုင်ဆောင်ရွက်ပုံကို လေ့လာမိသည်။ ခလေးကတော့ ငါးလေးများရွေးသောနေရာတွင် ထိုင်ပြီး ရွေးနေ တာတွေ့လိုက်ရသည်။ သူ့မှာကအဖော်မရှိတော့ ပျင်းနေတာပေါ့။

ဦးစီမောင်တစ်ယောက် အကြံတစ်ခုရသွားသည်။ ဒီခလေး ကို သူမြေတောင်မြှောက်ပေးပြီး မွေးစားလိုက်ရင်ကောင်းမလားလို့ တွေးမိသည်။ ဒီကိစ္စကိုဦးမောင်မောင်နဲ့ တိုင်ပင်ကြည့်အုံးမည်ဟု ဆုံးဖြတ် လိုက်သည်။

ညနေအလုပ်သမားများနားချိန်သို့ ရောက်လာသည်။ ဦးစီမောင်က ညနေစာစားပြီးလို့ အိမ်ရှေ့တွင်အနားယူနေသည်။ ကျွန်းပေါ်မှာဆိုတော့ လေလေးကမပူမအေးပဲ နေလို့ထိုင်လို့ကောင်း သည်။ ရာသီဥတုကလည်း သမရာသီဆိုတော့ ညပိုင်းရောက်လည်း အအေးလွန်းပါ။ ထိုအခါဦးမောင်မောင်က သူဌေးဆီသို့ရေနွေးကရားနဲ့ ကွမ်းယိုလေးတည့်ကာ လာချပေးသည်။

"ဒါနဲ့ဦးမောင် ခလေးကိုကျောင်းထားသေးလား…"



www.burmeseclassic.com

www.burmeseclassic.com



"မထားသေးပါဘူး ကျွန်တော့်မှာက တစ်နေ့ရပြီးတစ်နေ့

မှာ ကျောင်းနေရတာတော့ မထားဖြစ်ပါဘူး…"

ဦးစီမောင်လည်း တချက်စဉ်းစားလိုက်သည်။ ပြောသင့်

မပြောသင့်တွေဝေနေလိုက်သည်။ ပြီးတော့ခလေးကိုလည်း သနား

သည်။ ပညာတတ်စေချင်သည်။ ဦးမောင်ကိုကြည့်လိုက်ပြန်တော့

ကျောင်းထားနိုင်မဲ့ အခြေအနေကမရှိ။ ခလေးကိုပညာတတ်စေချင်

သည်။ ဒါနဲ့ ဦးစီမောင်ဆုံးဖြတ်ချက်ချလိုက်သည်။ ဒီကလေးကို

ဦးစီမောင်ဆီမှာပြောပြီးမွေးစားမယ်ဟု ဆုံးဖြတ်လိုက်သည်။

"ဒါနဲ့ဦးမောင်ကို ကျွန်တော်ပြောစရာတစ်ခုရှိတယ်…

ဒါကလည်းဦးမောင်ရဲ့သဘောပါ…ကျွန်တော်မတိုက်တွန်းလိုပါဘူး"

ထိုအခါဦးမောင်ကလည်း သူဌေးရဲ့စကားပလင်ခံနေတာကို

စိတ်မရှည်တော့သဖြင့်

"ပြောပါသူဌေး…ကျွန်တော့်ကိုအားမနာပါနဲ့…"

"ဟုတ်ကဲ့ ကျွန်တော်ပြောပါ့မယ်…"

"ဒီလိုနဲ့ ဦးမောင်အနေနဲ့ဒီမှာနေပြီး ခလေးရဲ့ပညာရေးကို

ဘယ်လိုစဉ်းစားထားလဲလို့ပါ…"

ဦးမောင်တစ်ယောက် စဉ်းစားသွားသည်။ ခလေးကိုဒီမှာထား

ရင် ပညာရေးကတော့ရမှာမဟုတ်ပါ။ ဒါကြောင့်…





"ကျွန်တော်လည်း ဘယ်လိုဆုံးဖြတ်ရမှန်းမသိဖြစ်နေတယ်"

"ဒါဆိုကျွန်တော်အကြံတစ်ခုပေးမယ် လက်ခံမလား…"

"ပြောပါသူဌေး…"

"ကလေးကို ကျွန်တော် မြို့ကိုခေါ်သွားပြီး ကျောင်းထား

ပေးမယ်…ခလေးရဲ့တာဝန်အားလုံး ကျွန်တော်ယူတယ်ဗျာ…ပြီး

တော့ ကျွန်တော့်မှာလည်း သမီးလေးတစ်ယောက်ရှိတယ်…

ဒီခလေးထက်တော့ ငယ်မယ်လို့ထင်တယ်"

"ဟာ…ဝမ်းသာလိုက်တာသူဌေးရာ…ကျွန်တော့်သားလေး

ကို သူဌေးက ကျောင်းထားပေးမယ်ဆိုတော့ ကျွန်တော်ဘယ်လို

ပြောရမှန်းမသိတော့ပါဘူး ကျွန်တော်ဒီခလေးကို သူဌေးရဲ့ လက်မှာ

အပ်ပါတယ်ဗျာ…ကျွန်တော့်သားလေး ပညာတတ်လေးဖြစ်ရင်

ကျေနပ်ပါပြီ…သူဌေးရဲ့ကျေးဇူးကိုလည်း ဘယ်တော့မှမမေ့ပါဘူး"

"ကဲ… ဒါဆိုရင် ဒီနေ့ကစပြီး ဦးမောင်နဲ့ ကျွန်တော် ညီ

အစ်ကိုလို့သဘောထားပေတော့…ခလေးရဲ့တာဝန်ကိုလည်း

ကျွန်တော် အားလုံးတာဝန်ယူပါတယ်…"

"ဟုတ်ကဲ့ပါ သူဌေး…"

ဦးမောင်တစ်ယောက်သားလေးရဲ့ နောင်ရေးကောင်းစားမဲ့

အဖြစ်ကိုတွေ့ပြီး ဝမ်းသာပီတိဖြစ်နေသောအဖြစ်ကို ဦးစီမောင်တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်မြင်လိုက်ရသောအခါ•• "ဪ•• သားသမီးရဲ့အချစ်တွေကို မိဘများက ဘယ်လောက်ခံစားချစ်ရသလဲဆိုတာ ကိုယ်ချင်းစာမိတော့ သည်•••"

"ဦးမောင်လည်း ကျွန်တော့်ကိုဒီနေ့ကစပြီး သူဌေး သူဌေး လို့မခေါ်နဲ့တော့••ကျွန်တော်က ဦးမောင်ထက်ကြီးရင် တစ်နှစ်တစ်နှစ် ပဲဖြစ်မှာပါ••ဒီတော့ကျွန်တော့ကို ကိုစီမောင်လို့ပဲခေါ်••ဟုတ်ပြီလား"

"ဟုတ်ကဲ့•••အကိုစီမောင်"

"ဟား•••ဟား•••ဟား"

ဦးစီမောင်တစ်ယောက် ဦးမောင်ရဲ့ အကိုစီမောင်လို့ ခေါ်လိုက် သောအဖြစ်ကိုပီတိဖြစ်ကာ ရယ်လိုက်မိတော့သည်။

ဒီလိုနဲ့မောင်ကြီးတစ်ယောက် ထားဝယ်မြို့သို့ဦးစီမောင်နဲ့ အတူပါလာခဲ့သည်။ ဦးစီမောင်တို့ခြံတံခါးနားသို့ရောက်သော်••

"ဟာ•••သူဌေးတို့ပြန်လာပြီ•••"

ခြံတံခါးကိုဦးပြုံးကလာဖွင့်ပေးသည်။ ခြံထဲ၌ဦးပြုံးကအမြဲရှိ သည်။ သူကခြံစောင့်ဆိုလည်းဟုတ်သည်။ မာလီဆိုလည်းဟုတ်သည်။ တစ်ခါတစ်ခါ ဒရိုင်ဘာလည်းဝင်လုပ်ရသည်။ယခုလည်း ဦးစီမောင် ပြန်လာ၍ ဝမ်းသာအားရဖြင့်ခြံတံခါးနားသို့ ရောက်လာပြီး••

"ပြန်လာပြီလား အကို•••"





"အေး••ဟုတ်တယ်••သမီးလေးကော နေကောင်းရဲ့လား"

"ကောင်းပါတယ်••• အထဲမှာဆော့နေတယ်•••"

ဒီလိုနဲ့ဦးစီမောင် မောင်ကြီးကိုလက်ဆွဲပြီး အိမ်ထဲသို့ဝင်လာ ခဲ့သည်။ အိမ်ပေါက်ဝသို့အရောက်တွင်•••

"ဟာ•••ဖေကြီးပြန်လာပြီ ဖေကြီးကလည်း သမီးကို အကြာကြီးပစ်သွားတယ်•••"

"သမီးလေးကို ပစ်သွားတာမဟုတ်ပါဘူး••ခဏထားခဲ့တာ ပါ•••ဖေကြီးကအလုပ်သွားလုပ်တာလေ••• သမီးအတွက်မုန့်တွေ အများကြီးဝယ်လာတယ်•••"

ထိုအခါဦးစီမောင်ရဲ့သမီးလေး ခတ္တာမောင်ကဝမ်းသာသော အကြည့်ဖြင့် ဖေကြီးလက်ထဲမှ မုန့်ထုပ်များကိုယူပြီး ကြည့်နေသည်။ ထိုအဖြစ်အပျက်များကို မောင်ကြီးတစ်ယောက် မျက်တောင်မခတ်ပဲ ခတ္တာမောင်ရဲ့ချစ်စဖွယ်လေးများကို ငေးကြည့်နေမိသည်။ အဖေနဲ့သမီး တို့ရဲ့ကွဲကွာခံစားရတဲ့အဖြစ်ကိုငေးကာ သူလည်းအဖေနဲ့ခွဲခဲ့တာလေးကို သတိရနေမိသည်။

ထိုအခါဦးစီမောင်က သတိရသွားပြီး••• "ဪ••• သမီးကိုပြောရအုံးမယ်••• ဒီမှာသမီးနဲ့အတူကျောင်းတက်ဖို့ [illegible]ကို တစ်ယောက်ခေါ်လာတယ်•••သမီးနဲ့အတူကစားဖော်ရအောင်လို့



www.burmeseclassic.com

www.burmeseclassic.com



ဖေကြီးခေါ်လာတယ်···သမီးလေး သဘောကျရဲ့လား···"

ထိုအခါခတ္တာမောင်က ဖေကြီးပြောတာကို ဂရုမစိုက်တော့ပဲ မောင်ကြီးနားသို့လျှောက်လာပြီး

"အကို့နာမည် ဘယ်လိုခေါ်လဲ"

သမီးရဲ့ပြောလိုက်သောစကား၊ မေးလိုက်သောစကားကို ဦးစီမောင်ကသဘောကျကာ··

"ဖြေလိုက်လေသား···ညီမလေးက မေးနေတယ်လေ"

ထိုအခါမောင်ကြီးလည်း သတိဝင်ပြီး

"မောင်ကြီးပါ···"

"ညီမနာမည်က ခတ္တာမောင်ပါ···"

ဦးစီမောင်တစ်ယောက်အခုမှပဲ ဘဝင်ကျသွားတော့သည်။ သမီးလေးရဲ့ပေါ်ရွှေမှုကို သဘောကျပြီးသူမရဲ့အဖော်ရလို့ပဲလား၊ အကိုတစ်ယောက်ရလို့ပဲလားတော့မသိပါ။ ဝမ်းသာနေတာတော့ အမှန်ပါပဲ မျက်နှာလေးရွှင်ပြနေတာတွေ့လိုက်ရသည်။

ဒီနေ့အဖို့တော့ဦးစီမောင် ဝမ်းသာပီတိပြူးလျှက်···

"ဒေါ်ကျော့ ရေ···ဒေါ်ကျော့"

"လာပါပြီ အကိုကြီး"

ဒေါ်ကျော့ကအိမ်ရဲ့တာဝန်များကို ယူထားသောသူလည်း





ဖြစ်သည်။ ခတ္တာမောင်မှာ အမေကမရှိတော့ပါ။ သူမငယ်ငယ်လေးကတည်းက ဆုံးသွားသည်။ သူ့ပဲအဖေ၊ သူ့ပဲအမေ ပြုစုခဲ့ရသည်။ အိမ်မှာလည်းအိမ်ကူများခေါ်ထားခဲ့တာ သမီးလေးရဲ့တစ်သက်ပါပဲ။ ဒေါ်ကျော့ကတော့ သမီးလေးကိုသူ့ရဲ့သမီးကို ပြုစုပေးသည်။

ဒေါ်ကျော့တစ်ယောက် ဦးစီမောင်နားရောက်လာခဲ့သည်။

"အကိုကြီး ဘာခိုင်းစရာရှိလို့လဲဟင်···"

"ကျွန်တော် ခလေးတစ်ယောက်မွေးစားဖို့ ခေါ်လာတယ်။ အပေါ် ထပ်ကသမီးရဲ့အခန်းနဲ့ကပ်လျက်အခန်းမှာ စီစဉ်ပေးလိုက်ပါ"

"ဟုတ်ကဲ့ အကိုကြီး"

ဒေါ်ကျော့ကဦးစီမောင်ကို အရိုအသေပေးပြီး မောင်ကြီးအထုပ်၊ အပိုးများကိုသယ်သွားသည်။ မောင်ကြီးက ဒေါ်ကျော့နောက်ကလိုက်သွားသည်။

မောင်ကြီးအနေနဲ့ ခုနစ်နှစ်သာဆိုပေမဲ့ အသိဉာဏ်ကရှိနေပြီသားမို့ ဦးစီမောင်ရဲ့စီမံမှုကို လိုက်လျောကာနေပေးလိုက်သည်။ ထိုအခါ ခတ္တာမောင်က

"ဖေကြီးသမီးတို့ ဘယ်တော့ကျောင်းတက်ရမှာလဲဟင်"

"ဒီနှစ်ကျောင်းဖွင့်ရင် သမီးနဲ့အကို နှစ်ယောက်စလုံးထားပေးမှာပေါ့··"



www.burmeseclassic.com

www.burmeseclassic.com



ခွေးကြိုမောင်က အကိုတစ်ယောက်ရှ၍ ပျော်နေတာလား၊ ကျောင်းတက်ရတော့မှာကိုပဲ ပျော်နေတာလားမသိပါ။ ပျော်တာတော့ ပျော်နေတာပါပဲ။

○





## ဘဝနောက်ကြောင်းနှင့်မောင်ကြီး

၁၅ နှစ်ကြာပြီးနောက်...

မောင်ကြီးတစ်ယောက် အိပ်မပျော်၍ သူ့ရဲ့ဘဝ နောက်ကြောင်းကို ပြန်ပြီးအောက်မေ့မိသည်။ သူ့ရဲ့ကျေးဇူးရှင် ဦးစိမောင်ကိုလည်း ကျေးဇူးတင်ထိုက်သူ မွေးစားဖခင်ဆိုလဲဟုတ်တယ်။ ဦးစိမောင်ရဲ့ကျေးဇူးကိုတော့ သူ့အနေနဲ့ဘယ်တော့မှမေ့မှာမဟုတ်ပါ။

ယခုဆိုလျှင်သူလည်း ရူပဗေဒဒုတိယနှစ်နှင့် ထွက်ခဲ့သည်။ ပထမနှစ်မှာ သူ၏ဖခင်ဆုံး၍ ကျားပါးစပ်လုပ်ငန်းကို ဦးစီးဦးဆောင်မရှိရှင်းဦးစိမောင်ရဲ့ကျေးဇူးကိုဆပ်ချင်၍၎င်း သူကျောင်းကထွက်ပြီး ကျားပါးစပ်မှာလာလုပ်ပေးနေရသည်။ ဦးစိမောင်ကတော့ သူ့ကိုတားပေမဲ့သူကလက်မခံသောကြောင့် အလျှော့ပေးကာ သူ့အကြိုက်ကို လိုက်လျောလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခတ္တာမောင်ကလည်း သူ့ရဲ့အကိုလိုအားကိုးရတဲ့မောင်ကြီးကို ကျောင်းကမထွက်စေချင်ပါ။ ယခုဆိုလျှင်သူတစ်ယောက်တည်း မြန်မာစာအဓိကနဲ့ ဒုတိယနှစ်ကျောင်းကို ဆက်တက်နေခဲ့ရပြီ။

ခတ္တာမောင်ကတော့ မောင်ကြီးမြို့ကို ပြန်လာမဲ့ရက်ကိုမျှော်နေတာတော့အမှန်ပါ။ ငယ်ငယ်ကတည်းက အတူသွားအတူလာလုပ်ခဲ့တာဆိုတော့ မောင်ကြီးပေါ်မှာ သံယောဇဉ်ဖြစ်မိတာတော့အမှန်ပါ။ ဒါကိုအဖေကလည်းသိသည်။ အဖေကလည်းသူ့သမီးတို့ရဲ့ သံယောဇဉ်ကိုနားလည်သည်။ ဘာမှလည်းမပြော ဘာမှလည်း မကန့်ကွက်ပါ။

သူ့အနေနဲ့ဒီအကြောင်းများတွေးတိုင်း ခတ္တာမောင်အကြောင်း အမြဲတွေးနေမိသည်။ ထိုသို့တွေးနေစဉ်…

"ဘုတ်… ဘုတ်… ဘုတ်…"

မောင်ကြီးနားစွင့်လိုက်သည်။ မသေချာ၍ ဒုတိယအကြိမ် နားစွင့်လိုက်မိသည်။

"ဘုတ်… ဘုတ်… ဘုတ်…"

မသင်္ကာ၍ထွေ့ရုံပေါက်မှ အပြင်သို့ချောင်းကြည့်လိုက်သည်။ ထိုအခါစမ်းနားသို့ စက်လှေတစ်စီးကပ်လာနေသည်ကို တွေ့လိုက်ရသည်။ ထိုသို့ကပ်လာနေစဉ် မောင်ကြီးကအိပ်ရာမှထကာ အပြင်သို့





ထွက်လာခဲ့သည်။ လှေကသူ့စမ်းသို့ကပ်နေပြီဖြစ်သည်။

"ဟေး… မောင်ကြီး… မောင်ကြီး"

ဟင်ဘယ်သူများပါလိမ့်… ဒီလှေကိုလည်းတစ်ခါမှမမြင်ဘူးပါ။ သူ့စမ်းနားသို့ ရောက်လာသည်။

"အကိုမောင်ကြီး…"

"ဟေ… မောင်ထူးပါလား…ဘယ်ကဘယ်လိုစက်လှေနဲ့ပါလာရသလဲ…"

"ဟင်း… ဟင်း"

"ဘာရယ်တာလဲကွ…ငါ့ကိုလှောင်နေတာလား…"

ထိုအချိန်တွင်လှေရဲ့ခေါင်မိုးနားက မိန်းကလေးတစ်ဦးထွက်လာပြီး…

"အကို အကိုမောင်ကြီး…"

"ဟင် ညီမလေး ခတ္တာပါလား‥ဘယ်လိုကနေဘယ်လိုပါလာတာလဲ"

ထိုအခါ မောင်ကြီးက ခတ္တာကိုလှေပေါ် မှလက်ဆွဲပြီး စမ်းပေါ်သို့ ဆွဲတင်လိုက်သည်။ ပြီးနောက် ဦးစိမောင်ပါလာသည်။

"ဟင်… ဦးလည်းပါလာတာလား"

"အေး… ဟုတ်တယ်…သားမောင်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



ဦးစီမောင်ကသူ့ကို သားမောင်ကြီးဟုလည်းအမြဲခေါ်သည်။ သူ့ကိုလည်းသားတစ်ယောက်လို အားကိုးပြီး ဒီစန္ဒားနဲ့ ကျားပါးစပ်မှာ ဦးစီးစေခဲ့သည်မဟုတ်ပါလား။

"ဒီမှာ မင်းညီမက မင်းကိုသတိရလို့တဲ့…"

"အကိုမောင်ကြီးဆီသွားချင်တယ်ဆိုလို့ ဦးလည်း နားတဲ့စက်လှေကို ချောခွဲလာခဲ့တာပဲ…"

ဦးစီမောင်မှာကစက်လှေသုံးစီးပိုင်သည်။ အားလုံးကလည်း ငါးစီ ငါးခြောက်ကုန်ကူးတဲ့စက်လှေများဖြစ်သည်။

ယခုလည်းသမီးခတ္တာကြောင့် မောင်ကြီးနေတဲ့စန္ဒားကို ခေါ်လာခဲ့သည်။ ခတ္တာမောင်စန္ဒားပေါ်သို့ရောက်သော်…

"အကိုတော့အရမ်း ပျင်းမှာပဲနော်… ပင်လယ်ပြင်ထဲမှာ တစ်ယောက်တည်း… အကို့ကို ညီမသနားလိုက်တာ…"

ခတ္တာမောင်တစ်ယောက်ပါးစပ်မှလည်းပြော စန္ဒားတစ်ခုလုံးလှည့်ပတ်ကြည့်ကာ လှေလာနေသည်။ ဦးစီမောင်ကတော့ တဲအတွင်းသို့ဝင်ကာနားလိုက်သည်။

ထိုအခါ…

"ညီမခတ္တာနေပူတယ် လာလေ…တဲအတွင်းမှာလာနားလေ"





ခတ္တာကစန္ဒားတစ်ခုလုံးလှည့်ပတ်ကြည့်ပြီးနောက်

"ဒါနဲ့အကို မောင်ထူးကို မုန့်ပုံးဘာလုပ်ဖို့ ဝယ်ခိုင်းလိုက်တာလဲဟင်…"

မောင်ကြီးကခတ္တာမောင်မေးလိုက်သောမေးခွန်းကို ဖြေသင့် မဖြေသင့်စဉ်းစားလိုက်သည်။ ဖြေဖို့ချက်ချင်းပဲ ဆုံးဖြတ်လိုက်တော့သည်။

"အကို့မှာ ထူးဆန်းတဲ့ငါးလေးတစ်ကောင်ရထားတယ်… အဲဒါမွေးချင်လို့ မုန့်ပုံးဝယ်ခိုင်းလိုက်တာပါ…"

"ဟင်… ဘယ်မှာလဲအကို့ ညီမကိုပြပါလား…"

ထိုအခါမောင်ကြီးလည်း ဇလုံထဲထည့်ထားသော ငါးလေးကို ဖွင့်ပြလိုက်လေသည်။

"ဟာ… ဟင်…" ခတ္တာမောင်ရဲ့အသံ…

"ဟာ…" ဦးစီမောင်ရဲ့အသံ…

"မောင်ကြီးထူးဆန်းလှချေလား… ဦးဒီရေလုပ်ငန်းလုပ်နေတာကြာပြီ…ဒီလိုထူးဆန်းတဲ့ငါးမျိုး တစ်ခါမှမမြင်ဖူးဘူး… ဘယ်လိုရခဲ့တာလဲဟင်…"

မောင်ကြီးလည်း ဒီငါးလေးရခဲ့တာကို အစမှအဆုံးအတိုချုံးကာ ပြောပြလိုက်သည်။ ဒီငါးကြောင့် သူ့ရဲ့စန္ဒား ငါးများများရတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့အကြောင်းပါ ပြောပြလိုက်သည်။ ထိုအခါဦးစီမောင်လည်း ငါးလေးနားမှမခွါပဲ သေသေချာချာစိုက်ကြည့်လိုက်သည်။

ဦးစီမောင်ပဲစိုက်ကြည့်လို့ပဲလား၊ ဒါမှမဟုတ်ငါးလေးကပဲ ဦးစီမောင်ရဲ့မျက်လုံးကို ဖမ်းစားလိုက်လို့လားတော့မသိပါ။ ဦးစီမောင် ရင်ထဲဝဲတမျိုးဖြစ်သွားသည်။

"ကဲ・・ကဲ သားမောင်ကြီး・・・ ဒီငါးလေးကိုယခုပဲစက်လှေ ထဲမှာပါတဲ့ ရေဗူးတွေထဲကရေနဲ့ ယခုပါလာတဲ့မှန်ပုံးလေးထဲ တစ်ခါ တည်း ပြောင်းထည့်ပေးလိုက်ပါလား・・・"

ထိုအခါမောင်ကြီးလည်း ဦးစီမောင်ပြောလိုက်၍ချက်ချင်းပဲ ငါးလေးကို မောင်ထူးအကူအညီနဲ့ မှန်ပုံးလေးထဲသို့ထည့်ပေးလိုက် သည်။ ဦးစီမောင်နှင့်ခင္တာမောင်တို့သားအဖစနှစ်ဦးတွင် နာရီဝက်ခန့်နားပြီး လိုက်လာသောစက်လှေဖြင့် ထားဝယ်မြို့သို့ ပြန်သွားလေတော့သည်။

○





## ကျားပါးစပ်တွင်ပျော်နေသောမောင်ကြီး

မောင်ကြီး・・ဦးစီမောင်တို့ပြန်သွားပြီးနောက် ငါးလေးနား သို့လာကာ・・・

"ငါးလေးရေ・・မင်းကိုလွှတ်လွှတ်လပ်လပ်နေစေချင်လို့ ငါ မှန်ပုံးလေးထဲထည့်ပေးပြီးပြီနော်・・ငါတို့စနှုန်းနှင့် ကျားပါးစပ်ကို ငါးများများရအောင်လုပ်ပေးပါ・・မင်းရဲ့ကျေးဇူးကိုမမေ့ပါဘူး"

ဟု မောင်ကြီးငါးလေးကိုစကားပြောပြီး သူ့အနားမှထွက်လာ ခဲ့သည်။

ထိုအချိန်တွင် မောင်ထူးကစနှုန်းရဲ့အနောက်ဖက်၌ ပိုက်များ ရှင်းနေသည်။ သူ့အနားသို့မောင်ကြီးတစ်ယောက်လျှောက်လာနေတာ တွေ့လိုက်ရ၍・・・

"လာ အကိုမောင်ကြီး・・・ကဲဒီမှာထိုင် အကိုသိပ်ပျော်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ်မဟုတ်လား…"

"ဘာကိုလည်းကွ… မင်းစကားက"

"ဪ…သူ့ငွေသမီးလိုက်လာလို့လေ"

"ဪ…ဒါလားမဆန်းပါဘူးကွ… ဒါသူတို့ရဲ့စနစ်ပဲ သူ ထချင်တဲ့အချိန်လာမှာပေါ့…"

"ဟင်း…ဟင်း…ဟင်း"

မောင်ထူးက သဘောကျပြီး ရယ်လိုက်သည်။ မောင်ထူးရယ်လိုက်သောအဓိပ္ပါယ်ကို မောင်ကြီးကသဘောပေါက်သည်။ ဒါပေမဲ့ မသိချင်ယောင်ဆောင်ပြီး…

"မင်းက ဘာရယ်တာလဲ"

"ဘာမှမရယ်ပါဘူး…အကိုပြောသလိုပဲထားလိုက်ပါတော့"

မောင်ကြီးလည်း မောင်ထူးဘာမှဆက်မပြောခင် သူကပဲ စတင်ကာ

"မောင်ထူး မင်းကိုပြောစရာရှိတယ်ကွ…"

"ဘာများလဲအကို…"

"ဒီငါးလေး ငါ့ဆီရောက်လာတာ ထူးဆန်းနေသလားလို့"

"အဲဒါတော့ဟုတ်တယ်အကို…ထူးဆန်းတာမှ သိပ်ကိုအရမ်းကိုထူးဆန်းတယ်။ ကျွန်တော်ပင်လယ်ထဲမှာ အလုပ်လုပ်လာတာကြာ





ပြီ…အခုလိုငါးမျိုးတစ်ခါမှ မတွေ့ဖူးပါဘူး…ကျွန်တော်တို့ဖမ်းတဲ့ ပိုက်ကွန်ထဲမှာ ငါးမျိုးစုံပါတာပဲ…ဒါပေမဲ့ ဒီလိုလူမျက်နှာနှင့်တူတဲ့ ငါးဆိုလို့ အခုဒီစနွားရောက်မှ တွေ့ဖူးတာ…"

မောင်ကြီးလည်းမောင်ထူးပြောတာ နားစိုက်ထောင်နေရင်း ဒီငါးရဲ့ထူးဆန်းပုံ အိပ်မက်ထဲမှာ အမျိုးသမီးတစ်ဦးလာပြောတာတွေဟာ သူ့အနေနဲ့ဘယ်လိုနားလည်းရမှန်းမသိပါ။

ထိုအခါ မောင်ထူးပြောတဲ့အကြောင်းနဲ့ သူ့ရဲ့မွေးစားဖခင် ပြောတဲ့အကြောင်းပါ ဆက်စပ်ပြီးတွေးမိသည်။

"ငါးလေးရယ် အကိုတို့ဆီကို ကောင်းသောလာခြင်းဖြင့် ရောက်လာတာဖြစ်ပါစေ…"ဟုမောင်ကြီး ဆုတောင်းနေမိတော့သည်။

ညသည်တိတ်ဆိတ်နေသည်။ ပင်လယ်ပြင်တစ်ခုလုံး လှိုင်းလေငြိမ်သက်နေသည်။ ကောင်းကင်တစ်ခုလုံးလည်း ကြယ်တာရာများဖြင့်ပြည့်နေကာ လဆန်းကွေးလေးပါ မြင်တွေ့ရသည်။ မောင်ကြီး တစ်ယောက် ကောင်းကင်ပေါ်မော့ကြည့်ပြီး တစ်ခုခုကိုလွမ်းသလို ခံစားရသည်။

တစ်နေရာတွင်ကြယ်လေးများ ရေပြင်ထဲသို့ကြွေကျသွားတာ တွေ့လိုက်ရသည်။ သူ့အနေနဲ့အိပ်မပျော်၍ စနွားရဲ့ခေါင်းပေါ်နေရာတွင်



www.burmeseclassic.com

www.burmeseclassic.com



ချေပြင်နှင့်ကောင်းကင်ကိုသာမော့ကြည့်ပြီး လွမ်းသလိုဖြစ်နေမိသည်။ သူဖြစ်နေတာကို မောင်ထူးတစ်ယောက်ကတော့ မသိပါ။ မောင်ထူးကတော့နေ့ခင်းက အလုပ်တွေများပြီး ပင်ပန်းကာအိပ်မောကျနေပြီ။ ဒီအချိန်မှာ မောင်ကြီးလည်းငါးလေးကိုသတိရသွားပြီး ငါးလေးနားသို့သွားမိသည်။ လက်ထဲမှာလည်း ယိုးဒယားဖြစ်ဆလိုက်မီးအိမ်လေးကိုင်ကာငါးလေးနားသို့ရောက်နေသည်။ မှန်ပုံးကိုဆလိုက်မီးထွန်းကာငါးလေးကိုကြည့်လိုက်မိသည်။

ထိုအခါငါးလေးမှာ မီးရောင်ကြောင့် မောင်ကြီးကို ကြည့်နေသည်။ မောင်ကြီးကလည်း ငါးလေးကိုစိုက်ကြည့်လိုက်သည်။

"ငါးလေးရေ..မနက်ဖြန်ပိုက်ဖေါ်မှာ...ငါးများများရအောင်ဆောင်ရွက်ပေးပါနော်..."

မောင်ကြီးပြောလိုက်သောစကားကို နားလည်သည်ဆိုတဲ့သဘောလားတော့မသိပါ...ငါးလေးဟာမှန်ပုံးထဲ၌ နှစ်ပတ်သုံးပတ်ပတ်ကာမောင်ကြီးကို စိုက်ကြည့်လိုက်သည်။ ပြီးနောက်ငါးလေးရဲ့စူးစိုက်သောအကြည့်ကို မောင်ကြီးမခံစားနိုင်၍ ငါးလေးနားမှခွါခဲ့လေသည်။

လက်မှနာရီကို ကြည့်လိုက်မိသည်။ ညခုနှစ်နာရီသာရှိသေးသည်။ မအိပ်ချင်သေး၍ ငါးလေးစားဖို့ငါးစာခွက်ကိုယူကာ ငါးပုံးထဲသို့





နည်းနည်းထည့်ပေးလိုက်လေတော့သည်။

ဒီညတော့သူအိပ်ရာစောစောဝင်ခဲ့လေသည်။ မောင်ထူးကတော့ဒီအချိန်မှာ ဆင်လာအော်ရင်တောင် နိုးမှာမဟုတ်ပါ။သူနဲ့မောင်ထူးက တစ်ဖက်တစ်ခြမ်းစီအိပ်သည်။ သူ့အနေနဲ့ကလည်း နှစ်ယောက်အတူ မအိပ်တတ်ပါ။

မောင်ကြီးအိပ်ရာထဲသို့ရောက်လာပြီး အိပ်ရာများကိုရိုက်ခွတ်ကာခင်းပြီး အိပ်ချလိုက်လေတော့သည်။

မောင်ကြီးတစ်ယောက် အိပ်မက်နေသည်။ မက်ထဲတွင်ငါးမျိုးစုံ ပုဇွန်ကင်းမွန်ငါးကြီးငါးသေး စုံလင်စွာမိနေတာတွေ့လိုက်ရသည်။ သူ့အရမ်းဝမ်းသာသွားသည်။ သူ့ဆုတောင်းတာပြည့်သွား၍ ဝမ်းသာနေမိသည်။ ထိုအချိန်တွင်နောက်မှ

"မောင်ကြီး အရမ်းဝမ်းသာနေတာလား..."

မိန်းမတစ်ယောက်ရဲ့အသံကြောင့် မောင်ကြီးနောက်သို့လှည့်ကြည့်လိုက်သည်။

"ဟင်...မင်ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ..."

"ညီမကအစကတည်းက ဒီမှာပဲရှိတာပါ။ အကိုက သတိမထားလို့ပါ..."

"ဟာ...မဖြစ်နိုင်တာ ဒီစနွားမှာမောင်ထူးနဲ့ငါပဲနေတာ



www.burmeseclassic.com

www.burmeseclassic.com



မင်းက ဘယ်မှာရှိနေလို့လဲ…"

ထိုအခါအမျိုးသမီးက ငါးပုံးလေးကိုလက်ညှိုးထိုးပြလိုက်သည်။ မောင်ကြီးလည်း ထိုးပြလိုက်သော ငါးပုံးလေးကိုကြည့်လိုက်သည်။ ပြီးနောက် သူမဘက်သို့ပြန်လှည့်ကာ ကြည့်လိုက်သောအခါ သူမ မရှိတော့ပါ။

"ဟာ…ဟင်…"

မောင်ကြီးလည်းလန့်ကာ အိပ်ရာမှလန့်နိုးလာသည်။ မောင်ကြီးပတ်ဝန်းကျင်ကို လျှောက်ပတ်ကြည့်နေသည်။ ပြီးနောက် ငါးပုံးလေးကို ကြည့်လိုက်သည်။ အမှောင်ထဲမှာ ဘာမှတော့မမြင်ရပါ။ မိုးမလင်းသေး၍ နာရီကိုကြည့်လိုက်သောအခါ နံနက်ခုနစ်နာရီရှိနေပြီ…ညကငါးများများရစေချင်တဲ့စိတ်က များနေလို့များ အိပ်မက်ထဲမှာမြင်မိတယ်လို့ ထင်လိုက်မိသည်။

အာရုံတက်မရောက်သေး၍ မောင်ကြီးလည်းပြန်အိပ်သည်။ ဒါပေမဲ့အိပ်မပျော်တော့ပါ။ ဟိုလှည့်ဒီလှည့်နှင့်ညကအချိန်ကုန်ခဲ့ပြီး နံနက်ငါးနာရီလောက်မှာ တမေးအိပ်ပျော်သွားခဲ့သည်။သူနှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတာ မောင်ထူးကမနိုးတော့ဘဲ သူလုပ်စရာရှိတာကိုလုပ်နေသည်။ သူတို့နှစ်ဦးနံနက်စာစားဖို့အတွက် ပြင်ဆင်နေသည်။





ထိုအခါမိုးလင်း၍ သူတို့၏စခန်းနှင့် နှစ်ဖာလုံခန့်အကွာမှာ သဘောတစ်စင်းလာနေတာတွေ့လိုက်ရသည်။

"ဘော်…ဘူ…ဘော်…ဘူ" ဟုဥြသံကြောင့် မောင်ကြီးလန့်နိုးသွားခဲ့သည်။ သူနိုးလာသောအခါ မောင်ထူးကသူ့အတွက်ကော်ဖီနှင့်မုန့် အဆင်သင့်လုပ်ပေးထားတာတွေ့လိုက်ရသည်။ မောင်ထူးကိုကြည့်လိုက်သောအခါ ဒီနေ့ပိုက်ဖော်ဖို့အတွက် ပြင်ဆင်နေတာတွေ့လိုက်ရသည်။

မောင်ကြီးလည်းမျက်နှာကို ကပျာကယာသစ်ပြီး ကော်ဖီနှင့်ပေါင်မုန့်ကိုစားနေသည်။ ထိုအခါငါးလေးဘက်သို့ အမှတ်မထင်မျက်စိကရောက်သွားပြီး ငါးလေးရဲ့အကြည့်နဲ့ဆုံသွားသည်။ ထိုအခါမောင်ကြီးကသူ့လက်ထဲမှ ပေါင်မုန့်ကိုဖဲ့ကာ မုန့်ပုံးထဲသို့ထည့်ပေးလိုက်သည်။ ငါးလေးလည်းပေါင်မုန့်ကို စားနေတာမောင်ကြီးတွေ့ရ၍ ပျော်သွားသည်။

ပြီးနောက်မောင်ကြီးလည်း မောင်ထူးနားသို့ပိုက်ဖော်ရန် ရောက်လာခဲ့သည်။ ထိုအခါမောင်ထူးက …

"ဟာ အကိုလာတာနဲ့အတော်ပဲ…"

"ဘာဖြစ်လို့လဲ မောင်ထူး…"

"ဟိုမှာလေ အကိုမမြင်ဘူးလား…"

မောင်ထူးကပါးစပ်မှပြောရင်း လက်ညှိုးကပိုက်ထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ထိုမြင့်လိုက်သည်။ ရေအောက်ကပိုက်ထုပ်ထဲတွင် ငါးများ အလုံးလိုက် အတွေးလိုက်မိနေတာတွေ့လိုက်ရသည်။ ထိုအခါ မောင်ကြီးက

"ဟင့် ဟာ… အံ့သြစရာပဲ"

ဒီလိုပိုက်ထဲမှာငါးတွေမိနေတာမျိုး တစ်ခါမှမရဘူးပါ။ သူတို့ရနေတာက အနည်းအကျဉ်းတွေမိနေကျပါ။ ဒီတစ်ခါရတာ တစ်ပါတ် နှစ်ပါတ်စာ တစ်ခါတည်းရလိုက်သလို ခံစားရသည်။ မောင်ကြီး အားရဝမ်းသာဖြစ်မိပါသည်။ ညကလည်း အိပ်မက်ထဲမှာ ငါးများများမိနေတာမက်ပြီး အမျိုးသမီးတစ်ယောက်နဲ့လည်း စကား ပြောခဲ့ရသည်မဟုတ်ပါလား။

အိပ်မက်လား တကယ်လားဆိုတာ ဝေခွဲမရဖြစ်နေတဲ့အချိန် မှာ…

"အကိုလာကူပါအုံး…ကျွန်တော်တစ်ယောက်တည်း မနိုင်ဘူး"

မောင်ထူးလှမ်းအော်လိုက်သံကြောင့် မောင်ကြီးလည်း အတွေးများရပ်ကာ မောင်ထူးနားသို့လာခဲ့သည်။ ပြီးနောက် နှစ်ယောက် သား ပိုက်ကိုဆွဲတင်လိုက်လေတော့သည်။

နှစ်ယောက်သားပျော်နေသည်။ ပိုက်ထဲမှာငါးများကိုရွေးပြီး ပလတ်စတစ်ပုံးထဲသို့ ရေခဲများနှင့်ရောကာ ထည့်နေသည်။ ပြီးနောက်





စနွားရဲ့တဲခေါင့်တွင်သွားထားလိုက်သည်။ သူတို့ဆီတွင်ပို့ထားသော ပလတ်စတစ်ပုံးများ ကုန်သလောက်ရှိသွားသည်။ မနက်ဖြန်ပိုက်ဖော် ပြီးရင်မောင်ထူးကို ကျားပါးစပ်လုပ်သော (လပ်ပိကျွန်း)ကို ပို့ပေးရ မည်မဟုတ်ပါလား။

သူတို့ကိုယ်ပိုင်ကျားပါးစပ်လုပ်ငန်းရှိတဲ့ လပ်ပိကျွန်းတွင် ငါး အမျိုးအမည်ခွဲကာ နေလှမ်းငါးပိသိပ် ငါးခြောက်လှမ်းလုပ်ကာသိမ်း ထားရသည်။ တစ်လတစ်ခါ စက်လှေလာလျှင် ငှင်းငါးပိငါးခြောက်များ ကိုထည့်ပေးရမည် မဟုတ်ပါလား။

ထိုအခါမောင်ကြီးက…

"မောင်ထူးရေ မနက်ဖြန်ငါးတွေပို့ရမယ်နော်"

"ဟုတ်ကဲ့ပါ အကို"

"ငါးတွေပို့ပြီးရင် ရေခဲတွေသယ်လာဖို့လည်း မမေ့နဲ့အုံး"

"ဟုတ်ကဲ့ပါ အကို…ကျွန်တော်လုပ်နေကျကျွန်တော် သိပါတယ်…အကိုသာငါးလေးကိုဂရုစိုက်ပါ…"

"ဟာ မင်းတော့ဘာတွေလျှောက်ပြောနေတာလဲ"

မောင်ကြီးတစ်ယောက် မောင်ထူးပြောလိုက်သောစကားကို ဘယ်လိုအဓိပ္ပါယ်သက်ရောက်သွားသလဲဆိုတာ သူသိလိုက်သည်။

"ဟား ဟား ဟား…"

www.burmeseclassic.com



မောင်ထူးကမောင်ကြီးကိုကြည့်ပြီး သဘောကျလို့အသံထွက်ကာရယ်လိုက်မိသည်။ ပြီးနောက်မောင်ထူးနားမှခွါကာ ငါးလေးနားသို့လျှောက်လာခဲ့လေသည်။ ငါးလေးနားသို့ရောက်လာပြီး ငါးစာများကိုကျွေးလိုက်မိသည်။ ပြီးနောက်···

"ငါးလေးရေ မင်းလုပ်ပေးလို့ပဲ ငါထင်တယ် ဒီနေ့ငါးတွေအများကြီးရလိုက်တယ်···မင်းကိုကျေးဇူးတင်ပါတယ် ဒီတစ်ခါငါးတွေရတာ အရင်တစ်ခါ တစ်လလောက်မှရတဲ့ငါးဟာ ဒီနေ့တစ်ရက်တည်းနဲ့ တစ်ခါတည်းရလိုက်တာ ငါတော့အရမ်းပျော်မိတယ်···ကျေးဇူးတင်တယ်နော်"

ဟုပြောပြီး မောင်ကြီး ငါးလေးနားမှခွါကာ ဆက်လုပ်ရမဲ့လုပ်ငန်းစဉ်များဆက်ပြီး လုပ်ဆောင်နေလေတော့သည်။

၀





## နာမည်ကြီးသောမောင်ကြီး

ဒီနေ့ မောင်ထူး ကျွန်းသို့ငါးများလာပို့သည်။ လှေတစ်စင်းလုံးအပြည့်ပဲ။ လှေလေးကမ်းနားသို့ရောက်လာသည်။ ဦးစီးမောင်ပိုင်သောကျားပါးစပ်ငါးလုပ်ငန်းက လူများကမောင်ထူးလှေလေးကို လှမ်းကာကြည့်နေကြသည်။ ပြီးတော့ လှေလေးပေါ်တွင်တင်လာသော ပလတ်စတစ်ပုံးများကိုကြည့်ကာ ဘာတွေသယ်လာသလဲဟု ထင်ကြေးများတစ်ယောက်တစ်ခွန်း မေးနေကြသည်။

မောင်ထူးလှေလေး ကမ်းနားသို့ဆိုက်ကပ်လာသည်။ ကျားပါးစပ်မှလူများက ပစ္စည်းများသယ်ချရန် လှေလေးနားသို့ကပ်လာကြသည်။ ထိုအခါတစ်ယောက်က···

"မောင်ထူး ငါးတွေရလှချည်လား···ဒီလောက် ငါးများများရအောင် ဒီတစ်ခါပဲတွေ့ဖူးတယ်···"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အဘရေ ကျွန်တော်လည်းအံ့သြနေတာ"

"ဒါနဲ့ မောင်ကြီးတစ်ယောက်ကော နေကောင်းရဲ့လား"

"ကောင်းပါတယ် အဘ"

ထိုအခါကျန်တဲ့လူများက ငါးများကို သယ်ယူကြတဲ့သူက သယ် ပလတ်စတစ်ပုံးကို မသွားကြတဲ့သူကမနဲ့ အလုပ်များနေကြသည်။ မောင်ထူးကတော့ လှေလေး ပြန်မမျောစေရန် ဝါးလုံးတစ်လုံးကိုရေထဲစိုက်ကာ လှေဦးရှိကြိုးဖြင့် ချည်နှောင်နေသည်။

ပြီးနောက်မောင်ထူးတစ်ယောက် ကျွန်းရဲ့ဘဲအိမ်လေးထဲဝင်ကာ အမောဖြေနေလိုက်သည်။ သူတို့စခန်းနဲ့ကျွန်းက တစ်မိုင်နီးပါးဝေးသည်။ ဒီတစ်ခါလှေလှော်ရတာကလည်းပင်ပန်းသည်။ ဒါတောင် စက်တပ်ထားလို့တော်သေးသည်။ လှေက ကမ်းနားရောက်ခါနီးမှ လှော်ရသည်မဟုတ်ပါလား။

မောင်ထူးနားသို့အဘဆိုသော ဦးလေမြိုင် ရောက်လာသည်။ မောင်ထူးနားသို့ရောက်သောအခါ....

"မောင်ထူး ပြောပါဦးကွ ငါတွေဒီလောက်များများ ဘယ်လိုများရတာလဲ တစ်ခုခုတော့ တစ်ခုခုပဲလို့ ငါထင်တယ်....မင်းတို့ကို မ,စတဲ့သူတစ်ဦးဦးများ ရှိနေသလား..ဘာအဆောင်များရှိလို့လဲကွ ပြောပါဦး"





ထိုအခါမောင်ထူးလည်း အဘမြိုင်လာမေးနေ၍က တစ်ကြောင်း သူကိုယ်တိုင်ပြောချင်တာကလည်း ဗိုပါသည် မဟုတ်ပါလား။ မောင်ထူးက...

"အဘရေ နောက်မှပြောပြမယ်...အခုတော့ ငါးတွေကမ်းပေါ်ရောက်အောင် တင်ကြပါအုံးနော်"

"အေး ဟုတ်သားပဲ ငါက သိချင်ဇောများသွားလို့ပါကွ"

ငါးများကမ်းပေါ်သို့ပို့ပြီးတင်ကြသည်။ မောင်ထူးကတော့ လူတွေနားနေဆောင်သို့ထွက်သွားလေတော့သည်။ နောက်မှ အဘမြိုင်က သူသိချင်နေသောအရာကို မသိလိုက်ရမှာစိုးတဲ့အတွက် မောင်ထူးနောက်မှလိုက်လာသည်။ ထိုအခါမောင်ထူးလည်း အိမ်ထဲသို့ မဝင်တော့ပဲ အပြင်ကွပ်ပျစ်ပေါ်တွင် နားလိုက်သည်။ ထိုအခါ အဘမြိုင်က....

"မောင်ထူးပြောပါဦးကွ ငါသိချင်လှပြီ"

မောင်ထူးလည်းမရှိမဖြစ်ပြောလိုက်ရသည်။

"ဒီလိုအဘရေ စခန်းမှာ ထူးဆန်းတဲ့ ငါးလေးတစ်ကောင် ရထားတယ်"

"ဟေ ဘယ်လိုငါးမျိုးလဲကွ"

မောင်ထူးလည်း အဘမြိုင်မေးနေ၍ အတိုချုံးကာ ပြောပြ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ထိုအခါ အဘမြိုင်က…

"ဟင် ငါလည်းတွေ့ချင်လိုက်တာ…ငါလည်း တစ်ခါလောက် စနွားကိုလိုက်ကြည့်ချင်တယ်"

"အဘမြိုင် အားတဲ့ရက်ဆိုရင်လိုက်ခဲ့ပေါ့…အခုတော့ငါးတွေရွေးလိုက်ဦးနော်"

"အေးပါကွ"

အဘမြိုင်သည် ကျွားပါးစပ်တွင်ဦးစီးနေသောသူ အရာရာကိုကြီးကြပ်နေသူလည်း ဖြစ်သည်။ အဘမြိုင်က ဒီကျွန်းမှာနေလာတာကြာပါပြီ။ ယခုလည်း စနွားကိုမောင်ကြီးရောက်လာကတည်းက ငါးများများရနေသည်မှာ အဘမြိုင်အမြင်ပဲဖြစ်သည်။ တစ်ခါတစ်ခါ အဘမြိုင်တောင် မောင်ကြီးကို တစ်မျိုးမြင်မိသည်။ တစ်မျိုးဆိုတာကလည်း မောင်ကြီးကို အထင်ကြီးလာသည်။

မောင်ကြီးရောက်လာကတည်းက ငါးများများရနေတဲ့ အကြောင်းကို တစ်ခြားကျွားပါးစပ်များက ကြားသိ၍ မနာလိုဖြစ်နေကြသည်။ ယခုလည်း မောင်ထူးသယ်လာသောငါးများကို အားလုံးက အံ့ဩနေကြသည်။ တဆင့်စကားတဆင့်နားကနေပြီး တစ်ခြားကျွားပါးစပ်သို့ ရောက်သွားသည်။ အနီးနားက ကျွားပါးစပ်မှလူများက လာပြီးလေ့လာနေကြသည်။ ငါးများမှာလည်း အကြီးအလတ်များက





ပိုများသည်။

မောင်ထူးတစ်ယောက် ညနေရောက်တော့ လိုအပ်တာများယူငင်ကာ စနွားသို့ပြန်ခဲ့လေသည်။ မောင်ကြီးလည်း မောင်ထူးပြန်ရောက်လာတာနှင့် သူတို့နှစ်ဦး ပစ္စည်းများသယ်ကာ စနွားပေါ်သို့တင်လေသည်။ ထိုအခါမောင်ကြီးက…

"မောင်ထူး ကျွားပါးစပ်မှာ ဘာတွေထူးသေးလဲ…ဒါနဲ့ ငါးပိငါးခြောက်တွေ လာသယ်သွားပြီလား"

"အဲဒါကတော့မသယ်သေးပါဘူး အိမ်ထဲမှာအဆင်သင့်လုပ်ထားတာတော့ တွေ့တယ်…ဒီတစ်ခါ သူ့ဈေးတော့ အရမ်းဝမ်းသာမှာပဲ"

"ဘာဖြစ်လို့လဲကွ"

"ငါးပိငါးခြောက်တွေ အများကြီးရလို့လေ…ပုဇွန်ခြောက်တွေလည်း အရင်တစ်ခေါက်ကထက် ပိုများတယ်"

မောင်ထူးပြောတာတွေကို မောင်ကြီးတစ်ယောက်မကြားတစ်ချက်ကြားတစ်ချက်ဖြင့် ငါးလေးရှိသောငါးပုံးကိုသာ စိုက်ကြည့်နေမိသည်။ ငါးလေးစိုက်ကြည့်နေတာထက် တွေးနေတာကပိုပြီး မှန်ပေမည်ဖြစ်သည်။ သူ့ရင်ထဲမှာလည်း ဝမ်းသာပီတိဖြစ်နေမိတာ အမှန်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အင်း ငါးလေးရောက်လာပြီးကတည်းက ငါးများများရ လာခဲ့သည် မဟုတ်ပါလား။

ဝ





## ဆွမ်းအုပ်အနီလေးနဲ့မောင်ကြီး

ထားဝယ်မြို့(မောင်ငံရပ်)ထဲသို့ သူစိမ်းသုံးဦးကားတစ်စီးဖြင့် ဟိုဂှာဒီရှာလုပ်နေသည်။ သူတို့ရှာနေသောနေရာက ကိုယ်ပိုင်တိုက် များဖြင့်နေသော ရပ်ကွက်တစ်ခုဖြစ်သည်။ ထိုအခါကားမောင်းတဲ့သူက လမ်းချိုးတစ်ခုအတွင်းသို့ ဝင်လိုက်သည်။ လမ်းထောင့်တွင် ရေးထား သောဆိုင်းဘုတ်ကို ကြည့်လိုက်သည်။

ဇီဇဝါလမ်းသွယ် ၃ ဟုရေးထားတာတွေ့ရသည်။ ပြီးနောက် ကားလေးကိုဆက်မောင်းလာခဲ့သည်။ "ဟိုမှာမြင်နေရတဲ့ နှစ်ထပ်တိုက် လေးဖြစ်မလားပဲ" ကားမောင်းနေသောသူက သူ၏နံဘေးတွင်ထိုင် နေသောသူကို ပြောလိုက်သည်။ ထိုအခါရင်းလူက····

"ဖြစ်နိုင်တယ် မောင်ဦး···အဲဒီတိုက်နားရောက်အောင် မောင်းလိုက်"



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းတဲ့မောင်ဦးဆိုသူက သူ့ဘေးတွင်ရှိသော သူ့ဘေးတွင်ရှိသောသူကို တစ်ချက်ကြည့်လိုက်သည်။ ပြီးနောက် သူတို့ကားနားသို့လျှောက်လာနေသော မိန်းမကြီးနှစ်ဦးကို တွေ့လိုက်ရ၍

"ဒီမှာဒေါ်ဒေါ်. . .ဒီလမ်းထဲမှာကျားပါးစပ်လုပ်တဲ့ သူဌေးဦးစီမောင်နေတဲ့တိုက် ဘယ်မှာလဲဟင်"

ထိုအခါအဒေါ်ကြီးတစ်ယောက် သူတို့နားရောက်နေသော နေရာမှနောက်ပြန်လှည့်ကြည့်ပြီး. . .

"ဟိုမှာမြင်နေရတဲ့ နှစ်ထပ်တိုက်စိမ်းနရောင်လေးပဲ"

"ဩော် ဟုတ်ကဲ့ဒေါ်ဒေါ် ကျေးဇူးပါပဲ"

"အေး အေး အဒေါ်တို့လည်းသွားလိုက်အုံးမယ်"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

မောင်ဦးလည်း အစိမ်းနုရောင်နှစ်ထပ်တိုက်နားသို့ ကားလေးကိုမောင်းလာခဲ့တော့သည်။ ခြံရှေ့တွင်လေးဒေါင့်သံလုံးတံခါးကို သော့ခတ်ထားတာတွေ့လိုက်ရသည်။ ခြံရဲ့နံဘေးတွင် ဘဲလ်တစ်ခုတပ်ထားတာတွေ့လိုက်ရသည်။

ထိုအခါကားကိုခြံရှေ့တွင်ရပ်ကာ ခြံတံခါးနားသို့လျှောက်လာခဲ့ကြသည်။ ပြီးနောက်ခြံရှေ့အုတ်တိုင်နံရံထဲ၌ ကြေးနီဆိုင်းဘုတ်လေး တစ်ခုတွေ့လိုက်ရသည်။





"ခတ္တာဂေဟာ"

ထိုအခါလူသုံးယောက်ထဲမှ လူတစ်ယောက်က. . .

"ဥက္ကာ ဘဲလ်နှိပ်လိုက်ကွ"

အမိန့်ပေးလိုက်သောသူက သူ၏နံဘေးတွင်ရှိနေသော ဥက္ကာဆိုတဲ့လူကို မကြည့်ပဲပြောလိုက်သည်။

"ဟုတ်ကဲ့ ကိုနောင်"

ဥက္ကာလည်းသူ၏ဘေးတွင် တွေ့နေရသောဘဲလ်ကို နှိပ်လိုက်သည်။

"ကလင် ကလင် ကလင်"

ထိုအခါအိမ်ထဲမှ အိမ်ဖော်ဒေါ်ကျော့ထွက်လာခဲ့သည်။ သူနှင့် အတူခွေးတစ်ကောင်ပါ နောက်ကလိုက်လာတာတွေ့လိုက်ရသည်။ ဒေါ်ကျော့ခြံနားသို့ရောက်လာပြီး "ဘယ်သူနဲ့တွေ့ချင်လို့လဲ ငါ့တူတို့"

ထိုအခါဥက္ကာက "ဦးစီမောင်ရှိလားဟင်"

"အခုတော့မရှိသေးပါဘူး. . .တွေ့ချင်ရင်တော့ ကမ်းနားလမ်းက ပွဲရုံကိုလိုက်သွားပါ"

"ဩော် ဟုတ်ကဲ့. . .ကျေးဇူးပါပဲနော်ဒေါ်ဒေါ်"

"အေး အေး"

ဥက္ကာလည်း ဒေါ်ကျော့ကိုနှုတ်ဆက်ကာ သုံးဦးစလုံးကား



www.burmeseclassic.com

www.burmeseclassic.com



ပေါ်သို့ပြန်တက်ခဲ့သည်။ ကားပေါ်သို့ရောက်တော့ ကားကိုမောင်းသေး ပဲမောင်ဦးကမေးလိုက်သည်။

"ကိုနောင် ဘယ်ကိုမောင်းရမှာလဲ"

"ကမ်းနားကပွဲရုံကိုမောင်းကွ"

"ဘယ်ပွဲရုံလဲ ကိုနောင်"

ကိုနောင်လည်းဒေါက်ကြီးကို မမေးလာခဲ့မိ၍ တစ်ချက်စဉ်းစား လိုက်သည်။ ပြီးနောက်...

"ဟိုရောက်မှပဲ ဦးစီမောင်နာမည်နဲ့မေးပြီးရှာကြတာပေါ့ "

ဟု ကိုနောင်ကပြောပြီး မောင်းခိုင်းလိုက်တော့သည်။

ကားလေးကမ်းနားလမ်းသို့ ရောက်လာသည်။ ဦးစီမောင် ပွဲရုံကနာမည်ကြီးတဲ့သူဆိုတော့ သိပ်ပြီးမရှာရပါ။ ပွဲရုံရှေ့သို့ကားလေး ထိုးရပ်လိုက်သောအခါ ပွဲရုံထဲမှလူတစ်ယောက်ထွက်လာပြီး...

"အကိုတို့ ဘာများအလိုရှိပါသလဲဗျာ"

ထွက်လာသောလူငယ်လေးက ငါးပိငါးခြောက် ဝယ်တဲ့သူ ထင်လို့မေးလိုက်ခြင်းဖြစ်သည်။ ထိုအခါ မောင်ဦးက...

"ဦးစီမောင်နဲ့ တွေ့ချင်လို့ပါ"

"ဟုတ်ကဲ့ ရှိပါတယ်" ဟုပြောပြီးသူ့နောက်မှ လိုက်ခဲ့ရန် ပြောလိုက်သည်။ ပြီးနောက်ပွဲရုံရဲ့ အခန်းတစ်ခုထဲသို့ခေါ်သွားသည်။





အခန်းဆိုပေမဲ့ မှန်လုံတပ်ထားသည်။ အထဲမှအပြင်သို့ အားလုံးမြင်ရ ပြီးအပြင်မှ အထဲသို့ဘာမှမမြင်ရပါ။ ထိုအချိန်တွင် ဦးစီမောင်က ဧည့်သည်များပါလာသည်ကို တွေ့လိုက်၍ထိုင်ရာမှထပြီး...

"လာပါ...လာကြပါ ကျွန်တော် ဘာများအကူအညီပေးရ မလဲပြောပါ"

ခေါ်လာတဲ့သူကိုလည်း ဦးစီမောင်က...

"မောင်ကျော် လက်ဘက်ရည်သုံးခွက် လှမ်းမှာခဲ့ကွ"

"ဟုတ်ကဲ့ ဦးလေး "

မောင်ကျော်ပြန်ထွက်သွားပြီးနောက် ကိုနောင်ကလူရှင်းသွား ပြီဖြစ်လို့ ဦးစီမောင်ဘက်သို့လှည့်ကာ...

"ဒီလိုပါ အန်ကယ်...ကျွန်တော်တို့က ဦးမောင်မောင့်ရဲ့ မိတ်ဆွေတွေပါ"

ထိုအခါဦးစီမောင်က ပြောလိုက်သောလူကိုကြည့်လိုက်ပြီး အသက် ၄၅ လောက်ရှိမည်ဟုထင်ပါသည်။ ကျန်လူများက ၃၀ ကျော် ၄၀ ဝန်းကျင်ဖြစ်မည်ဟုခန့်မှန်းမိသည်။

"ဆိုပါ မောင်ရင် ဦးဘာလုပ်ပေးရမလဲ"

"ဦးကဘာမှလုပ်ပေးစရာ မလိုပါဘူး ဦးမောင်မောင်ရဲ့သား မောင်ကြီး ဒီကိုလာယ်တော့ ပြန်လာမလဲဆိုတာ သိချင်တာပါ။ သူပြန်



www.burmeseclassic.com

www.burmeseclassic.com



လာတဲ့အခါ သူ့ဆီမှာကျွန်တော်တို့လိုချင်တဲ့ ပစ္စည်းလေး(ပစ္စည်းဆိုပေမဲ့ ဦးမောင်မောင်နဲ့ကျွန်တော်တို့ပဲ သိတဲ့ပစ္စည်းပါ) အဲဒီပစ္စည်းကို ဦးရဲ့သားမောင်ကြီးဆီမှာ ရှိလိမ့်မယ်လို့ထင်ပါတယ်။ အဲဒါလာယူတာပါ။ လာယူတယ်ဆိုပေမဲ့ ကျွန်တော်တို့ကအလကားမယူပါဘူး။ တန်ရာတန်ဘိုးဖြတ်ပြီး ပေးခဲ့မှာပါ"

ထိုအခါ ဦးစိုးမောင်စဉ်းစားသွားသည်။ ဦးမောင်မောင်ဆုံးတဲ့နေ့က သူ့ရဲ့သားကိုဘာမှပေးသွားတာ မတွေ့ရပါ။ ပြီးတော့သူတို့မှာလည်း တန်ဖိုးရှိတဲ့ပစ္စည်းတွေပါလာတာလည်း မတွေ့ရပါ။ ဒီလူတွေ ဘာများတွေ့ထားလို့ လာယူတာလည်းဆိုတာ သိချင်စိတ်နဲ့မေးလိုက်မိသည်။

"မောင်ရင်တို့လာရှာတဲ့ပစ္စည်းက ဘာပစ္စည်းလဲဟင်…ဦးမသိရဘူးလား"

"ဦးသိလို့ ဦးကပေးမှာမို့လား…ဦးလေးမသိပါဘူး သူ့ရဲ့သား မောင်ကြီးပဲ သိမှာပါ"

"ဒါဆိုလည်း မောင်ကြီး နောက်တစ်ပါတ်ပြန်လာမှပဲ လာခဲ့ပါ"

"ဒါဆိုလည်း နောက်တစ်ပါတ်ပြည့်တဲ့နေ့မှာ ကျွန်တော်တို့ ထပ်လာခဲ့ပါမယ်။ ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါအုံး"





ဟုကိုနောင်ဆို တဲ့လူက ပြောပြီးမိတ်တပ်ရပ်လိုက်သည်။ ပြီးနောက်သူတို့သုံးဦးစလုံး ကားနားသို့ပြန်လာပြီး ကားလေးမောင်းထွက်လာခဲ့တော့သည်။

\+ + +

ရေသရဲ စက်လှေတစ်စီး…

ထိုအချိန်နဲ့ တဆက်တည်းပဲ မောင်ကြီးရှိသောစနွားနားသို့ စက်လှေတစ်စီးကပ်လာသည်။ စက်လှေရဲ့နာမည်ကတော့ (ရေသရဲ) ဆိုတာမောင်ကြီးသိလိုက်ပြီ။သူတို့တွေချိန်းထားတဲ့တစ်ပတ်ပြည့်လို့ ပြန်လာတယ်ဆိုတာသိလိုက်သည်။

လှေပေါ်မှ လူတစ်ယောက်ဆင်းလာသည်။ ၎င်းလူ၏ အသက်က ငါးဆယ်ဝန်းကျင်ဖြစ်ရှိလိမ့်မယ်ဆိုတာခန့်မှန်းမိသည်။ မောင်ကြီးက စနွားရဲ့တဲနားကကြည့်နေသည်။ သူ့ခဲ့ကို လှေပေါ်မှ ဆင်းလာနေသောလူကို စိုက်ကြည့်နေသည်။ ၎င်းလူသည် မောင်ကြီးနားသို့ရောက်လာပြီး…

"ဘယ်လိုလဲ မောင်ရင်…ဦးပြောတာ ဆုံးဖြတ်ပြီးပြီလား"

"ဘာကိုဆုံးဖြတ်ရမှာလဲဦး"

"မောင်ရင်ဆီမှာရှိတဲ့ပစ္စည်းလေး ဦးကိုပေးဖို့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးပြောတာ ကျွန်တော်မှနားမလည်တာ"

"ဦးထပ်ပြောမယ် ဦးမောင်မောင်ပေးထားခဲ့တဲ့ပစ္စည်းထဲက တစ်ခုလေး…ဒီအကြောင်းတွေကို မောင်ရင်ရဲ့အဖေလည်းမှာသွား လိမ့်မယ်လို့ ဦးထင်တယ်"

ရှင်းလူကြီးပြောတာကို မောင်ကြီးဘာမှနားမလည်ပါ သူ့ရဲ့ အဖေကလည်း သူ့ကိုဘာပစ္စည်းမှလည်း ပေးမသွားပါ။ ဘာမှလည်း မမှာသွားပါ။ ဘာကြောင့်ဒီလိုပြောရသလဲဆိုတာ မောင်ကြီး နား မလည်ပါ ဒါကိုဒီလူကြီးက ဘာတွေလာပြောနေတာလည်း မသိဘူး ဟု စိတ်ထဲမှပြောနေမိသည်။

"ဘယ်လိုလဲမောင်ရင် ဦးပြောတာလက်ခံရဲ့လား"

"ဦးလိုချင်တဲ့ပစ္စည်းက အခုကျွန်တော့်ဆီမှာမရှိပါဘူး"

ထိုအခါ ဦးခန့်မောင်က မောင်ကြီးကိုကြည့်ပြီးနောက် သူ့နောက်တွင်ရပ်နေသောသူ့ရဲ့လူနှစ်ယောက်ကို မျက်စပစ်ပြ လိုက်သည်။ ထိုအချိန်တွင် ဦးခန့်မောင်နောက်မှ လူနှစ်ယောက်က သဘောပေါက်ကာ တဲအတွင်းသို့ဝင်သွားလေသည်။ တဲအတွင်း၌ ထားသော သေတ္တာများကိုလိုက်ရှာသည်။ ပြီးနောက် ငါးလေးထည့် ထားသော မှန်ပုံးကိုမျက်စိရောက်သွားသည်။

"ဟာ… ဟင်"





ရှင်းလူနှစ်ယောက်ဟာ အံ့ဩတုန်လှုပ်ကာ မှန်ပုံးနားသို့ ရောက်သွားသည်။ ပြီးနောက် ငါးလေးကိုသေသေချာချာ ကြည့် လိုက်သည်။ ပြီးနောက် ဦးခန့်မောင်နားသို့ ပြန်လျှောက်လာသည်။ ထို့နောက် ဦးခန့်မောင်အနားသို့ကပ်၍ တိုးတိုးလေးကပ်ပြီး ပြော လိုက်သည်။

ထိုသို့ပြောပြီးနောက် ဦးခန့်မောင်က ငါးပုံးလေးနားသို့လျှောက် လာပြီး လာကြည့်သည်။ ဦးခန့်မောင်မျက်နှာတွင် အပြုံးရိပ် တစ်ခုသန်းကာ မောင်ကြီးနားသို့ ပြန်လာသည်။

"ကဲ မောင်ရင် ဦးပြောတာဘယ်လိုသဘောရလဲ…ဒီတစ်ခါ ဦးနောက်ဆုံးအကြိမ် ထပ်ပြီးပြောမယ်…လာမဲ့အပါတ်မှာထပ်လာ ခဲ့မယ်…ဒီတစ်ခါကျရင် မောင်ရင်ဦးပြောတာလက်မခံရင်တော့ ဦး တို့ကို အပြစ်မဆိုနဲ့တော့"

ဟု ဦးခန့်မောင်ပြောပြီး သူ့ရဲ့လူများကို လက်ဟန်ပြကာ ရေသရဲလှေပေါ်သို့ တက်သွားသည်။ ပြီးနောက် လှေလေး စမ်းမှ တဖြည်းဖြည်းခွါကာ ထွက်ခွါသွားလေသည်။

ထိုအခါမောင်ကြီးတစ်ယောက် စိုးရိမ်သွားမိသည်။ ပိုပြီး နှစ်ယောက်ဦးခန့်မောင်နားသို့ကပ်ကာ တိုးတိုး တိုးတိုး ဘာတွေပြော နေမှန်းမသိပေမဲ့ သူ့ရဲ့ငါးလေးကို စိတ်ပူသွားမိသည်။ဒီလိုနဲ့ ငါးလေးနား

www.burmeseclassic.com



သို့ မောင်ကြီး ရောက်လာပြီးကြည့်လိုက်မိသည်။ ပြီးမှစိတ်ချသွားလေတော့သည်။

"မောင်ကြီး မောင်ကြီးရေ့ . . ညီမကိုကယ်ပါအုံး . . . ညီမ မောင်ကြီးနဲ့ခွဲရတော့မယ် . . . သူတို့ညီမကိုလာခေါ်ကြလိမ့်မယ် . . ညီမကတော့ မောင်ကြီးနဲ့ . . . မောင်ကြီးနဲ့မခွဲပါရစေနဲ့ . . မောင်ကြီး ကြံပါအုံး"

မောင်ကြီးတစ်ယောက် သူ၏နားတွင် စကားသံများကြားလိုက်၍ အိပ်ရာမှလန့်နိုးသွားသည်။ လန့်နိုးနိုးချင်း 'ငါးလေးနား သို့သွားကြည့်သည်။ သူ့လက်ထဲမှာလည်း စလိုက်မီးလေးကိုင်ထားသည်။

ငါးပုံးလေးကို စလိုက်မီးထွန်းကြည့်လိုက်သောအခါ ငါးလေး မှာမီးရောင်ကြောင့် စူးရှသောအရောင်ကြောင့် ငါးပုံးလေးထဲတွင် ပတ်ပြေးနေသည်ကို တွေ့လိုက်ရသည်။ ငါးလေးကို ဂရုဏာသက်စွာ ကြည့်လိုက်မိသည်။ သူ၏အိပ်မက်ထဲတွင်လာပြောသော အမျိုးသမီး လေးကငါးလေးပဲဆိုတာ သူအသေအချာသိလိုက်သည်။ ဒါကြောင့် စိုးရိမ်ပူပန်မှုဖြစ်မိသည်။ သူဘာယ်လိုခေတင်ရှက်ပေးရမလဲဆိုတာ စဉ်း စားလိုက်သည်။ နာရီကိုကြည့်လိုက်သောအခါ နံနက်အာရုံတက် လေးနာရီ ရှိနေပြီဖြစ်သည်။ ဒါနဲ့သူလည်းခဏ အိပ်ရာထဲ ပြန်လှဲ အိပ်လိုက်သည်။





အိပ်ရာမှနိုးတော့ သူသေတ္တာထဲ၌ ထည့်ထားသောပစ္စည်း များကို ရှာကြည့်မိသည်။ သူ၏သေတ္တာအနီးဒေါင့်တစ်နေရာတွင် ကြေးနီခွက်အုပ်လေးကို တွေ့လိုက်ရသည်။ အမြင့် ၆လက်မခန့်ရှိ မည်ဟုခန့်မှန်းရသည်။ငင်းခွက်အုပ်လေးသည် ကြေးနီနဲ့လုပ်ထား၍ ကြေးနီရောင်လေးဖြစ်သည်။ ၎င်းခွက်အုပ်နီလေးသည် သူ၏ဖခင်ရဲ့ တစ်ခုတည်းသော အမွေပစ္စည်းတစ်ခုဖြစ်သည့်မှာ သေချာသည်။

၎င်းခွက်အုပ်နီလေးကို သူ၏ဖခင်မသေခင်က တစ်ရက်မှာ ပေးခဲ့သည်။ သူ့ကိုလည်းမှာကြားခဲ့သည်။ ၎င်းမှာကြားခဲ့တာကို သူ့အနေနဲ့ယခုထိမမေ့ပါ။

ထိုအချိန်တုန်းက သူ၏ဖခင်မှာ အိပ်ရာထဲတွင်လဲနေသည်။ သူ့ဖွေးဦးစီမောင်က ကျားပါးစပ်တွင်ကျွန်းမာရေးမကောင်း၍ ဝံတာဝယ် သို့ပြန်ခေါ်ပြီး ဆေးကုပေးသည်။ အဲဒီတုန်းကသူလည်း ဖခင်နားက မခွါရဘဲပြုစုပေးနေရသည်။ တစ်နေ့မှာအဖေကသူ့ကိုခေါ်ပြီး သူ၏ လွယ်အိတ်ထဲတွင်အမြဲသိမ်းထားသော အဝတ်အိတ်ရှုံလေးတစ်လုံး ထုတ်ကာ . . .

"သား မောင်ကြီး . . ."

"အဖေ ဘာပြောချင်လို့လဲဟင် . . ."

"ရော့ . . . ဒီအိတ်လေးကို ကိုယ်နှင့်မကွာမသိမ်းထားပါ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်နေ့မှာသားရဲ့ဘ၀ အပြောင်းအလဲကို ဒီအိတ်လေးထဲက လှပ်ပေးလိမ့်မယ်" ဟုပြောပြီးအဝတ်အိတ်ရှုံလေးကိုဖွင့်ကာ သူ့ကိုထုတ်ပြသည်။ ဖလက်မလောက်မြင့်တဲ့ ခွမ်းအုပ်နီလေး တစ်ခုဖြစ်နေတာတွေ့ရသည်။ ဒီခွမ်းအုပ်နီလေးကို အဖေက ဘာကြောင့် သိမ်းထားရတာလဲဟုမေးရန် ပြင်လိုက်ပေမဲ့ အဖေက သူ့ကိုကြည့်ကာ လက်ကာပြလိုက်သည်။

"ယခုအချိန်မှာ သားဘာမှမမေးပါနဲ့··သားအသက် ၂၅နှစ် ပြည့်တဲ့အချိန်ကြရင် ဒီခွမ်းအုပ်လေးဖွင့်ပါ···အဲဒါတော့ အဖေ့ကို ကတိပေးပါသား"

ဟုပြောလေသည်။ နောက်တနေ့တွင်ရောဂါက ကျွမ်းနေလို့ ဆရာဝန်များလက်လျှော့ကာ ပြန်သွားကြသည်။ ညနေတွင်အဖေ်ဆုံး သွားသည်။

သူဒီအကြောင်းတွေ သတိမထားမိတာကြာခဲ့ပါပြီ။ ယခု ဦးခန့်မောင်တို့ရောက်လာပြီး သူ့သေတ္တာကိုရှာလို့ သူလည်းပြန်ကြည့် မိသည်။ ပြန်ကြည့်တော့ ခွမ်းအုပ်နီလေးကိုတွေ့တော့ သူ၏အဖေ ကိုသတိရသွားသည်။

"အင်း အဖေရဲ့နောက်ဆုံးပေးသွားတဲ့ ခွမ်းအုပ်နီလေးရယ် ကျွန်တော့်ကိုပပေါင့် ဘာကြောင့်လုပ်နေရတာလဲဟင်"





သူ့အနေနဲ့ လည်းခွမ်းအုပ်လေးကို သူသွားတဲ့နေရာတိုင်း ယူဆောင်နေမိသည်။

ခွမ်းအုပ်နီလေးကလည်း သူနဲ့အမြဲပါလို့လားမသိပါ။ သူ့မှာ အမှုအခင်းသောကများ ဘာမှမရှိခဲ့ပါ။ ရန်ဆိုလည်းတခါမှမဖြစ်ခဲ့ပါ။ ခွမ်းအုပ်လေးကို ဖွင့်ကြည့်ချင်ပေမဲ့ သူ့ရဲ့အဖေကိုကတိပေးထားတာ သူမဖျက်ပါ။ သူ့ရဲ့အသက်ပြည့်ဖို့ကလည်း နှစ်နှစ်ပဲလိုတော့သည် မဟုတ်ပါလား။

○



www.burmeseclassic.com

www.burmeseclassic.com



## ထူးဆန်းသောမိန်းကလေးနဲ့ မောင်ကြီး

တစ်နေ့တွင်မောင်ထူးနှင့်မောင်ကြီးနှစ်ယောက် လှေလေးဖြင့် ပိုက်များလိုက်စစ်ဆေးနေသည်။ မိမိရဲ့စမ်းချောင်းကျားပါးစပ်ထဲသို့ ဝင်လာသော ငါးများပြန်မထွက်နိုင်ရန် ပိုက်ပေါက်များရှိမရှိ စစ်ဆေးနေသည်။ ပိုက်များကို လှေလေးပေါ်မှ ဆွဲတင်ကာ ဟိုကြည့် ဒီကြည့်လုပ်ကာ အပြစ်အနာအဆာမရှိသောပိုက်ကို ပြန်ချပြီး အပေါက်များရှိပါက ချက်ချင်းဖာလေသည်။

မောင်ထူးကအပေါက်ဖါပေးသည်။ မောင်ကြီးကပိုက်များကို သေသေချာချာ လိုက်ကြည့်သည်။ ထိုအခါမမျှော်လင့်ဘဲအဝေးသို့ လှမ်းကြည့်မိသွားသည်။ မောင်ထူးကိုပြောဖို့လုပ်တုန်း မောင်ထူးရဲ့ အလုပ်ပျက်သွားမှာစိုးတဲ့အတွက်ငင်း သူ့ရဲ့အမြင်အာရုံကမသေချာ သေး၍ မပြောသေးဖူးဟု ဆုံးဖြတ်လိုက်သည်။





ထိုအချိန်တွင် အဝေးမှမြင်နေရသောအရာမှာ ရေစီးနဲ့မျော လာနေသည်။ ရေစီးကသူတို့ရှိတဲ့ စမ်းဘက်သို့ဖြစ်နေ၍ ၎င်းမျော လာသောအရာမှာ တဖြည်းဖြည်းထင်ရှားလာသည်။ ထိုအခါမောင်ကြီး လည်းမနေနိုင်၍ မောင်ထူးကိုပြောလိုက်သည်။

"မောင်ထူး မောင်ထူး…"

မောင်ထူးကလှေဦးတွင်ထိုင်ပြီး ပိုက်ဖာနေ၍ ပထမခေါ်တဲ့ အသံကိုမကြားပါ။ ဒုတိယခေါ်မှပဲကြား၍ "အကို ဘာဖြစ်လို့လဲ ဘာလိုချင်လို့လဲဟင်…"

မောင်ထူးကသူမှာပိုက်ဖာတဲ့ မျှားတံလေးကိုလိုချင်၍လားဟု ပြန်မေးလိုက်ခြင်းဖြစ်သည်။ ဒါပေမဲ့မောင်ထူး ပြန်ပြောတာပြန်မဖြေ ပဲသူမြင်နေရတဲ့အရာဆီသို့ လက်ညှိုးထိုးပြလိုက်ပြီး "ဟိုမှာဘာလဲ မသိဘူး မျောလာနေတယ်"

ထိုချိန်ကျမှမောင်ထူးလည်း မောင်ကြီးပြလိုက်တဲ့အရာကို ကြည့်လိုက်မိတော့သည်။

"ဟင် အကိုအောက်ခံက ဖျာလား ဖေါင်လားမသိဘူး… အပေါ်မှာလူထင်တယ် ခေါင်းက ကျွန်တော်တို့ဘက်မှာရှိနေတော့ လူလို့ပဲထင်တယ်"

"အေး ဒါဆိုရင်လာ တို့လှေလေးကို သူတို့နားကပ်လှော်ပြီး သွားကြည့်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အကို" ဟုပြောပြီးလှေလေးကို နှစ်ယောက်သား အမြန်လှော်ခတ်ခဲ့တော့သည်။ အနားရောက်တော့ မောင်ထူးပြောသလိုပင် လူတစ်ယောက်ဖြစ်နေတာတွေ့လိုက်ရသည်။ အနားသို့ရောက်ပြီးသေသေချာချာကြည့်လိုက်တော့ မိန်းကလေးဖြစ်နေတာတွေ့လိုက်ရသည်။

"ဟင် မိန်းကလေးပါလား•••အသက်မှရှိသေးရဲ့လား"

ဟု မောင်ကြီးကစိတ်ထဲမှ ပြောလိုက်မိသည်။ ပြီးနောက် မိန်းကလေးနား သို့ရောက်သော် နှာခေါင်းနားသို့လက်ကပ်ကြည့်သည်။ ပြီးတော့ သွေးခုန်နှုန်းကိုသိလို၍ လက်ကောက်ဝတ်ကို တစ်ခါ ထပ်ပြီးစမ်းသပ်ပြန်သည်။ ထိုအခါ အသက်ရှိသေးတာတွေ့ရ၍ ဝမ်းသာသွားသည်။ အဝတ်အစားများမှာလည်း ရေလှိုင်းကြောင့်စိုရွှဲနေသည်။ အောက်ပိုင်းမှာဘောင်းဘီဝတ်ထား၍ တော်သေးသည်။ အပေါ်ပိုင်းကတော့ ယောကျ်ားဝတ်တီရှပ်လေးနဲ့မို့ လုံလုံခြုံခြုံရှိနေတာတွေ့ရသည်။

"ဒီမိန်းကလေးတစ်ယောက်တည်း အသက်ရှင်တာ အံ့ဩစရာပဲ•••အင်းလေ•••သေကံမရောက်အသက်မပျောက်ဆိုတဲ့ စကားကို သေကံမစေ့၍ မသေချင်လို့ပဲ မှတ်ယူရမှာပဲ"

ဒါနဲ့သူတို့နှစ်ဦး မိန်းကလေးပါလာသောဖေါင်လေးကို ကြိုးစ





တစ်ခုနဲ့ချည်ကာ သူတို့နေသောစခန်းသို့ ဆွဲလာခဲ့ကြသည်။

စခန်းပေါ်သို့နှစ်ဦးသား ၎င်းအမျိုးသမီးကို ခက်ခက်ခဲခဲတင်ယူရသည်။ ပြီးနောက်တဲအတွင်း၌ သူမကိုမောင်ကြီးရဲ့အဝတ်အစားများဖြင့်လဲလှယ်ပေးလိုက်သည်။ ထိုအချိန်တွင်မောင်ထူးက ရေနွေးအိုးတည်ရန်ထွက်သွားသည်။ ပြန်လာတော့ ရေနွေးရလာသည်။ ၎င်းရေနွေးဖြင့်ကော်ဖီတစ်ခွက် ဖျော်လိုက်သည်။ ထိုအချိန်တွင် မိန်းကလေးက နွေးနွေးထွေးထွေးဖြစ်သွားလို့ သတိရလာသည်။

"ဟင် ကျွန်မဘယ်ကိုရောက်နေတာလဲဟင်•••"

မေးလည်းမေး မောင်ကြီးတို့ကိုလည်း မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် ကြည့်နေမိသည်။ ဒါကိုမောင်ကြီးကသိ၍•••

"ညီမ ပင်လယ်ပြင်ထဲက အကိုတို့ စခန်းမှာ ရောက်နေတယ်•••ညီမသတိလစ်လျက် ဖေါင်နဲ့မျောနေတာ အကိုတို့တွေ့လို့ ခေါ်လာခဲ့တာပဲ"

ထိုအခါမိန်းကလေးမှာ မနေ့တစ်နေ့က အဖြစ်အပျက်ကို မြင်ပြီးသတိရမိသွားသည်။

သူမစီးနင်းလိုက်ပါလာသော စက်လှေ(ရန်ကုန်သွားမဲ့ စက်လှေ) ထားဝယ်မြို့မှအထွက် ရှင်မော်နားအရောက်မှာ လှိုင်းထဲမှ "ဝုန်း"ဟုသောအသံကြားလိုက်ရသည်။ ခဏကြာတော့ လှေ



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းထဲသို့ ရေများဒလဟောဝင်လာတာ တွေ့လိုက်ရသည်။ ကူညီမယ့်သူလည်း ဘယ်သူမှမရှိပါ။ အချိန်ကလည်း ညဘက်ဆိုတော့ ပိုဆိုးသည်။ သူမကအိမ်ကထွက်ပြေးလာတဲ့သူ တစ်ယောက်ဖြစ်သည်။ သူမနှင့်အတူဘယ်သူမှမပါပါ။ ရန်ကုန်ကိုသွားမည်ဟုသာ ထွက်လာခဲ့သည်။ ထားဝယ်မြို့မှ ရန်ကုန်ကိုထွက်မဲ့စက်လှေတစ်စီး တွေ့၍လိုက်လာခဲ့ခြင်းဖြစ်သည်။

အခုတော့ရန်ကုန်မရောက်ပဲ ပင်လယ်ထဲမှာပဲ ရှိနေသေးတယ်ဆိုတာ သိလိုက်ရသည်။ သူမအဖြစ်ကို မောင်ကြီးတို့ကိုလည်း အတိုချုံးကာပြောပြလိုက်သည်။

"ဒါဆိုညီမက အိမ်ကထွက်ပြေးလာတာပေါ့ဟုတ်လား‥ ဘာဖြစ်လို့လဲဟင်"

မောင်ကြီးကသိချင်၍ မေးလိုက်ခြင်းဖြစ်သည်။ ပြီးတော့ မိန်းကလေးတစ်ယောက်ထဲ ဖြစ်နေတာကြောင့် စိတ်ပူပြီးမေးလိုက်ခြင်းဖြစ်သည်။

"ညီမပထွေးရန်ကို ကြောက်လို့ပါ။ ပထွေးရန်ဆိုလို့ ညီမကို စော်ကားတဲ့အကြံမဟုတ်ပါဘူး။ ညီမရဲ့အဖေ ပေးထားခဲ့တဲ့ပစ္စည်းကို လစ်ရင်လစ်သလို တောင်းလို့ပါ။ ညီမကလည်း အဖေရဲ့နောက်ဆုံး ပေးသွားတဲ့ပစ္စည်းကို မပေးချင်လို့ ယခုလိုထွက်ပြေးခဲ့တာပါ။





မောင်ကြီးလည်း မိန်းကလေးရဲ့စိတ်ဓါတ်နဲ့ သူ့ရဲ့စိတ်ဓါတ် သူ့ရဲ့အဖြစ်အပျက်နှင့်တူနေတာတွေ့လိုက်ရ၍ စိတ်မကောင်းဖြစ်သွားသည်။

"ဒါနဲ့ ညီမရဲ့အဖေပေးသွားတဲ့ပစ္စည်းက ယခုညီမဆီမှာရှိလို့လား‥‥ကဲ ညီမနွေးသွားအောင် ဆေးတစ်လုံးနဲ့ ကော်ဖီလေး သောက်လိုက်ပါအုံး"

မိန်းကလေးလည်း မောင်ကြီးပေးလိုက်သော ဆေးနဲ့ကော်ဖီကိုယူကာသောက်လိုက်သည်။ ခဏကြာတော့ကော်ဖီပူပူလေးကြောင့်လား ဆေးကြောင့်လားတော့မသိပါ ရင်ထဲမှာနွေးထွေးသွားပြီးပေါ့ပါးသွားသည်။

"ဒါနဲ့ညီမရဲ့နာမည် ဘယ်လိုခေါ်လဲ"

"ဟာ ဟုတ်သားပဲ‥‥ညီမလည်းမေ့သွားတယ် ညီမရဲ့နာမည်မပြောပဲ စကားတွေအများကြီးပြောဖြစ်သွားတယ်နော်။ ညီမရဲ့ ညီမရဲ့နာမည်က ရှင်နှောင်းမေတဲ့‥ရေမြို့ရဲ့ မြို့စွန်တစ်နေရာမှာနေတယ်။ ညီမတို့နေတဲ့နေရာလေးက တောင်တွေနဲ့နီးတယ်‥အခွင့်သာရင်အကိုတို့ကို အလည်ခေါ်အုံးမယ်‥‥အခုတော့ညီမအကိုတို့ဆီမှာ ညီမနေရအုံးမယ်‥ဒါနဲ့အကိုတို့က ဒီမှာဘာလုပ်ကြတာလဲဟင်‥ပင်လယ်ထဲမှာ ပျင်းစရာကြီး‥‥"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမောင်ကြီးက သူမပြောမှသတိရသည်။ သူတို့မှာက ဖျင်းစရာဆိုလို့ ညဖက်မှာသာရှိသည်။ နေ့ခင်းဘက်ဆိုရင် ပျင်းဖို့တောင်အချိန်မရပါ။ ပိုက်တွေလိုက်စစ်ဆေးပြီးရင် ထမင်းစားခထားနား နောက်ပြီးဝါးလုံးတိုင်များနိုင်မနိုင် တစ်ခါစစ်ဆေး ဒီလိုနဲ့သာအချိန်ကုန်ရသည်။ငါးများပေါ်တဲ့အခါဆိုရင် ပိုပြီးအလုပ်များသည်။ ရလာတဲ့ငါးများကိုငါးပိသိပ် ငါးဆားနယ် ရင်ခွဲနေလှမ်းနှင့် အလုပ်အားတယ်လို့မရှိပါ။

အခုတော့ မိန်းကလေးရှင်နှောင်းမေကို သူ့ရဲ့လုပ်ငန်းအကြောင်းပြောပြလိုက်သည်။ ရှင်နှောင်းမေကလည်း "စခန်းဆိုတာကြားဖူးတာပဲရှိတယ်။ တစ်ခါမှမရောက်ဖူးဘူး အခုမှရောက်ဖူးတာ ဒါဆိုအကိုတို့က မြို့ကိုဘယ်တော့ပြန်လဲ…"

"ဒီမှာအလုပ်များရင်တော့ မပြန်ပါဘူး။ အရေးအကြောင်းရှိရင်တော့ လမ်းကြုံတဲ့စက်လှေနဲ့ လိုက်သွားတာပဲ နောက်ပြီးဒီကိုလည်းတစ်ပါတ်တစ်ခါ စက်လှေရောက်တယ်လေ,…"

"ဘာလာလုပ်တာလဲ…"

"ရိက္ခာတွေလာပို့တယ် ဒီမှာရှိတဲ့ငါးတွေလာသယ်တယ်လေပြီးတော့ ကျွန်းကိုပို့တယ်။ ကျွန်းမှလုပ်ပြီးတဲ့ ငါးဝိငါးခြောက် ပုဇွန်ခြောက်တွေကို မြို့ကိုသယ်သွားပြီး ပွဲရုံမှာရောင်းတယ်လေ"





"ဒါဆိုအကိုတို့မှာ ကိုယ်ပိုင်ပွဲရုံရှိလား"

"ရှိတာပေါ့"

"ဘယ်နားမှာ ရှိတာလဲဟင်"

"တေးဝယ်မြို့ကမ်းနားလမ်း ကျောက်မော်တံတားနားမှာ"

"ဟင် ဒါဆို သူဌေးဦးစိမောင်ပွဲရုံလား"

"ဟုတ်တာပေါ့ "

"ညီမကသိလို့လား "

"သိတာပေါ့ အဲဒီမှာညီမရဲ့ဦးလေးက အလုပ်လုပ်တယ်လေ"

"ဩော် အခုတော့ပွဲရုံမှာလုပ်တဲ့ အလုပ်သမားရဲ့တူမက စခန်းကိုရောက်နေတာပေါ့"

"ဟုတ်တယ်"

ရှင်နှောင်းမေစိတ်ဆိုးပြီး နှုတ်ခမ်းစူထော်ထော်ဖြင့် ပြောလိုက်သောအမူအရာကိုကြည့်ပြီး မောင်ကြီးသဘောကျနေမိသည်။ သူတို့နှစ်ဦးတည်းရှိသောစခန်းမှာ ယခုလိုကန္တာလျှ မိန်းကလေးတစ်ယောက်ရောက်နေတော့ သူတို့မှာမပျင်းတော့ပါ။ ယခုလည်းစကားပြောဖော်ရနေလို့သူတို့မှာ အလုပ်လုပ်ဖို့တောင်မေ့နေကြသည်။ ဒါပေမဲ့အလုပ်က နောက်မှလုပ်လည်းရသည်။

မနက်ဖြန်ဆို ရေထရက်ဖြစ်လို့ ပိုက်ဖေါ်ရမည်။ ပိုက်ဖေါ်ရင်



www.burmeseclassic.com

www.burmeseclassic.com



ငါးမျိုးစုံရလာတော့မည်။ အဲဒီအခါကျရင် အမျိုးအမည်ခွဲရဖုံးမည်မဟုတ်ပါလား။

"အကို အကိုဘာတွေစဉ်းစားနေတာလဲ စကားလည်းမပြောဘူး"

မောင်ကြီးလည်း ရှင်နှောင်းမေခေါ်လိုက်မှ သတိဝင်လာပြီး

"ဩော် ဘာမှမဟုတ်ပါဘူး…မနက်ဖြန်အလုပ်များမယ်လေ…အဲဒါ အစီအစဉ်ခွဲနေတာပါ"

"ဘာတွေလုပ်မှာမို့ အလုပ်များမှာလဲဟင်"

"မနက်ဖြန်ပိုက်ဖေါ်မယ်လေ ပိုက်ဖေါ်ရင်ငါးတွေရလာမှာ ငါးတွေရလာရင်ရွေးဖို့ ထည့်ဖို့အမျိုးအစားခွဲဖို့ လုပ်ရမှာမို့ပါ"

"ဒါများအကိုရယ် ညီမပါဝိုင်းကူမှာပေါ့… ညီမလည်း အကိုတို့ကျွေးတာစားခဲ့ပြီးပြီး အသက်ကယ်တာလည်း ခံခဲ့ရပြီးပြီလေ အကိုတို့က ညီမရဲ့အသက်သခင်ပါပဲ…ညီမပါဝိုင်းကူပေးမှာပေါ့"

မောင်ကြီးရှင်နှောင်းမေ ပြောလိုက်သောစကားကြောင့် သူမကိုစိုက်ကြည့်မိသည်။ သူ့ရဲ့အကြည့်ကို ဘယ်လောက်ကြာကြာကြည့်မိမလဲမသိပါ။ ရှင်နှောင်းမေ ဟိုတက်လှည့်သွားတော့မှ သတိဝင်လာပြီး…

"ဟုတ်သားပဲနော် "





"ဘာဟုတ်တာလဲ အကို"

ရှင်နှောင်းမေ ပြန်မေးလိုက်သောစကားကြောင့် သူမှာဘာပြောရမှန်းမသိတော့ပါ။ ခုနကရှင်နှောင်းမေပြောခဲ့သော စကားများမှာလည်းမကြားတစ်ချက် ကြားတစ်ချက်ဖြစ်သွား၍ ဘာမှန်းမသိလိုက်ပါ။ ယခုလိုပြန်မေးလိုက်တော့ သူမှာဘာဖြေရမှန်းမသိဘဲ ဖြစ်သွားခဲ့သည်မဟုတ်ပါလား။

၀



www.burmeseclassic.com

www.burmeseclassic.com



## ရှင်နှောင်းမေနဲ့မောင်ကြီး

ယနေ့ပါဆိုရှင်နှောင်းမေရောက်နေသည်မှာ သုံးရက်ရှိနေပါပြီ။ ရိက္ခာလည်းပြတ်လုနီးပါ ဖြစ်နေပါပြီ။ မောင်ကြီးတစ်ယောက် ရှင်နှောင်းမေရောက်လာပြီးကတည်းက အလုပ်ပါများနေ၍ ငါးလေးနားကိုတောင် သူ မရောက်တော့ပါ။ အစာကိုလည်း မောင်ထူးပဲ ကျွေးနေရသည်။ ဒီနေ့တော့ မောင်ကြီးလည်းငါးလေးနားသို့ ကပ်လာသည်။ ငါးလေးကိုသူတို့က ရှေ့ကခန်းဆီးကာထား၍ ရှင်နှောင်းမေလည်း သတိမထားမိပါ။

ငါးလေးကိုသူတို့ခန်းဆီး ဘာကြောင့်ကာရသလဲဆိုတာ ဦးခန့်မောင်တို့လူစုရဲ့ရန်ကို ကြောက်လို့ပဲ။ ဒီတစ်ခါလူစိမ်းလာရင် ငါးလေးကို အလွယ်တကူမသိစေချင်၍ဖြစ်သည်။ အခုလည်း ရှင်နှောင်းမေရောက်တာ သုံးရက်တောင်ရှိသွားပြီ။ ငါးလေးကို မောင်ကြီး





နဲ့အခုမှ အတူတွေ့ရသည်။

"အကို ငါးလေးကိုဘာဖြစ်လို့ မှန်ပုံးနှစ်ထားရတာလဲဟင်"

တကယ်တော့ရှင်နှောင်းမေက အပြင်ဘက်မှနေ၍ ငါးပုံးကိုသာမြင်၍ပြောလိုက်ခြင်းဖြစ်သည်။ ငါးလေးကို သေသေချာချာ မမြင်ရသေးပါ။ သူမကလည်း ပြောလည်းပြော မောင်ကြီးနားသို့ ကပ်လာပြီး ငါးလေးကိုမြင်ချင်၍ သေသေချာချာကြည့်လိုက်မိသည်။

"ဟင်...ဟာ အကို" ဟုသာပြောပြီး ဘာဆက်ပြောရမှန်းမသိဘဲငါးလေးကိုသာ ကြည့်နေမိသည်။ ငါးလေးကလည်းသူမကို ကြည့်နေသည်။ ကြည့်နေပုံကလည်း မနာလိုလိုကြည့်တဲ့အကြည့်မျိုး ဖြစ်နေသည်။ ဒါကိုမောင်ကြီးသိလည်း မောင်ကြီးအနေနဲ့ ငါးလေးနဲ့ နေလာခဲ့တာ ကြာခဲ့ပြီဆိုတော့ ငါးလေးရဲ့မျက်နှာကိုကြည့်တာနဲ့ အကဲခတ်မိသည်။

ရှင်နှောင်းမေကလည်း ငါးလေးကိုအံ့သြသောစိတ်ဖြင့် ကြည့်နေမိသည်။ ပြီးနောက်သတိဝင်လာပြီး...

"အကို...အကို...ဒီငါးလေးဘယ်ကရတာလဲဟင်"

"ပင်လယ်ထဲကပဲ"

"ဘယ်လိုရတာလဲ အရမ်းထူးဆန်းတာပဲ ညီမတစ်ခါမှမမြင်ဖူးဘူး... လူမျက်နှာလေးနဲ့တူသလိုပဲ မိန်းကလေးမျက်နှာနဲ့ပိုပြီး



www.burmeseclassic.com

www.burmeseclassic.com



တာတယ်"

"ဟုတ်တယ်ညီမ..ဒါကြောင့်လည်း အကိုက ဒီငါးလေးကို မှန်ပုံးလေးနဲ့မွေးထားတာပါ"

"ငါးလေးကချစ်စရာလေးနော်..အရမ်းလည်းထူးခြားတာပဲ အကို မြို့ကိုယူမသွားဘူးလား"

"ဒီတစ်ခါမြို့သွားရင်ယူသွားမလားလို့ စိတ်ကူးမိတယ်.. အိမ်မှာဆိုအရမ်းထူးခြားမှာပဲ..လာတဲ့လူတိုင်းအံ့သြကြမှာပဲနော်"

ရှင်နှောင်းမေရဲ့ပြောစကားကို မောင်ကြီးမကြားတော့ပါ။ ဘာဖြစ်လို့လဲဆိုတော့ ငါးလေးကိုသူနဲ့ခွဲပြီး ဘယ်ကိုမှမပို့ချင်လို့ပဲ။ သူမပြောတာကတော့အကောင်းပြောပေမဲ့ မောင်ကြီးက ငါးလေးကို ပင်လယ်ထဲမှာပဲ လွှတ်လွှတ်လပ်လပ်ထားတာက ပိုပြီးကောင်းလိမ့်မယ်ဟုထင်မိသည်။ တကယ်လို့များ သူမကလာတောင်းခဲ့ရင်လည်း ငါးလေးကို ပင်လယ်ထဲကိုပဲ ပြန်လွှတ်မည်ဟု ဆုံးဖြတ်ထားမိပါသည်။

○





## ခတ္တာမောင်ဂေဟာ

ခတ္တာမောင်တစ်ယောက် ယနေ့စောစောနိုးနေသည်။ သူမ ဈေးမှပြန်လာကတည်းက တစ်ယောက်ယောက်ကို လွမ်းမိသလို ခံစားရသည်။ သူမကသာလွမ်းနေရသည်။ သူကတော့ဘာမှသိမှာ မဟုတ်ပါ။ တကယ်တော့ သူမကသူ့ကိုမမြင်ရတာကြာနေလို့ တွေ့ချင်မြင်ချင်လွန်းလို့ ပင်လယ်ထဲထိလိုက်သွားမိသည်။ သူမကိုလိုလို ချင်ချင်ဖြစ်ပုံလည်း မတွေ့ရပါ။ ဘာကြောင့်လည်း အဖေများပါလို့လား ဒါမှမဟုတ် ဘေးမှာလူတွေရှိနေလို့လားလို့ ထင်မိပါသည်။

လွမ်းလိုက်တာမောင်ကြီးရယ် ညီမကသာလွမ်းရတာပါ။ မိန်းကလေးဆိုတော့လည်း ဘာမှပြောလို့မရပါ။ လွမ်းတာတောင် ပေါ်ပေါ်တင်တင်မပြောရဲတဲ့ဘဝ...မောင်ကြီးကိုသူမက ငယ်ငယ်



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက သံယောဇဉ်ဖြစ်လာခဲ့သည် မဟုတ်ပါလား။ ကျောင်းသွား ကျောင်းလာအတူတူတက်လာခဲ့တော့လည်း သံယောဇဉ်ကဖြစ်လာမိ တာမဆန်းပါ။

သူမအိပ်ရာထဲမှထလာခဲ့သည်။ သူမအနေနဲ့ တနေ့က မောင်ကြီးကိုတွေ့လိုက်ရလို့ ပျော်လာခဲ့တာတော့အမှန်ပါပဲ။ ဒီရက် ပိုင်းမှာလည်း မောင်ကြီးမြို့ကိုပြန်လာမယ်ဆိုတာ သူသိထားသည်။

ဒါပေမဲ့ပြန်လာမှဖြစ်ပါ့မလားလို့ သူစိတ်ထဲတွေးမိသည်။ အကြောင့်လည်းဆိုတော့ သူမှာကအဖေါ်ဆိုလို့ ငါလေးပဲရှိနေခဲ့သည် မဟုတ်ပါလား။ "ဒီငါးလေးဟာလည်း တော်တော်ထူးတာပဲ ဘယ်လို တနေ့မောင်ကြီးဆီရောက်နေရတာလဲ ဒီတစ်ခါမြို့ကိုလာရင် ပါလာရင် ကောင်းမှာပဲ"ဟု စိတ်ထဲမှပြောနေမိသည်။ ထိုအခါ...

"ခတ္တာရေ...ခတ္တာ သမီးလေး"

"ရှင် ဒေါ်ဒေါ်"

ဒေါ်ကျော့၏တံခါးအပြင်ဘက်မှခေါ်သံကို ခတ္တာကြားလိုက်၍ ထူးလိုက်သည်။ ပြီးနောက်တံခါးကိုလာဖွင့်ကာ "ဒေါ်ဒေါ် ဘာဖြစ်လို့ လဲတောင်"

"ထမင်းစားဖို့လာခေါ်တာပါ။ အောက်မှာဦးလေးလည်းပြန် ရောက်နေပြီ...သမီးကိုစောင့်နေတယ်"





"ဟုတ်ကဲ့ ဒေါ်ဒေါ် အခုပဲဆင်းလာခဲ့မယ်"

ဒေါ်ကျော့ပြန်ထွက်သွားပြီးနောက် ခတ္တာမြန်မြန်လုပ်ပြီး အိမ်အောက်သို့ဆင်းလာခဲ့လေသည်။

"သမီး လာထမင်းစားရအောင် ဘဘ(ဖေဖေ) စောင့်နေ တယ်"

"ဟုတ်ကဲ့ ဘဘ"

ခတ္တာဦးစီမောင်နားတွင် ဝင်ထိုင်လိုက်သည်။ သားအဖ နှစ်ယောက်ထမင်းအတူစားပြီးနောက် ညနေခင်းတွင်ဦးစီမောင်ကခဏ နားနေသည်။ ထိုအခါဦးစီမောင်နားသို့ ခတ္တာမောင်ရောက်လာပြီး

"ဘဘ ပွဲရုံပြန်သွားရဦးမလား"

"သွားရမယ်လေ...မောင်ကြီးတို့ဆီကငါးတွေ ဒီနေ့ရောက် မယ်...ဒါနဲ့သမီးကိုမေးရဦးမယ်...တနေ့ကအိမ်ကို ဘယ်သူတွေ လာသွားသေးလဲ"

"အင်း...ဘဘပြောမှသမီးသတိရတယ် အိမ်ကို လူ သုံးယောက်လာမေးသွားတယ်...ဒေါ်ကျော့က ဘဘအိမ်မှာမရှိလို့ ပွဲရုံလွှတ်လိုက်တယ်...လာသွားလား"

"လာသွားတယ်...သူတို့ ဘဘတို့ပွဲရုံ ဘာကြောင့်လာ သလဲဆိုတာသမီးသိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း…မသိဘူး"

"သူတို့မောင်ကြီးဆီကိုလာတာ…ပြီးတော့ မောင်ကြီးရဲ့ပစ္စည်းတွေကိုလိုချင်လို့တဲ့…မောင်ကြီးမှာက ဘာပစ္စည်းတွေရှိနေလို့ လာတောင်းတာလဲဆိုတာ ဘာဘာလည်းမသိဘူး…သမီးကောသိလား"

"သမီးလည်း ဘာမှမသိပါဘူး…မောင်ကြီးရဲ့ပစ္စည်းတွေကလည်း သူ့အခန်းထဲမှာ ဘာမှမရှိပါဘူး"

ထိုအခါ ဦးစီမောင်စဉ်းစားကာ…

သူတို့ဘာပစ္စည်းတွေများ လိုချင်ကြလို့လဲ။ မောင်ကြီးမှာက သူသိသမျှ ဘာမှမရှိတာ။ ဘယ်ကလာပြီး ဒီလူတွေ ပေါ်လာရတာလဲ ဒီတစ်ခါလာရင် သေသေချာချာမေးကြည့်ရမယ်ဟု စိတ်ထဲမှတေးကာ ပြောနေမိသည်။

ထို့နောက် ဦးစီမောင်ပွဲရုံသို့ပြန်ထွက်သွားလေတော့သည်။

○





## ပင်လယ်ပျော်နဲ့ ရှင်နှောင်းမေ

မောင်ကြီးတစ်ယောက် ပိုက်များလိုက်လံစစ်ဆေးနေသည်။ ရှင်နှောင်းမေလည်း သူနဲ့အတူပါလာသည်။ လှေလေးပေါ်တွင် နှစ်ယောက်သား ပိုက်များစစ်ဆေးနေစဉ် သူတို့စခန်းနားသို့ လှေတစ်စင်း ဦးတည်လာနေသည်။ လှေလေးကိုအဝေးမှ တဖြည်းဖြည်းအနားသို့ ရောက်လာသောအခါ မောင်ကြီးဝမ်းသာသောမျက်နှာဖြင့်…

"ဟင် ပင်လယ်ပျော်စက်လှေပါလား ဟုန်ကျတာပဲ"

"ညီမတော့ မြို့ကိုပြန်လို့ရသွားပြီ"

"ဘာဖြစ်လို့လဲဟင် အကို"

"ဟိုမှာလာနေတဲ့စက်လှေက အကိုတို့လှေပဲ ငါးတွေလာသယ်တာလေ ဒီလှေနဲ့ညီမပြန်လိုက်သွားတော့။ မြို့မှာဆိုညီမသွားချင်ရာ ရောက်နေရာသွားလို့ရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အကိုရော ပြန်မလိုက်ဘူးလား"

"အကိုက နောက်တစ်ခေါက်မှ လိုက်မှာပါ။ နောက်တစ်ခေါက်ဆိုရင် ငါးတွေရဖို့နည်းသွားပြီ။ ညီမကအခုအခေါက်နဲ့ လိုက်သွားလိုက်ပါ။ မြို့ကိုရောက်မှ တွေ့ကြတာပေါ့"

အခုသူတို့စကားပြောနေစဉ် ပင်လယ်ပျော်စက်လှေက စနွားနားသို့ကပ်လာသည်။ ထိုအခါစက်လှေပေါ်မှ လူတစ်ယောက်က စနွားပေါ်သို့ကြည့်ကာ...

"ဟေး မောင်ကြီး...မောင်ကြီးရေ...ညီမတို့လာပြီလေ ထွက်မကြိုတော့ဘူးလား"

"ဟား ဟား ဟား"

ထိုသို့ပြောပြီးနောက်မှလူများက ဝိုင်းရယ်ကြလေသည်။ သူတို့အားလုံး အားလုံးဆိုတာက လှေသားများသည် မောင်ကြီးကို အရင်းခင်ကြသောသူများဖြစ်၍ လာတိုင်း ယခုလိုစနေကြဖြစ်သည်။ အခုလည်းမောင်ကြီးကို မတွေ့၍အော်ခေါ်ကာ စကြလေသည်။ ထိုအခါ သူတို့စက်လှေနားသို့ လှေလေးနှင့်မောင်ကြီးတို့ ရောက်လာကြသည်။ ပြီးနောက်စနွားပေါ်သို့တက်ကာ...

"ဟေး ညီကြီး...ငါဒီမှာပါကွ"

ညီကြီးဆိုသောသူက စနွားရဲ့အနောက်ဖက်သို့ လှမ်းကြည့်လိုက်သည်။





"ဟင်"

ညီကြီးကမောင်ကြီးကို အံ့သြသောအကြည့်ဖြင့် ကြည့်လိုက်သည်။ ဘာကြောင့်လည်းဆိုတော့ မောင်ကြီးနားတွင် မိန်းကလေးတစ်ယောက်နဲ့တွဲလျက် တွေ့လိုက်ရသောကြောင့်ဖြစ်သည်။

"လာလေကွာ ညီကြီး...ဒီမှာငါးတွေပုဇွန်တွေ အဆင်သင့်လုပ်ထားတယ်...လှေပေါ်တင်ရုံပဲ"

ညီကြီးကမောင်ကြီးပြောတာစိတ်မဝင်စားတော့ပဲ မောင်ကြီးဘေးကမိန်းကလေးကိုသာ စိုက်ကြည့်နေသည်။ ထိုအခါမောင်ကြီးက

"ဟိတ်ကောင်...ငါပြောတာကြားရဲ့လား"

မောင်ကြီးပြောလိုက်မှ ရှင်နောင်းမေလည်းရှက်ပြီး ဟိုဘက်သို့ လှည့်သွားသည်။ ညီကြီးလည်းအခုမှသတိဝင်ကာ...

"အေးပါကွ...ဒါနဲ့မောင်ထူးလည်း မတွေ့ပါလား"

"ကျွန်းဘက်ကိုခဏသွားတယ်...ညနေပြန်ရောက်မယ်"

ထိုအချိန်တွင် ရှင်နောင်းမေက တဲအိမ်လေးထဲသို့ဝင်သွားလေသည်။ ထိုအခါကျမှ ညီကြီးက...

"မောင်ကြီးသူလေးကဘယ်သူလဲကွ...ချောလှချည်လား မင်းဆီ ဘယ်လိုရောက်နေတာလဲ"

မောင်ကြီးလည်း မိတ်ဆက်ပေးဖို့မေ့သွားတာ အနှာင်တရ



www.burmeseclassic.com

www.burmeseclassic.com



ခိုသည်။ တော်ကြာသူတို့က မိန်းကလေးကိုတမျိုးထင်မှာလည်းစိုးရိမ်မိသည်။

"သူကပင်လယ်ထဲမှာ မုန်တိုင်းမိပြီးမေါင်နှင့်ပါလာတာပါ။ ငါတို့ကယ်ထားတာ သုံးလေးရက်ရှိသွားပြီ··အဲဒါမင်းတို့ကိုပြောဖို့မေ့သွားတယ်···သူနာမည်ကရှင်နောင်းမေတဲ့ ရေမြို့က··· အဲဒါမင်းတို့ ထားဝယ်ပြန်ရင် သူ့ကိုထည့်လိုက်မယ် ·ကောင်းကောင်းခေါ်သွားကြနော်"

"အေးပါကွ စိတ်ချပါ ဒုက္ခရောက်နေတဲ့သူဆိုတော့ ငါတို့ပို့ပြီးဂရုစိုက်မှာပါ"

"ဒါနဲ့ငါးတွေကများလှချည်လား···မင်းစန္ဒားကတော့ ငါးအများဆုံးရတာပဲ"

ညိုကြီးကလှေဦးစီးဆိုတော့ မောင်ကြီးကိုလည်း အရမ်းခင်သည်။ မောင်ကြီးနဲ့ညိုကြီးက အသက်သိပ်မကွာပေ။ သူတို့ကတွေ့တိုင်း နင်နဲ့ငါသာပြောနေကြသည်။ ထိုအခါ ညိုကြီးကတဲလေးအတွင်းမျက်စိရောက်သွားသည်။

မောင်ကြီးရဲ့တဲအတွင်းတွင် မှန်ပုံးလေးတစ်ခုတွေ့၍ အံ့ဩကာဘာလဲဆိုတဲ့သဘောနဲ့ တဲလေးအတွင်းသို့ချောင်းလိုက်သည်။ ထိုအချိန်တွင်မောင်ကြီးက ငါးပုဇွန်များထည့်ထားသော ငါးပုံးနားသို့





သွားကာအလုပ်သမားများကို စီမံပေးနေသည်။

"မောင်ကြီး ဟိုတစ်ကောင်ဒီကိုလာပါအုံးကွ··ငါးပုံးလေးထဲကငါးကဘယ်လိုလဲကွ···ငါအရင်တစ်ခါလာတုန်းက မတွေ့ပါဘူး တစ်မျိုးပဲ ထူးဆန်းလိုက်တာ"

ထိုအခါမောင်ကြီးလည်း ညိုကြီးနားသို့ရောက်လာပြီး

"အဲဒါ ပင်လယ်ထဲကရတာ··တခြားငါးတွေနဲ့မတူတာတော့ဟုတ်တယ်"

"လူမျက်နှာနဲ့တူသလိုပဲ··ငါ့ကိုရောင်းပါလား အိမ်မှာအလှမွေးထားမလို့ပါ···ဘယ်လောက်ပေးရပေးရ ဝယ်မယ်ကွ"

မောင်ကြီးလည်း ဘာပြောရမှန်းမသိပဲ ခေတ္တငြိမ်သွားသည်။ ပြီးနောက်ညိုကြီးဘက်လှည့်ကာ

"ရောင်းလို့မရဘူးကွ··ဒီငါးက ငါ့ရဲ့ တဦးတည်းမှုပိုင် ငါးလို့လည်းပြောလို့ရတယ်···မင်းတို့လက်ထဲပါသွားရင် သူသေသွားလိမ့်မယ်"

"ဟာ··မင်းကလည်းဘာဖြစ်လို့လဲ ငါလည်းအစာ မှန်မှန်ကျွေးမှာပေါ့"

"အစာကျွေးတိုင်းမရဘူးကွ သူနဲ့ငါကစိတ်ချင်းဆက်စပ်မှုရှိတယ် သူမရှိရင်ငါလည်းနေတတ်မှာ မဟုတ်ဘူး သူလည်းငါနဲ့ခွဲသွား



www.burmeseclassic.com

www.burmeseclassic.com



ရင်နေတတ်မှာမဟုတ်ဘူး သေသွားလိမ့်မယ်"

"မင်းတို့ကလည်းကွ ဘာတွေလဲ…ငါးနဲ့လူက ဘယ်လို ဆက်စပ်နေမှာလဲ"

"ဒါတွေကို မင်းကိုပြောပြလို့ မင်းနားလည်မှာမဟုတ်ဘူး တနေ့ကျရင် မင်းကိုငါပြောပြပါ့မယ်"

"အခုတော့ ငါးတွေတင်လို့ပြီးသွားပြီ…မင်းတို့သွားတော့မြည်း ဒါနဲ့ မင်းတို့ကျွန်းဘက်ကို ရောက်အုံးမလား…"

"ရောက်မှာပေ့ါ…အဲဒီမှာလည်း ငါးခြောက်တွေတင်ရအုံးမယ်"

"အေး…ငါလည်းပြောမလို့…ကျွန်းမှာလည်းအခုလောက်ဆို ငါးခြောက်တွေများနေပြီ သွားတင်လိုက်အုံးလို့"

"အေးပါကွ…ဒါနဲ့ဘာထပ်ပြီးမှာအုံးမှာလဲ"

"မမှာတော့ပါဘူး…လိုတာရှိရင်မောင်ထူးရှိနေတာပဲ…သူ့ကိုပဲ နိုင်းမှာပါ"

"အေး ဒါဆိုလည်း ငါတို့ပြန်အုံးမယ်"

ဟုပြောပြီး ညိုကြီးတို့လှေ စမ္ဗားမှ တဖြည်းဖြည်းခွါကာ ကျွန်းဘက်သို့ ဦးတည်သွားလေတော့သည်။

လှေပေါ်တွင်ပါသွားသော ရှင်နှောင်းမေ မောင်ကြီးကို ဂရုတာ





သက်သေမျက်လုံးများဖြင့် ကြည့်နေတာလား။ မခွဲချင်လို့ပဲကြည့်နေတာလားဆိုတာ မောင်ကြီးတစ်ယောက် ဝေးကာကျန်ခဲ့သည်။ ၎င်းအဖြစ်အပျက်ကို ရှင်နှောင်းမေကလည်းသိသည်။

ဒါပေမဲ့ သူမအနေနဲ့ကလည်းစမ္ဗားတွင် အကြာကြီးမနေသင့်ပါ။ စမ္ဗားမှာက ယောကျ်ားတွေပဲမဟုတ်ပါလား။

မောင်ကြီးတစ်ယောက် စမ္ဗားတွင်ရှင်နှောင်းမေပြန်လိုက်သွားတာသိလိုက်ရတဲ့ အချိန်ကစပြီးရင်ထဲမှာ ဟာတာတာဖြစ်သွားသည်။ ခံစားလို့မရတာနဲ့ ငါးလေးနားသို့ရောက်လာမိသည်။

"ငါးလေးရယ် မင်းနဲ့ငါကလည်းခွဲရအုံးမယ်။ နောက်တစ်ခေါက် လှေလာရင် ငါလည်းလိုက်သွားရမယ်… မြို့ကိုမရောက်တာကြာနေပြီကွယ်"

မောင်ကြီးတစ်ယောက် ငါးလေးကိုစကားတွေလာပြောနေမိသည်။ငါးလေးက သူ့ကိုလာပြောနေတာသိလို့လား။ ဒါမှမဟုတ်သူ့နားမှာမောင်ကြီးလာရပ်ပြီးနေတာကို သိလို့လားမသိပါ။ ငါးလေးကသူ့ကို စိုက်ကြည့်နေသည်။ ငါးလေးစိုက်ကြည့်နေတာကို မောင်ကြီးလည်း သတိထားမိသည်။

မောင်ကြီးစကားတွေပြောပြီး ငါးလေးကိုအစာကျွေးသည်။ ပြီးနောက်စမ္ဗားရဲ့ အနောက်ဖက်ပိုက်တွေနားသို့ ရောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ပိုက်များကိုစစ်ဆေးနေမိသည်။

ရှင်နှောင်းမေ မပြန်ခင်တစ်ရက်က သူ့ကိုအမှတ်တရအဖြစ် ဆွဲသီးလေးတစ်လုံးပေးခဲ့သည်။ သူ့အသက်ကို ကယ်ခဲ့သောကျေးဇူး ရှင်မို့ သူမက အမှတ်တရပေးခဲ့ခြင်းဖြစ်သည်။ ဒါကိုမောင်ကြီးကငြင်း ခဲ့ပေမဲ့ ငြင်းလို့မရပါ။ သူမကအတင်းပေးခြင်းဖြစ်သည်။ ဒါနဲ့သူလည်း ယူလိုက်ရခြင်းဖြစ်သည်။

ယခုတော့ သူ့မှာရှင်နှောင်းမေရဲ့ အမှတ်တရဆိုလို့ ဒီဆွဲသီး လေးသာရှိခဲ့သည်။

၀





## ထားဝယ်မြို့ရောက် ရှင်နှောင်းမေ

ပင်လယ်ပျော်ထားဝယ်မြို့နှင့်ဝင်လာသည်။ ထိုအခါလှေဦးစီး ဖြစ်သောညီကြီးက ရှင်နှောင်းမေနားသို့လာပြီး "ညီမထားဝယ်မြို့ကို ရောက်ရင် ဘယ်သွားချင်လည်းပြော အကိုလိုက်ပို့ပေးမယ်"

ထိုအခါရှင်နှောင်းမေက ညီကြီးကိုကြည့်ပြီး သူ့ကိုတကယ် လိုက်ပို့ချင်လို့လားလို့ သံသယဖြစ်မိသည်။ ဒါပေမဲ့သူမှာကလည်း ဘယ်သွားရမှန်းမသိပါ။ ရေးကိုပြန်ရင်လည်း ပထွေးနဲ့ပြန်ပြီးတွေ့မှာ ဆိုတော့ရေးကိုလည်း မပြန်ချင်ပါ။ဒါနဲ့ညီကြီးမေးလာတာ ဘယ်လိုဖြေရ မှန်းမသိ၍ စဉ်းစားနေမိသည်။

"ညီမ အကိုမေးတာကြားရဲ့လား"

ရှင်နှောင်းမေလည်း ညီကြီးမေးတာသတိရကာ ပြန်ပြောသလဲ ပြီး "ဟုတ် ဟုတ်ကဲ့ ကြားပါတယ်အကို ညီမလည်းဘယ်သွားရမှန်း



www.burmeseclassic.com

www.burmeseclassic.com



မသိလို့ စဉ်းစားနေတာပါ”

“ဒါဆိုလည်း မောင်ကြီးကိုမွေးစားတဲ့သူဌေးဆီမှာနေပေါ့ အကိုပြောပေးမယ် နေမလား”

“ဟုတ် ဟုတ်ကဲ့ နေပါ့မယ်”

ညိုကြီးလှေလေး ထားဝယ်သို့ရောက်လာသည်။ ဆိပ်ကမ်းသို့ကပ်ပြီးနောက် သူကအရင်ဆင်းသွားသည်။ သူဌေးဦးစီမောင်ဆီအရင်သွားသည်။ သူဌေးရှိသော ပွဲရုံသို့ရောက်လာသည်။သူဌေးကို ရုံးခန်းတွင်တွေ့လိုက်ရသည်။

ဦးစီမောင်က ရုံးခန်းထဲမှညိုကြီးသူ့ဆီလာနေတာတွေ့လိုက်ရသည်။ ညိုကြီးလာနေပုံမှာ တခုခုပြောစရာရှိလို့လာနေတဲ့ပုံဖြစ်၍ ဘာများဖြစ်လာသလဲဆိုတာ စိတ်ပူသွားမိသည်။

ညိုကြီးရုံးခန်းထဲသို့ဝင်လာပြီး “ဆရာ ဆရာ့ကိုကျွန်တော်ပြောစရာရှိလို့ပါ”

“ပြော ညိုကြီး ဘာများဖြစ်လာလို့လဲ မြန်မြန်ပြော”

“ဘာမှမဖြစ်ပါဘူး ဆရာ့ဆီမှာ အမျိုးသမီးတစ်ယောက်ထားချင်လို့ပါ”

“ဟေ ဘယ်ကအမျိုးသမီးလဲကွ ရှုပ်ရှုပ်ရှက်ရှက်”

“မဟုတ်ပါဘူးဆရာ ကျွန်တော်ပြောတာနားထောင်ပေးပါအုံး”





“အေး ပြောပါကွ”

“ဒီလိုပါဆရာ မောင်ကြီးစခန်းမှာ မိန်းကလေးတစ်ယောက်မှန်တိုင်းမိပြီး သတိလစ်ကာရောက်လာတယ်။ မောင်ကြီးကကယ်ထားတာ ယခုလည်းဒီမိန်းကလေးကို မောင်ကြီးကမြို့ကိုခေါ်သွားပေးပါဆိုလို့ခေါ်လာတာပါ။ ပြီးတော့ဒီရောက်တော့ ဘယ်မှသွားစရာနေစရာမရှိလို့ ဆရာ့ဆီမှာခဏ နေခွင့်ပြုဖို့လာပြောတာပါ”

“ဒီလိုလား•••ရပါတယ် ညိုကြီးရာ•••အခုပါလာလား ခေါ်လိုက်လေ”

“ဟုတ်ကဲ့ ပါတော့ပါတယ် လှေထဲမှာပါ ကျွန်တော်သွားခေါ်လာခဲ့မယ်”

“အေး သွားခေါ်လာခဲ့”

ညိုကြီးလည်း ဦးစီမောင်ဆီမှ ခွင့်ပြုချက်ရလို့ လှေဆီသို့ထွက်ခွါသွားလေတော့သည်။ ခဏကြာတော့ ညိုကြီးနဲ့မိန်းကလေးပါလာသည်။ရုံးခန်းရှေ့ရောက်သော် ညိုကြီးက•••

“ဆရာ ဒီမှာပါလာတယ်”

ဦးစီမောင်က မိန်းကလေးကိုကြည့်လိုက်သည်။ သနားစရာလေးပဲဆိုတာ သိလိုက်သည်။ သားသမီးချင်းကိုယ်ချင်းစာမိသည်။ သူ့မှာကလည်း ဒီအရွယ်သမီးလေးခဗ္ဗာရှိနေသည် မဟုတ်ပါလား။

www.burmeseclassic.com



ထို့နောက်ဦးစိမောင်က

"လာသမီး သမီးနာမည်ဘယ်လိုခေါ်လဲ"

"ရှင်နှောင်းမေပါ ဦး"

"ဘယ်ဇာတိလဲ"

"ကျွန်မက ရေးမြို့ကပါ"

"ဒါဆိုဦးတို့ ရေးမြို့ကိုပြန်ဖို့စီစဉ်ပေးပါ့မယ်"

ဦးစိမောင်ပြောလိုက်သောစကားကို ရှင်နှောင်းမေကငြင်းဖို့လုပ်တုန်း သတိဝင်ကာဘာမှမပြောဘဲ ငြိမ်ကာနေလိုက်သည်။ နောက်မှပဲ စီစဉ်တော့မည်ဟု စိတ်ထဲမှဆုံးဖြတ်လိုက်သည်။

"ဟုတ်ကဲ့ပါ ဦး"

ညိုကြီးလည်း ရှင်နှောင်းမေအတွက် စိတ်ချသွား၍လေ့ခဆီသို့ပြန်သွားလေတော့သည်။

ဦးစိမောင်ရဲ့ကားလေး ခြံထဲသို့ဝင်လာသည်။ ရှင်နှောင်းမေ ဦးစိမောင်အိမ်ကိုမြင်လိုက်သောအခါ စိတ်ထဲတမျိုးဖြစ်သွားသည်။ အားလည်းကျမိသည်။ သူမနေလာခဲ့တာက ရပ်ကွက်တစ်ခုပြောရလျှင်ဆင်းရဲသားရပ်ကွက်တစ်ခုဆိုတော့ အနေအထိုင်ကဆင်းရဲခဲ့သည် မဟုတ်ပါလား။

ဦးစိမောင်အိမ်တွင်နေရမှာဆိုတော့ တစ်မျိုးဖြစ်နေမလားဆို





တာတွေးမိသည်။ ဒါပေမဲ့လေသူမက အချိန်အကြာကြီးနေရမှာမှ မဟုတ်တာ။ အတွေးခွေ့ပြတ်သွားသည်။ အိမ်ထဲမှခေါ်ကျော့ ထွက်လာပြီး

"ဟာ ဆရာတို့ပြန်လာပြီ"

ခေါ်ကျော့ရဲ့အသံကြောင့် အိမ်ပေါ်ထပ်တွင် စာဖတ်နေသော ခွေ့သာအောက်ထပ်သို့ဆင်းလာခဲ့သည်။

"လာသမီးလေး ဆင်းဆင်း"

ခေါ်ကျော့ရဲ့ဖေါ်ရွေမှုကြောင့် ရှင်နှောင်းမေကားပေါ်မှ ဆင်းလိုက်သည်။ ထိုအခါဦးစိမောင်က ရှင်နှောင်းမေကို "သမီးဆင်းလေ ဘာကြည့်နေတာလဲ ဒါဦးရဲ့အိမ်ပဲဘာမှမကြောက်နဲ့။ ထိုအခါအိမ်ပေါ်က ဝသို့ခွေ့သာရောက်လာပြီး သူမနဲ့အရွယ်တူရှင်နှောင်းမေကိုကြည့်ပြီး ဦးစိမောင်ကိုတချက်လှမ်းကြည့်လိုက်သည်။ ဒါကိုဦးစိမောင်က သဘောပေါက်ပြီး...

"သမီးခွေ့သာ ဒါပင်လယ်ထဲမှာ အသက်မသေဘဲကျန်ခဲ့တဲ့ အမျိုးသမီးလေး..မောင်ကြီးကယ်ထားတာ..အခုဒီကိုပို့လိုက်တာ သမီးလေး သူ့ကိုခေါ်သွားပါ.. ပြီးတော့သမီးအခန်းထဲမှာပဲ အတူတူနေပေါ့။ နောက်မှပဲ အဖေကြီးအကြောင်းစုံ ရှင်းပြတော့မယ်"

ဟုပြောပြီး ဦးစိမောင်က ဦးဆောင်ပြီး အိမ်ထဲသို့ဝင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ၏နောက်မှသမီးခတ္တာနဲ့ ရှင်နှောင်းမေက လိုက်လာပြီး ညှော်ခန်းဆိုဗာပေါ်တွင် ခဏထိုင်သည်။

အိမ်ဖေါ်ဒေါ်ကြှုက ကားထဲပါလာသောပစ္စည်းများ အိမ်ထဲသို့ယူသွင်းနေတော့သည်။

○





## ရေးသူမလေးရှင်နှောင်းမေ

ရှင်နှောင်းမေတစ်ယောက် ထားဝယ်သို့ရောက်နေသည်မှာ တပါတ်ရှိတော့မည်။ ဦးစီမောင်က သူ့ရဲ့အကြောင်းကိုမေး၍ အိမ်သားအားလုံးကသနားနေကြသည်။ သူမအနေနဲ့ရန်ကုန်သို့ တစ်ယောက်တည်းထွက်လာခဲ့တာမှားသွားတာလား ကံကောင်းတာလားတော့မသိပါ။ ယခုလိုသူ့ကို သနားကြင်နာကြသောသူများနဲ့တွေ့၍ သူမစိတ်ချမ်းသာနေရသည်။ ဦးစီမောင်ကလည်း ခတ္တာလေးအဖေါ်ရအောင်ဆိုပြီး သူမကိုဘယ်မှမသွားစေတော့ပါ။

ဒါပေမဲ့ရှင်နှောင်းမေကတော့ ယခုလောလောဆယ်တော့ ခတ္တာခဏခိုနားအုံးမည်ဟု စိတ်ထဲမှတွေးလိုက်သည်။ ဦးစီမောင် အလုပ်မှပြန်ရောက်လာသည်။ ညနေသုံးနာရီခွဲသာ ရှိသေးသည်။ ထိုအခါ ဦးစီမောင်က အိမ်ထဲသို့ရောက်သော်...



www.burmeseclassic.com

www.burmeseclassic.com



"သမီးခတ္တာရေ သမီး"

"ရှင် ဖေဖေ. . . သမီးဒီမှာရှိပါတယ်"

ခတ္တာကသူမ၏အဖေ အိမ်ပေါ်ထပ်သို့ကြည့်ပြီးခေါ်နေသော ကြောင့် အိမ်ရဲ့နံ့ဘေးခုံတန်းလေးမှာထိုင်နေကြသော သူမတို့ နှစ်ယောက် ဦးစီမောင်နားသို့ ရောက်လာကြသည်။

ထိုအခါ ဦးစီမောင်က. . .

"သမီးခတ္တာ မနက်ဖြန် မောင်ကြီးလာမယ်လို့ပြောတယ်။ စန္ဒားမှာလဲငါးရက်လောက်နေမယ်တဲ့. . . ဒီတစ်ခါမောင်ကြီးလာရင် ဖေကြီးတို့ ခွင့်ကျွေးအလှူလုပ်ရအောင်"

"ဟာ. . . ကောင်းတာပေါ့ဖေကြီး. . . အမေကြီးဆုံးတာလည်း ကြာပြီဆိုတော့. . . အမေကြီးအတွက် ခွင့်ကျွေးအလှူပေါ့နော်"

"အေး. . . ဟုတ်တာပဲ သမီးပြောမှ အဖေကြီးသတိရတယ်"

ခတ္တာတစ်ယောက် မောင်ကြီးပြန်လာတော့မည်မှာ သိလိုက် ရ၍ဝမ်းသာနေတာ ရှင်နှောင်းမေမြင်လိုက်ရသောအခါ သူမလည်း ပျော်မိသည်။ မောင်ကြီးနဲ့သုံးလေးရက်နေခဲ့ရသော သူမအဖို့မောင်ကြီး ရိုးတိနေသဘောထားကို သူမသိထားသည်။

မောင်ကြီးဟာ ယောကျ်ားပီသသည်။ သန့်မာသော ကိုယ် ခန္ဓာကိုလည်း ပိုင်ဆိုင်ထားသည်။ မိန်းကလေးတိုင်းစွဲမက်နှစ်





သက်စရာယောကျ်ားတစ်ယောက်ဆိုတာ ရှင်နှောင်းမေဝန်ခံသည်။ သူမကိုယ်တိုင်ကလည်း ခံစားခဲ့ရသည်မဟုတ်ပါလား။

သူမအနေနဲ့ကလည်း ခတ္တာနဲ့မောင်ကြီးတို့ရဲ့ အကြောင်းဘာ မှမသိပါ။ ဦးစီမောင်တို့ကလည်း ဘာမှမပြောထားပါ။ ပြီးတော့သူမ ကလည်း ညှော်သည်ဆိုတော့ ဒါတွေမလိုအပ်ဘူးထင်ပြီး ဘယ်သူမှ လည်း မပြောပြပါ။

ရှင်နှောင်းမေကတော့ ခတ္တာတို့ကိုမောင်နှမတွေလို့ပဲ ထင်ထားသည်။

"အမရှင်နှောင်း ဘာတွေတွေးနေတာလဲဟင်"

ခတ္တာနဲ့ရှင်နှောင်းမေက အသက်ချင်းသိပ်မကွာပါ။ ရှင်နှောင်းမေက ခတ္တာထက်ဝ်နှစ်သာ ပိုကြီးသည်။ ခတ္တာက ရှင်နှောင်းမေကို အမဟုခေါ်သည်။

"ဘာမှမတွေးပါဘူး ညီမရယ်. . . အမ စန္ဒားမှာနေခဲ့တာတွေ ပြန်ပြီးတွေးမိလို့ပါ. . . အကိုမောင်ကြီး ပြန်လာတော့မယ်ဆိုတော့ အမလည်း ဝမ်းသာလို့ပါ"

တကယ်လည်း ရှင်နှောင်းမေဝမ်းသာမိသည်။ သူမအနေနဲ့ စန္ဒားမှာ အတူတူနေခဲ့ရသောအချိန်လေးမှာ မောင်ကြီးရဲ့ ကြင်နာ ယုယမှုများကို ပြန်ပြီးမြင်ယောင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဦးစီမောင်က…

"သမီးတို့ရေ…လာ ထမင်းစားကြစို့"

ရှင်နောင်းမေ သူမအကြောင်းစဉ်းစားနေမိသည်။ သူမရေးကထွက်လာတဲ့အကြောင်း ခေါင်းထဲတွင်အတွေးကရောက်လာသည်။

တစ်နေ့မှာ သူမအမေ၏ယောက်ျားပထွေးက…

"မိရှင်နောင်း…နင့်မှာ ဦးဘရှင်ပေးခဲ့တဲ့ ပစ္စည်းတစ်ခုရှိတယ်မဟုတ်လား"

ထိုအချိန်တုန်းက အမေကဘေးနားကအိမ်တွင် ကိစ္စတစ်ခုနဲ့သွားနေခိုက် ပထွေးလုပ်သူက သူမဆီမှာ ပစ္စည်းတစ်ခုမေးလာသည်။

"ဘာပစ္စည်းလဲ ဦးလေး…ကျွန်မဘာမှမသိဘူး ဒါနဲ့ဦးလေးက ဒီပစ္စည်းကိုဘာလုပ်ဖို့မေးနေရတာလဲ"

တကယ်တော့သူမ၏ပထွေးမှာ ဆုံးသွားတဲ့ အဖေရဲ့သူငယ်ချင်းဖြစ်သည်။ အဖေဆုံးပြီး အမေ့ကိုမကြာခင်မှာပဲ လက်ထပ်ယူလိုက်သည်။ အခုတော့ ဦးဖေအေးသူမ၏အမေကို ဘာကြောင့်လက်ထပ်ယူလိုက်ရသလဲဆိုတာ သူမမှာအဖေပေးထားခဲ့သောပစ္စည်းကိုလိုချင်လို့ဆိုတာ ပေါ်လာပြီမဟုတ်ပါလား။

ပထွေးဖြစ်သူ(ဦးကံမင်း)က ခေတ္တစဉ်းစားနေသည်။ သူမ





အနေနဲ့ဒီအကြောင်းကို ပြောသင့်မပြောသင့် စဉ်းစားလိုက်သည်။ မပြောခဲ့တောင်းရင် ရမှာမဟုတ်တဲ့အတွက် ဦးကံမင်းလည်း ပြောပြလိုက်လေသည်။

"သမီးဆီမှာပေးထားခဲ့တဲ့ပစ္စည်းက တည်နေရာပြမြေပုံဆိုလည်းဟုတ်တယ်…ကျွန်းတစ်ခုလုံးရဲ့ ပုံစံဆိုလည်းဟုတ်တယ် ဒါပေမဲ့ သမီးရဲ့ပစ္စည်းတစ်ခုထဲနှင့် မပြည့်စုံသေးဘူး…ဦးတို့က သူငယ်ချင်းလေးယောက်ရှိခဲ့တယ်…အခုဆိုရင် နှစ်ယောက်က ဆုံးသွားပြီဆိုတာသိလိုက်ရတယ်…ဆုံးသွားတဲ့သူငယ်ချင်းတွေက သူတို့ရဲ့ သားသမီးတွေကိုပေးထားခဲ့လိမ့်မယ်လို့ ဦးတို့က ယူဆထားတယ်"

"ဒါဆိုရင် ဦးတို့ရှာနေတဲ့ပစ္စည်းက ဘာတွေမို့လို့လဲ"

"ပြောရရင်တော့ ကျွန်းတစ်ကျွန်းမှာ ရွှေချောင်းတွေမြှုပ်ထားတယ်…အဲဒီကျွန်းရဲ့ပုံပန်းသဏ္ဌာန်ကို စာရွက်မြေပုံလေးပိုင်းပိုင်းပြီး ယူထားကြတယ်"

"ဒါကြောင့်ဦးတို့က မြေပုံရှိတဲ့လူတွေကို လိုက်နေတာပါ။ ရခဲ့ရင်လည်း တန်ရာတန်ဖိုးပေးဖို့ လုပ်ထားပါတယ်…အဲဒါကြောင့် သမီးမှာ သမီးရဲ့အဖေပေးထားခဲ့တဲ့ ပစ္စည်းတစ်ခုခု အမှတ်တရဖြစ်ဖြစ်ပေါ့ ဘာများပေးထားခဲ့လည်းဆိုတာ မေးရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ရှင်နှောင်းမေစဉ်းစားသွားသည်။ သူမ၏ပဝေွးက သူတို့ကို တန်ရာတန်ဖိုးပေးမယ်လို့ လာပြောနေသည်။ သူ၏စိတ်ဓါတ်ကိုသိထားတဲ့ရှင်နှောင်းမေကတော့ လုံးဝမယုံပါ။

ဒါကြောင့်သူမအနေနဲ့ဘူး ကွယ်ဖို့လုပ်လိုက်သည်။ ဒီလိုဘူးကွယ်ခဲ့လို့လည်း သူမကိုကျားချောင်းချောင်းပြီး အမြဲတမ်းနှိပ်စက်ပြီးမေးမေးလာသည်။ ဒါကိုမခံစားနိုင်၍ အမေမသိအောင် အိမ်မှထွက်ပြေးခဲ့ရသည်။ ရန်ကုန်ရှိ အမေရဲ့အကို ဦးလေးဆီသို့ပြေးရခြင်းဖြစ်သည်။

အခုတော့ ကံကောင်းထောက်မ၍ အသက်မသေသဲ့ အကိုမောင်ကြီးကယ်ခဲ့လို့ အသက်ရှင်ခဲ့ရသည်။ ဒါကြောင့်လည်းသူမကိုအဖေပေးခဲ့သော လက်ဆောင်လေးကိုသာ အမှတ်တရပေးခဲ့ရသည်။ သူမရဲ့အဖေကတော့ ပေးတုန်းကမှာခဲ့တာတွေ သတိရသွားသည်။

သမီးဒီပစ္စည်းကို သမီးကိုယ်နဲ့မခွါသိမ်းထားပါ။ တနေ့မှာ သမီးကိုအကျိုးပြုလိမ့်မယ်ဟု မှာထားတာသူမသတိရမိသည်။

အခုတော့ရင်းပစ္စည်းကို သူ့ရဲ့အသက်သခင်ဆီမှာ အပ်ထားလိုက်ပြီမဟုတ်ပါလား သူမကိုလည်းဦးစီမောင်က ဘယ်မှမသွားချင်ရင် ဒီမှာပဲနေခွင့်ပေးထားခဲ့သည်။ မိန်းမလေးတစ်ယောက်ထဲလျှောက်သွားနေရင်မသင့်တော်၍ ဦးစီမောင်က သမီးချင်းကိုယ်ချင်းစာကာ နေခွင့်ပြုထားလိုက်သည်။





တစ်နေ့မှာဦးစီမောင်တို့ကို သူမကပြန်လည်လုပ်ကျွေးမြုမည်ဟုစဉ်းစားထားသည်။ ယခုသူမကလည်း B.E ဘွဲ့တစ်ခုရထားတဲ့လူတစ်ဦးဆိုတော့ ဦးစီမောင်တို့ လုပ်ငန်းမှာကူညီပေးနိုင်လိမ့်မည်ဟု ယူဆထားမိသည်။

သူမလည်းဒီထားဝယ်မြို့ပေါ်မှာပဲ သူမရဲ့ဘဝကိုခေတ္တခဏဖာတ်မြုပ်ကာနေလိုက်တော့မည်ဟု ဆုံးဖြတ်လိုက်လေတော့သည်။

○



www.burmeseclassic.com

www.burmeseclassic.com



## ဦးကံမင်းနဲ့ ရှေးဟောင်းကြုပ်ကလေး

ဦးကံမင်းအနှစ်နှစ်အလလက သိမ်းထားသောရှေးဟောင်းကြုပ်ကလေးကို ဖွင့်ကြည့်မိသည်။ ကြုပ်ကလေးထဲမှ စက္ကူလိုလိုအရာတစ်ခုအလိပ်ကလေးထွက်လာသည်။ ၎င်းအလိပ်ကလေးကို ဖြေကြည့်လိုက်သောအခါ လေးဒေါင့်ပုံစက္ကူလိုလိုတွေ့ရသည်။ ၎င်းပေါ်တွင်ပေါ်နေသောအရာမှာ ကျွန်းတစ်ခုရဲ့ပုံကို လေးပုံပုံတစ်ပုံပဲပါသည်။ ကျွန်းတစ်ခုလုံးရဲ့ ပေါ်ဖို့ဆိုတာကလေးပိုင်းပြည့်မှ ရမှာဖြစ်တဲ့အတွက် ကျန်တဲ့သုံးပိုင်းကို သူ့အနေနဲ့လိုက်စုရမှာဖြစ်သည်။

ဒါပေမဲ့ လောလောဆယ်တော့ သူတို့သူငယ်ချင်းနှစ်ဦးဖြစ်တဲ့သူနဲ့ဦးခန့်မောင်နှစ်ဦးမှာက ထိပ်ဆိုင်နှစ်ခုပဲဆိုတော့ မပြည့်စုံသေးပါ။

သူကတော့အနီးစပ်ဆုံး သူ့သူငယ်ချင်းဦးအာရင်ဆီမှ မြေး





ရအောင် ယူပေးမည်ဟု ကတိထားခဲ့သည်။ ဦးခန့်မောင်ကတော့ ကျန်တစ်ယောက်ဖြစ်တဲ့ မောင်ကြီးရဲ့ဖခင် ဦးမောင်မောင်ဆီမှရအောင် ယူပေးမည်ဟု နှစ်ယောက်သား တာဝန်ယူခဲ့ကြသည်။

ဦးကံမင်းနှင့် ဦးခန့်မောင်တို့နှစ်ဦး ၎င်းမြေပုံရခဲ့ပြီးရင် သူ့ကိုခေါ်ပြီးနိုင်ငံခြားသို့အပြီးအပိုင် ထွက်သွားတော့မည်ဟု ဆုံးဖြတ်ထားကြသည်။ ဦးကံမင်းဒီနေ့ဦးခန့်မောင်နှင့် ချိန်းထားသည်။ ဦးခန့်မောင်မရောက်သေး၍ (ဇော်ကြီး)စားသောက်ဆိုင်ထဲတွင် ထိုင်စောင့်ရင်းစဉ်းစားနေမိသည်။

ယခုလောလောဆယ်မှာလည်း သူ့မှာလမ်းစပျောက်နေသည်။ အရေးထဲရှင်နှောင်းရှမဆိုတဲ့ မိန်းကလေးပျောက်နေသည်။ ရေးမြို့တစ်မြို့လုံးလည်းလိုက်ရှာတာမတွေ့ပါ။ ဘယ်မှာသွားရှာရမလဲဆိုတာလည်းစဉ်းစားမရအောင် ဖြစ်နေသည်။ အကြံအိုက်နေစဉ်မှာ ဦးခန့်မောင် ရောက်လာသည်။

ဦးခန့်မောင်က တဖက်နိုင်ငံတွင်ပွဲရုံထောင်ထားသည်။ ဒါပိုင်ငါးခြောက်ပွဲရုံထောင်ပြီး မြန်မာနိုင်ငံဖက်မှ နီသွင်းငါးပိုင်ငါးခြောက်များလက်ခံကာ ကြီးပွားနေသောသူဖြစ်သည်။

ဒီနေ့သူနဲ့ချိန်းထား၍ ဦးခန့်မောင်ကို စောင့်နေရသည်။ ထိုအချိန်တွင် စားသောက်ဆိုင်ရှေ့သို့ ဆလွန်းကားဖြူလေးရပ်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကားပေါ်မှဥပတိရှပ်ကောင်းကောင်းနဲ့ လူတစ်ဦးဆင်းလာသည်။ စားသောက်ဆိုင်ထဲသို့ တံခါးလေးတွန်းဖွင့်ကာ လူတစ်ဦးကိုရှာလိုက်သည်။

ဟော တွေ့ပါပြီ။ဘယ်ဘက်ထောင့်တွင် ထိုင်နေသောသူရှာနေတဲ့သူကိုတွေ့ပါပြီ။ ၎င်းလူကတော့ အတွေးလွန်နေ၍ သူဝင်လာတာမတွေ့ပါ။ အနားကိုရောက်တော့…

"ကံမင်း ရောက်နေတာကြာပြီလား"

"အေး နာရီဝက်လောက်တော့ ရှိတော့မယ်"

"ဟုတ်တယ်…ငါလည်းလူတစ်ယောက်နဲ့တွေ့နေလို့ စကားပြောနေတာ…အဲဒီလူကလည်းငါတို့လိုက်ရှာနေတဲ့ပစ္စည်းရှာပေးတဲ့လူပဲ"

"မင်းကလည်း ထိုင်ပါအုံး…အေးအေးဆေးဆေးပြောလည်းရပါတယ်"

"ဟာ ဟုတ်သားပဲ…မင်းနဲ့ငါ အေးအေးဆေးဆေးပြောဖို့လာတာပဲ…ငါလည်းစိတ်လောသွားတာပါ"

ဦးခန့်မောင်လည်း ကံမင်းရှေ့မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်ပြီးနောက် အနားသို့စားပွဲထိုးရောက်လာ၍ စားစရာမှာယူလိုက်လေတော့သည်။ ပြီးနောက်ဆက်ပြီး "မင်းဆီမှာဘာအကြောင်းထူးသေးလဲ"





ဦးခန့်မောင်က တဆက်တည်းအမေးတစ်ခုထပ်ကာ မေးလိုက်သည်။ ထိုအခါဦးကံမင်းက ဘယ်ကဘယ်လိုစပြောရမှန်းမသိလို့ခေတ္တငြိမ်ကာနေလိုက်ပြီးနောက် "အကြောင်းထူးကတော့နီးမှ ဦးဘရှင်သမီးပျောက်သွားတယ် အခုတော့လမ်းစပျောက်နေပြီ"

ထိုအခါဦးခန့်မောင်က…

"ဟာ…ဒါဆိုဘယ်လိုလုပ်ကြမလဲ…ရခိုင်နီးမှ ပျောက်သွားတယ်ဆိုတော့ တစ်ခုခုတော့မှားနေပြီထင်တယ်"

"ဘာမှတော့မမှားပါဘူး…အဲဒီကောင်မလေးကိုပြန်တွေ့ရင်တော့ အားလုံးပြန်ရမှာပါ"

"ဒါဆိုလည်းရှာလေ…မင်းကမရှာဘူးလား"

"ရှာတာပေါ့…ဒီရေးမြို့မှာတော့ မရှိအာသေချာတယ် တစ်နေရာရာမှာသွားပုန်းနေတာလား ဘယ်နည်းနဲ့ဖြစ်ဖြစ် သူမအမေကိုတော့ ဆက်သွယ်မှာပဲ"

"ဒါနဲ့ မင်းကငါ့ကိုသာပြောတယ်…မင်းကော ဦးမောင်မောင်ဆီကပစ္စည်းရပြီလား"

"ရခိုင်နီးပါပြီ…သူ့ရဲ့အိမ်ကော အလုပ်ကောတွေ့ထားပြီးပါပြီ ခုနက ငါနဲ့တွေ့တဲ့လူကလည်း ဒီတစ်ခါသူတို့ အခြေအနေကြည့်ပြီးဝင်ရမှာပဲလို့ပြောနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ဦးမောင်မောင်သားနဲ့တွေ့တော့ အပေးအယူလုပ်တာ လက်မခံဘူးလား"

"အေး လက်မခံဘူး…ဒါပေမဲ့သူမှာကဘာပစ္စည်းမှမရှိဘူးဆို တာပဲပြောနေတယ်…တကယ်ပဲသူမသိလို့လား…ဒါမှမဟုတ်မပေး ချင်တာလားဆိုတာ ဒီတစ်ခါသေသေချာချာသိအောင်လုပ်ရမှာပဲ"

" ရလျှင်တော့ ကောင်းတာပေါ့…အားလုံးစုံရင်တော့ ပိုပြီးကောင်းတာပေါ့"

"မင်းလည်း ကောင်မလေးကိုထပ်ရှာပါအုံး…ကောင်မလေး ဆီမှာ ကျန်းသေရှိနိုင်တယ်…သူ့ကိုတွေ့မှဖြစ်မယ်"

" အင်း…ရလိုက်ရင်တော့ မင်းကောငါပါတော့ပြီကွ သန်းပေါင်းများစွာတန်တယ်နော်… ဒီကိစ္စ ဒို့လေးယောက်ပဲသိခဲ့တာ ဘယ်သူမှလည်းမသိကြဘူး…ဒို့တွေ အမြန်ရအောင်လုပ်မှဖြစ်မှာ"

ဟု နှစ်ဦးသားစကားများအကြာကြီး ပြောဆိုမှာကြားပြီး နှစ်ဦးသား လမ်းခွဲလိုက်ကြတော့သည်။

○





## သောကများနှင့်မောင်ကြီး

မောင်ကြီးယနေ့စနေ့နှားမှ လေ့ကြံဖြင့်ထားဝယ်မြို့သို့ လိုက် လာခဲ့သည်။ တကယ်တော့ သူတို့ရဲ့လေ့လာမှုဆိုရင် ကြာမှာဖြစ်တဲ့ အတွက်လေ့ကြံဖြင့်လိုက်လာခဲ့သည်။ ပထမတော့ကမ်းနားရှိ ဦးစီမောင် ပွဲရုံသို့အရင်ဝင်သည်။ ဦးစီမောင်နဲ့တွေ့ပြီး အိမ်သို့လာ ခဲ့သည်။

အငှါးကားလေးခြံရှေ့သို့ရောက်လာသည်။ ခြံတံခါးပွင့်နေတာ တွေ့လိုက်ရသည်။ အထဲမှာတစ်ခုခု ဖြစ်နေသလားဆိုတဲ့အသိက စိတ်ထဲမှာဖြစ်နေမိသည်။

အိမ်နားသို့ခြေသံလုံလုံဖြင့် တဖြည်းဖြည်းချင်းကပ်ကာ သွားခဲ့သည်။ ပြီးနောက်ပွင့်နေသောပြတင်းပေါက်နားသို့ကပ်ပြီး အထဲ သို့အသံများကိုနားထောင်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါလူသုံးယောက်က မျက်နှာကိုအဝတ်စဖြင့် တပိုင်းပုံ မျက်နှာစွပ်ကာ…

"ဒီမှာအဒေါ်ကြီး…မောင်ကြီးရဲ့အခန်းက ဘယ်မှာလဲ သူ့ပစ္စည်းတွေ ဘယ်မှာထားတာလဲ"

"သူ့ရဲ့ပစ္စည်းတွေက တချို့တဝက်တော့ ယူသွားပြီ…ဒီမှာ အဝတ်ထုပ်ပဲကျန်ခဲ့တယ်"

"အဲဒီအဝတ်ထုပ်ပဲဘယ်မှာထားတာလဲ…ကျွန်တော်တို့ ကိုပြပါ…မပြရင်တော့အဒေါ်ကြီး နာမယ်နော်"

ဒေါ်ကျော့လည်း အိမ်တွင်သူတစ်ယောက်သာ ကျန်ခဲ့သည်။ ခတ္တာနဲ့ရှင်နောင်းမေက ဈေးသို့ထွက်သွားကြသည်။ လူသုံးယောက် ကလည်းဒီအချိန်ကို စောင့်ကြည့်ပြီးများဝင်လာသလားလို့ ထင်ရသည်။

"အဒေါ်ကြီးကျွန်တော်တို့ ပြောတာကြားရဲ့လား မြန်မြန်ပြပါ ကျွန်တော်တို့ရှာစရာရှိလို့ပါ အချိန်မရှိဘူး"

"ဟုတ်ကဲ့ တူလေးတို့ရယ်"

ဒေါ်ကျော့လည်းတစ်ယောက်တည်းဆိုတော့ ကြောက်လန့် ပြီးသူတို့မေးတာ ပြောပြလိုက်ရသည်။ အိမ်အောက်ထပ်ဒေါင့်ခန်း တွင်ပိတ်ထားသောတံခါးကို လက်ညှိုးထိုးပြလိုက်သည်။

ထိုအခါကျန်တဲ့နှစ်ယောက်က အခန်းထဲသို့ဝင်သွားပြီး





ပစ္စည်းအားလုံးကို ရှာဖွေမွှေနှောက်ကြသည်။ သူတို့နှစ်ယောက်ရှာနေ တုန်းမောင်ကြီးတစ်ယောက် ဘာလုပ်သင့်သလဲဆိုတာ စဉ်းစားလိုက် သည်။

ပထမသူအဒေါ်ကြီးနားတွင် ရှိနေသောလူကိုအနောက်မှ ရိုက်ပြီးမှလူနှစ်ယောက်ကို ရင်ဆိုင်လိုက်မည်ဟု စဉ်းစားရင်း…

"ပွမ်…ပွမ်…ပွမ်"

"ဟင်"

မောင်ကြီးအံ့သြသွားသည်။ ခြံထိပ်သို့ကြည့်လိုက်သောအခါ ခတ္တာတို့ပြန်ရောက်လာတာတွေ့လိုက်ရသည်။ ထိုအချိန်တွင် အိမ်ခန်း ထဲသို့ဝင်နေသော လူနှစ်ယောက်အပြင်ထွက်လာပြီး ဒေါ်ကျော့နားမှ လူကိုလက်ယာပြကာ သုံးယောက်စလုံးအိမ်နောက်ဖေးသို့ ဝင်ရောက် အပျောက်သွားကြသည်။

မောင်ကြီးလည်း သူ့ရဲ့အစီအစဉ် မဖြစ်လိုက်ရပဲသူ၏အခန်း ကို ရှာခံလိုက်ရသည် မဟုတ်ပါလား။

ဒေါ်ကျော့မှာဘာလုပ်ရမှန်းမသိပါ။ သူတို့မျက်နှာကိုအဝတ် နဲ့စည်းထား၍ ဘာမှမသိလိုက်ပါ။ မမြင်လိုက်ပါ။ ထိုအခါအိမ်ပေါက် ဝတွင်ကားရပ်သံကြားလိုက်သည်။ ခတ္တာတို့လည်း ခြံတံခါးဖွင့်လျှက် တွေ့၍နည်းနည်းတော့ ကြောက်မိသည်။ စိတ်ထဲမှာလည်း အိမ်မှာ တစ်စုံတစ်ခုဖြစ်နေသည်ဟုလည်း စိတ်ထဲမှထင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ခတ္တာတို့ကားပေါ်မှဆင်းပြီး အိမ်ထဲသို့ဝင်လာခဲ့သည်။ ထိုအခါ ဒေါ်ကျေဥကိုမျက်လုံးစီးထားတာ တွေ့လိုက်ရသည်။ ပြီးနောက်သူတို့ နောက်မှလူတစ်ယောက်ရောက်နေတာ တွေ့လိုက်ရသည်။

"ဟင် အကိုဘယ်တုန်းကရောက်နေတာလဲ ခြံတံခါးလည်း ပွင့်နေတယ် အကိုမောင်ကြီးဖွင့်ပြီး ဝင်လာတာလား"

"မဟုတ်ပါဘူး အကိုရောက်နေတာကြာပါပြီ အိမ်ထဲကို မသင်္ကာလို့ ပြတင်းပေါက်နားမှာအထဲကို အကဲခတ်ပြီးနားထောင်နေတုန်း ညီမတို့ကားဟွန်းသံကြားလိုက်ရတာပဲ အထဲမှာလူတွေရှိနေတယ်ဆိုတာ သိလိုက်ရပေမဲ့ အကို့မှာဘာမှမလုပ်လိုက်ရဘူး ကျန်တာတော့ဒေါ်ကျေဥကိုပဲ မေးကြည့်ရမှာပဲ"

ထိုအခါဒေါ်ကျေဥကိုမျက်လုံးဖွင့်ပေးလိုက်ပြီးနောက် မောင်ကြီးက…

"ဒေါ်ဒေါ်ဘယ်လိုလဲ ဘယ်ကလူတွေရောက်နေတာလဲ"

"အဒေါ်လည်းမသိပါဘူး…သူတို့မျက်နှာမှာအဝတ်တွေ စည်းထားပြီး အဒေါ်ကိုလည်း မေးတာစုံနေတာပဲ…အဓိကကတော့ ငါတို့ရဲ့ပစ္စည်း ဘယ်မှာထားလဲဆိုတာကို အဓိကထားပြီး မေးကြတယ်… အဒေါ်လည်းကြောက်ကြောက်နဲ့ ငါတို့ရဲ့အခန်းကို လက်ညှိုးထိုးလိုက်တယ်…သူတို့ဘာဝင်ရှာသလဲတော့ မသိဘူး





ဝင်သွားကြတာပဲ…နောက်ပိုင်းလဲဘာတွေဖြစ်လဲမသိဘူး…ငါတို့ တူမတို့ရောက်လာတာပဲသိတယ်"

မောင်ကြီးဒေါ်ကျေဥပြောတာ စဉ်းစားနေမိသည်။ သူ့စနွားမှာ ရှိတုန်းကလည်း စက်လှေတစ်စီးရောက်လာပြီး သူ့တဲလေးထဲက သေတ္တာတွေကိုလည်း ရှာသွားသေးတယ်။ ဒါပေမဲ့သူတို့ဘာမှမရသွားဘူးဆိုတာတော့ကျိန်းသေသည်။ ယခုလည်းသူ့ရဲ့ပစ္စည်းကိုသူနဲ့အတူ တပါတည်းယူလာခဲ့သည်။ သူတို့ရှာနေတာသူ့ရဲ့လည်ပင်းမှာ ဆွဲထားသည်မဟုတ်ပါလား။

သူအိမ်ရောက်ရောက်ချင်းပဲ ပြဿနာနဲ့ကြုံလိုက်ရသည်။ နောက်ထပ်ဘာများထပ်ပြီး ကြုံတွေ့ရအုံးမလဲဆိုတာ တွေးရင်းငေးနေမိသည်။

ထိုအခါ ခတ္တာက "အကိုဘာလုပ်နေတာလည်း အခုမှ ရောက်လာတယ်မဟုတ်လား…သွားလေအခန်းထဲမှာသွားနားပါအုံး"

ခတ္တာကသတိပေးလိုက်မှ သတိရပြီးသူ၏အခန်းထဲသို့ ဝင်လာခဲ့သည်။ သူ၏အခန်းသို့ဝင်လာသည်။ သူ၏အခန်းထဲသို့ရောက်တော့ပစ္စည်းများအားလုံးပွနေတာ တွေ့လိုက်ရသည်။ ထို့နောက်သူ၏ ပစ္စည်းများကိုလိုက်သိမ်းပြီး ရှင်းလင်းနေသည်။ထိုအခါ အခန်းတွင် ရှင်နေခင်းမေက…



www.burmeseclassic.com

www.burmeseclassic.com



"အကို ညီမပါလာကူရှင်းပေးရမလား"

"ရပါတယ် ညီမရယ်အကို့ပစ္စည်းကဘာမှမရှိပါဘူး"

ရှင်နှောင်းမေက သူ့ကိုလှည့်ကာပြောလိုက်သောကြောင့် မောင်ကြီးလည်တွင်ဆွဲထားသောကြုပ်ကလေးကို သတိထားမိလိုက်သည်။ ဒါပေမဲ့ကြုပ်ကလေးက နှစ်ခုဖြစ်နေသည်။ တစ်ခုကရွှေရောင်လေးတစ်ခုက ကြေးနီရောင်လေးဖြစ်သည်။ မောင်ကြီးကစွပ်ကြယ်လက်ပြတ်လေးဝတ်ထား၍ လည်တိုင်ကရှင်းနေသည်။ ဒါကြောင့်လည်း သူမက မြင်လိုက်ရခြင်းဖြစ်သည်။

ရှင်နှောင်းမေက မောင်ကြီးပြန်ပြောတာကို ခုံးအောင်နားမထောင်ပဲ သူ့ပါအခန်းထဲဝင်ပြီး ရှင်းပေးနေသည်။ ထိုအခါခွတ္တာလည်း ရောက်လာပြီး "ဩော် မမကဒီရောက်နေတာကိုး"

"လာလေခွတ္တာ…ဒီမှာထိုင်ပါ ဒီကရှင်နှောင်းမေကို မလုပ်ပါနဲ့လို့ပြောလို့မရဘူး"

ခွတ္တာကသူတို့နှစ်ဦးရှင်းတာ ပြီးသလောက်ဖြစ်နေ၍ သူမမှာလုပ်စရာမရှိတော့ပါ။ ဒါနဲ့ထိုင်ခုံတစ်ခုတွင် ဝင်ထိုင်လိုက်သည်။ ပြီးနောက်သတိတစ်ခုဝင်လာ၍…

"အကို မောင်ကြီး ငါးလေးယူမလာဘူးလား"

"မယူလာပါဘူးခွတ္တာ…လှတောင်စက်လှေနဲ့ ပင်ပင်ပန်း





ပန်းလိုက်လာရတာ ပင်ပန်းလို့ ငါးလေးလည်း ပင်ပန်းမှာစိုးလို့ပါ"

"ငါးလေးက အရမ်းထူးခန်းတာပဲနော် မိန်းကလေးတစ်ဦးရဲ့မျက်နှာနဲ့တူတယ်လို့ ထင်မိတယ်…ပြီးတော့တစ်ကိုယ်လုံးလည်း ရွှေရောင်လေးလိုအရောင် ဖြစ်နေတာပိုပြီးထူးခြားတယ်"

"ဟုတ်တယ်ညီမလေးခွတ္တာ ဒီငါးလေးရလာပုံကလည်း ပိုပြီးထူးခြားတယ်"

"ဘယ်လိုထူးခြားတာလဲဟင်"

"ပိုက်ထဲမှာဘယ်ငါးမှမရှိဘဲ တစ်ကောင်တည်းမိနေတာက ထူးခြားတာပေါ့…ဒီထက်ထူးခြားတာရှိသေးတယ်"

"ဘာလဲဟင်"

ရှင်နှောင်းမေက အလျှင်စလိုဝင်မေးလိုက်သည်။ သူမအနေနဲ့ကငါးလေးအကြောင်းကို ပိုပြီးသိချင်နေမိသည်။

"တခြားတော့မဟုတ်ပါဘူး ဒီငါးလေးရလာပြီးတဲ့နောက် ပိုက်ထဲမှာငါးတွေအတွေးလိုက် ရလာလိုက်တာယနေ့ထိပါပဲ တခြားနေ့တွေကထက်ပိုပြီးလည်းရလာတယ်…အခုဆိုလျှင်အကိုတို့ ကျားပါးစပ်လုပ်ငန်းကို ဘယ်ကျားပါးစပ်ကမှ မယှဉ်နိုင်ကြဘူး နောက်ပြီး အခုသတင်းတစ်ခုထွက်နေတယ်…အကိုတို့ငါးရများတာ ဒီငါးကြောင့်လို့ပြောနေကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ ဘာဖြစ်လဲအကို"

"အကို ငါးလေးကိုနိုးရိမ်မိတာပေါ့··အခုလည်းမောင်ထူးနဲ့ ထားခဲ့ရတာ အကိုစိတ်မချဘူး"

ထိုအခါခင္တာကဆက်ပြီး···

"ဒါနဲ့အကိုမောင်ကြီး အခုဘာ ပစ္စည်းပါသွားသေးလဲ"

"ဘာမှတော့မပါသွားဘူး··သူတို့ဘာလိုချင်တာလဲမသိဘူး ရှာတော့ရှာသွားတာပဲ"

"ဒါဆိုရင် အဲဒီလူတွေနောက်တစ်ခေါက် လာချင်လာနိုင်တယ်··သတိတော့ထားရလိမ့်မယ်"

မောင်ကြီးပစ္စည်းများအားလုံး သိမ်းဆည်းပြီး၍ ရေချိုးရန်ပြင်ဆင်လိုက်သည်။ ထိုအခါမိန်းကလေးနှစ်ဦးစလုံး အလိုက်တသိဖြင့်

"အကိုမောင်ကြီး နားလိုက်ပါအုံး ညီမတို့ပြန်အုံးမယ် ထမင်းစားချိန်ကျရင် လာခေါ်လိုက်မယ်နော်"

"အင်း အကိုလည်းရေချိုးလိုက်အုံးမယ်"

ထို့နောက် ခင္တာတို့လည်းမိမိတို့နေသော အခန်းသို့ပြန်လာခဲ့ကြတော့သည်။

○





## အိပ်မက်လေလားတစ်ကယ်လား

ရှင်နှောင်းမေ သူမ၏လက်ခေါင်ပစ္စည်းကို မောင်ကြီးက လည်တိုင်တွင်ခွဲထား၍ ဝမ်းသာသွားသည်။ သူမရဲ့ပစ္စည်းကို တန်ဘိုးထားတယ်ဆိုတာ သိလိုက်၍ကျေနပ်နေမိသည်။ မျက်လုံးမှိတ်ကာ ဝီတိဖြစ်နေသော ရှင်နှောင်းမေတစ်ယောက် အိပ်ပျော်သွားလေတော့သည်။

ခင္တာနဲ့သူမက ကုတင်တစ်လုံးစီအိပ်၍ လွှပ်လွှပ်လပ်လပ်အိပ်ရသည်။ သူမရဲ့အတွေးထဲမှာ မောင်ကြီးကိုတွေ့လိုက်ရသည်။

ထိုအချိန်နဲ့အတူ ခင္တာကလည်းမောင်ကြီးကို သတိရနေတဲ့အချိန်မှာ ဒီနေ့ရောက်လာ၍ပျော်နေမိတာ အမှန်ပါ။ သူမှာ မောင်ကြီးကို မျှော်ခဲ့ရတဲ့ရက်တွေ မနည်းတော့ပါ။ ဒါပေမဲ့ဒီနေ့မှ ရောက်လာတဲ့မောင်ကြီးရဲ့အခန်းထဲ ရှင်နှောင်းမေကိုတွေ့လိုက်ရတဲ့အတွက် ရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



တစ်ရှိန်မြစ်သွားသည်။ ဒီလိုနဲ့အတွေးကမ္ဘာထဲ လွင့်မျောရင်း သူမလည်း အိပ်ပျော်သွားခဲ့လေတော့သည်။

အိပ်မက်ထဲတွင် ခတ္တာ၊ ရှင်နှောင်းမေနဲ့ မောင်ကြီးတို့သုံးဦး စက်လှေတစ်စီးထဲမှာ အတူရှိနေကြသည်။ သူတို့သုံးဦးလှေတစ်စီးထဲမှာပင်လယ်ဘက်သို့ ထွက်လာခဲ့ကြသည်။ သူတို့ဘယ်ကိုဦးတည်သွားနေသလဲဆိုတာ သူတို့ကိုယ်တိုင်လည်းမသိကြပါ။ ဒါပေမဲ့ သူတို့ပျော်နေကြသည်။ ယခုလိုသူတို့သုံးဦး လွပ်လွပ်လပ်လပ် ထွက်လာရတာကိုက သူတို့မှာပျော်လို့မဆုံးပါ။

ထိုအချိန်တွင် မမျှော်လင့်ပဲမုန်တိုင်းတိုက်ခိုက်ဖို့ ရှေ့ပြေးလေလေးတိုက်ခိုက်လာနေတာ တွေ့လိုက်ရသည်။ လေနုအေးလေးက အရှင်လာနေသည်။ ပြီးတော့ လေပြင်းလေးတစ်ချက်တစ်ချက် တိုက်ခိုက်လာသည်။ ပြီးနောက်ပင်လယ်ရဲ့ တောင်ဘက်မှမှိုင်းညို့လို့လာသည်။တဖြည်းဖြည်းမိုးသားမဲများ တဖြည်းဖြည်းတက်လာသည်။

ရင်းအဖြစ်အပျက်များကို သူတို့သုံးဦးသားခံစားလိုက်ရ၍ ခတ္တာနဲ့ရှင်နှောင်းမေတို့ကြောက်လာခဲ့ကြသည်။ ထိုအခါခတ္တာက···

"အကို မောင်ကြီး မုန်တိုင်းလာတော့မယ် ဘယ်လိုလုပ်ကြမလဲဟင် ညီမကြောက်တယ်"

ဟုပြောပြီး ခတ္တာက မောင်ကြီး လက်မောင်းတစ်ဖက်





ကိုအသေကိုင်ကာ မခွါတော့ပါ။

ထိုအခါရှင်နှောင်းမေကလည်း···

"ဟုတ်တယ် အကိုရှင်နှောင်းလည်းကြောက်တယ်··· ရှင်နှောင်းကိုလည်း ပြစ်မထားပါနဲ့နော်"

ဟုပြောပြီး ရှင်နှောင်း တစ်ဖက် မောင်ကြီးရဲ့လက်မောင်းကို မလွှတ်တဲကပ်ထားကြသည်။

မောင်ကြီးလည်းသူမတို့ရဲ့ ကြောက်လန့်စိတ်ကို ဖြေဖျောက်ပါစေတော့ဟု ဘာမှမပြောတော့ပဲ ငြိမ်နေလိုက်သည်။ ဒါပေမဲ့မုန်တိုင်းကတော့မငြိမ်နေပါ။

"ဝေါ···ဝေါ···ဝေါ"

"ဝိုး···ဝိုး···ဝိုး"

"ဒိန်း ဒလိမ်း"

ကောင်းကင်တစ်ခုလုံး တစ်ခုပေါ်လာပြီး လေပြင်းတိုက်ခိုက်လာခဲ့သည်။လေပြင်းနှင့်အတူ မိုးသားများပါပါလာပြီး တဖြည်းဖြည်းရွာချလိုက်သည်။ မိုးမှာတဖြည်းဖြည်းပိုများလာပြီး လေပါပါလာသည်။ တချက်တချက် လျှပ်စီးများလက်ကနဲလက်ကနဲကြောင့် ခတ္တာနဲ့ရှင်နှောင်းမေမှာ ပိုပြီးကြောက်လာပြီး မောင်ကြီးရဲ့လက်နှစ်ဖက်ကို အသေကပ်ထားလိုက်သည်။

www.burmeseclassic.com



လှေမှာလှိုင်းလေတွေကြောင့် မှန်တိုင်းကိုအံတုကာ ကျော်ဖြတ်နေသည်။ ထိုအချိန်တွင် မမျှော်လင့်ဘဲ မိုးကြိုးတစ်ခုပစ်လိုက်ရာ

"ဒုန်း…ဖျောင်း"

မိုးကြိုးကြောင့်လှေ၏ကရိန်းတိုင်ထိပ်တွင် မီးစွဲကာလှေဝမ်းကွဲသွားသည်။ လှေဝမ်းကွဲ၍မိုးကြိုးပစ်သောအရှိန်ကြောင့် လှေမှာရေတွေဝင်ပြီး ခတ္တာတို့မှာလည်း တကွဲတပြားစီဖြစ်သွားကြသည်။ထိုအခါ ခတ္တာကမောင်ကြီးပျောက်သွား၍…

"မောင်ကြီးရေ…မောင်ကြီးရေ" ဟုခေါ်နေလေသည်။

"ညီမလေး ခတ္တာ…ညီမလေး ခတ္တာ"

ခတ္တာအာရုံတွင် ခေါ်သံလိုလိုကြားရသည်။ ယောက်ျားလားမိန်းမလားဆိုတာမသဲကွဲပဲဖြစ်နေသည်။ ဒါပေမဲ့ခေါ်တဲ့အသံကတော့ မပျောက်သွားပဲ ဆက်ပြီးကြားနေရသည်။ ထိုအခါ…

"ဟာ ဟင်"

"မမ ဘာဖြစ်လို့လဲဟင်"

"ဘာမှမဖြစ်ပါဘူး • • •ညီမလေး အိပ်မက်မက်ပြီး အော်ခေါ်နေတဲ့အသံကြားလို့မမစိတ်ပူပြီး ခေါ်တာပါ… ညီမက အိပ်မက်ဆိုးတွေ မက်နေတာလား"

ထိုအခါခတ္တာခဏတော့စဉ်းစားလိုက်သည်။ ဟုတ်ပါပြီသူမ





အိပ်မက်မက်နေတာဖြစ်သည်။ အိပ်မက်ထဲမှာ မောင်ကြီးနဲ့သူမကွဲသွား၍အော်ခေါ်နေတာဖြစ်လိမ့်မည်ဟု ထင်မိပါသည်။

"ဟူး တော်ပါသေးရဲ့ အိပ်မက်ဖြစ်လို့ အပြင်မှာတကယ်မဖြစ်ပါစေနဲ့"

ဟု စိတ်ထဲမှ ဆုတောင်းနေမိသည်။

"ရော့ ညီမလေးရေသောက်လိုက်" ရှင်နွေဝင်းမေကခတ္တာကို ရေတစ်ခွက်တိုက်လိုက်သည်။

○



www.burmeseclassic.com

www.burmeseclassic.com



## ပြန်လာခဲ့ပါမောင်ကြီး

"မောင်ကြီးရေ အမြန်ပြန်လာခဲ့ပါနော်…ညီမ လွမ်းလှပြီ။ မောင်ကြီးသွားတာတစ်ပတ်ရှိနေပြီ…ညီမ မနေတတ်တော့ဘူး။ မောင်ကြီးကညီမကို တစ်ယောက်တည်းထားပြီးသွားတယ်… သူတို့ လာခေါ်ကြတော့မယ်…သူတို့လာရင် ညီမကတော့သေလိမ့်မယ်"

ထိုအချိန်တွင် သူ၏မျက်စိထဲတွင် သူမကိုဆွဲခေါ်နေတာမြင် လိုက်ရသည်။ ဒါပေမဲ့သူမမှာ ရုန်းကန်နိုင်စွမ်းမရှိဘဲ သူတို့ခေါ်ရာနောက် သို့လိုက်ပါသွားလေတော့သည်။ ထိုအခါသူမက…

"မောင်ကြီးရေ…မောင်ကြီး"

"မောင်ကြီးရေ…မောင်ကြီး"

အသံမှာတဖြည်းဖြည်းပျောက်သွားပြီး…

"ဟား ဟား ဟား"





မောင်ကြီးတစ်ယောက် အိပ်မက်မှလန့်နိုးလာသည်။ သူ၏ ရင်တစ်ခုလုံးခုန်နေတာ တွေ့လိုက်ရသည်။ ပြီးနောက်တစ်ခုခုကိုနိမိ စိတ်ဖြစ်မိသည်။ ရင်တွေလည်းခုန်လာမိသည်။

"မဖြစ်ဘူး စန္ဒားမှာဘာတွေဖြစ်နေပြီလဲ မောင်ထူး… တစ်ယောက်တည်းနိုင်ရဲ့လားမသိဘူး…ငါ့ရဲ့ငါးလေးကော ဘယ်လို ဖြစ်နေပြီလဲ…အိပ်မက်တွေမကောင်းဘူး…မဖြစ်ဘူးမနက်ဖြန် ပင်လယ်ပြန်မှဖြစ်မယ်…ညနေ ဦးလာရင်ပြောပြီး မနက်ဖြန်လှေရှိရင် လိုက်သွားတော့မယ်"

ဟုခုံးဖြတ်လိုက်လေသည်။

မောင်ကြီးဦးစီမောင်ကိုပြောပြီး ပင်လယ်ထဲသို့ပြန်လာခဲ့လေ သည်။ ပထမကျားပါးစပ်သို့ထွက်မဲ့ စက်လှေရှာပြီး လိုက်လာခဲ့သည်။ မိမိတို့ကျားပါးစပ်တွင် လှေတစ်စီးဖြင့်စန္ဒားသို့ လိုက်ပို့နိုင်းရသည်။

စန္ဒားသို့မောင်ကြီး လှေလေးကပ်လာခဲ့သည်။

"မောင်ထူးရေ မောင်ထူး"

မောင်ထူးတစ်ယောက် အော်ခေါ်သံကြားရှိတဲ့အပြင်သို့ ထွက် ကြည့်လိုက်သည်။

"ဟင်…အကို ဘယ်တုန်းကရောက်တာလဲ"

"ဒီနေ့ပဲရောက်တယ်…အခြေအနေကောင်းရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"အပေါ်တက်ပါအုံး အကိုရယ်‥အပေါ်ရောက်မှပြောပြမယ်"

မောင်ကြီးလှေပေါ်မှ စနွှားပေါ်သို့တက်လိုက်သည်။

"ကိုမောင်ကြီး ကျွန်တော်ပြန်လိုက်အုံးမယ်" လှေပေါ်မှလူက မောင်ကြီးကိုပို့ပြီးနောက် နှုတ်ဆက်ကာပြန်ထွက်ခွါ သွားလေတော့သည်။

မောင်ကြီးလည်းသူ့သိချင်ကြားချင်လှပြီဖြစ်၍ မနေနိုင်ကာ

"မောင်ထူး ပြောပါအုံးကွ"

ဟုပြောရင်း သူ့ငါးလေးရှိသော ငါးပုံးနားသို့ ရောက်လာခဲ့သည်။

"ဟင် ဟာ‥ ငါးလေးဘယ်ရောက်သွားပြီလဲ မောင်ထူး ပြောပါအုံး ငါ့ရဲ့အိပ်မက်တွေမကောင်းဘူး‥ဟုတ်နေပြီထင်တယ်"

မောင်ထူးလည်းဘာပြောရမှန်းမသိပဲ ဖြစ်နေသည်။ ထိုအခါ မောင်ကြီးက ထပ်ပြီးမေးလိုက်သည်။ မောင်ထူးလည်း မပြောမဖြစ်တော့၍

"ဒီလို အကို‥အကိုသွားပြီးမှနှစ်ရက်မြောက်မှာ စက်လှေတစ်စီးရောက်လာတယ်‥စက်လှေပေါ်က လူသုံးယောက်ဆင်းလာပြီး အကိုရဲ့သေတ္တာကိုရှာတယ်‥ကျွန်တော့်ကိုလည်း ဘာမှမမေး ဘာမှမပြောပဲ သူတို့သဘောတိုင်း စိတ်ကြိုက်ရှာကြတော့တာပဲ‥





ဘာမှတော့ မရသွားကြဘူး‥နောက်ဆုံးဘာမှမရတာနဲ့ ငါးလေးကို သူတို့ပုလင်းထဲကိုထည့်ပြီးယူသွားကြတယ်"

"သွားပါပြီကွ ငါ့ရဲ့ငါးလေးတော့ ဒုက္ခရောက်ပါပြီ"

ဟုမောင်ကြီးညည်းတွားရင်း စိတ်မကောင်းဖြစ်မိသည်။ ငါးလေးကိုသူ မခွဲနိုင်ပါ။ ငါးလေးလည်းသူ့ကို ခွဲနိုင်မည်မဟုတ်ပါ သူဘယ်လိုလုပ်ရမလဲဆိုတာ စဉ်းစားနေမိသည်။

"မောင်ထူးလှေနာမည် ဘယ်လိုခေါ်လဲ"

"ရေသရဲ"

"ကောင်းပြီ မောင်ထူး ဒီလှေမြိတ်မြို့တခိုက်မှာပဲရှိအုံးမယ် မင်း ဒီမှာပဲကြည့်လုပ်ထားလိုက်တော့"

ဟုပြောပြီး မောင်ကြီး ကျားပါးစပ် လုပ်ငန်းလုပ်ကိုင်သော ကျွန်းသို့ လှေလေးဖြင့်လာလိုက်သည်။ ပြီးနောက် ကျွန်းတွင်ရှိသော ငါးလှေများဖြင့် မြိတ်မြို့သို့ထွက်မည့်လှေကိုရှာကာလိုက်လာခဲ့သည်။

မောင်ကြီးတစ်ယောက် မြိတ်မြို့သို့သွားမည့် ငါးဖမ်းလှေတစ်စင်းပေါ်တွင်ရောက်နေသည်။ ဒီကျွန်းမှ မြိတ်မြို့ကို ငါးနာရီလောက်တော့မောင်းရမည်ဖြစ်သည်။ လှေပေါ်တွင် ပျင်းပျင်းဖြင့် ငါးလေးနဲ့သူ့ရဲ့အကြောင်းကို စဉ်းစားနေမိသည်။ ငါးလေးသည်သူ့ကို အိပ်မက်ထဲတွင်လာပြီး စကားတွေပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ကြီးမျှင်းနေပြီလား…ညီမတို့မြိတ်မြို့ကိုရောက်နေပြီ…မြိတ်မြို့မှာ သူတို့ဘာလုပ်မလဲတော့မသိဘူး မောင်ကြီး ညီမဆီကို လိုက်လာမယ်ဆိုတာ ညီမသိပါတယ်…ညီမမျှော်နေမယ်နော်"

"ဟင်…ဟာ"

မောင်ကြီးလှေဦးထိပ်နံရံတွင် မှေးကနဲဖြစ်သွားသည်။ အသံတစ်ခုကြောင့် လန့်နိုးလာခဲ့သည်။ ပြီးနောက်သူ့ရဲ့ အတွေးလိုလို အိပ်မက်လိုလို ရလိုက်သောအဖြစ်ကို သူသတိရလိုက်သည်။

"ခါငှါကို လာပြောတာပဲ ငါးလေးရှိတဲ့နေရာငါသိရပြီ"

တကယ်တော့သူနဲ့ငါးလေးက စိတ်ချင်း ဆက်နွယ် သက်ရောက်မှုရှိနေတယ်ဆိုတာ သူ့အစကတည်းက သတိထားမိသည်။ ယခုလည်း သူ့ကိုလာသတိပေးသလိုလိုနဲ့ လာပြောခြင်းဖြစ်သည်။

မောင်ကြီးဆက်ပြီးမအိပ်တော့ပဲ ထိုင်ရာမှထပြီးလေကောင်းလေသန့်ကို ရှူလိုက်သည်။ ပတ်ဝန်းကျင်ကို လေ့လာလိုက်သည်။ စက်လှေလေးက ကျွန်းများနဲ့မနီးမဝေးမှ ဖြတ်ပြီးမောင်းနေသည်။ ကျွန်းများမှာလည်း နီးလာလိုက်အဝေးမှာကျန်ခဲ့လိုက်ဖြင့် ကျွန်းများ၏ အလှများကို ခံစားမိသည်။

ပင်လယ်ထဲသို့ငုံ့ကြည့်သောအခါတွင် ရေပေါ်မှငါးများ၏ အရှယ်စုံအုပ်လိုက် သွားလာနေတာတွေ့ရသည်။ တခါတခါ လေသိမ်





ကျောက်ခေါ် ဖေကောချပ်ကြီး ရေပြင်မှာမျောနေသလို တွေ့ရသည်။ တချို့မှာ အမြှီးအရှည်ကြီးများလည်းတွေ့ရသည်။

ပင်လယ်ခွေခေါ် မှိုင့်လိုရေသတ္တဝါမျိုးကိုတော့ တစ်ကောင်တလေသာတွေ့ရသည်။ မောင်ကြီး ရေသတ္တဝါများကို ခံစားကြည့်ရှုရင်းဖြင့် အဝေးသို့အမှတ်မထင် လှမ်းကြည့်မိသည်။ မြိတ်မြို့နှင့်ဝင်ခါနီး အဝေးမှ တောင်ညီနောင်ခေါ် ပထမဦးဆုံး ပထော်တောင်ကို စတင်မြင်လိုက်ရသည်။

"အင်း…မြိတ်မြို့တောင်ရောက်ခါနီးပြီပဲ"

မြိတ်ရောက်ရင် သူ့အမြဲဝင်နေကျဖြစ်သည်။ ကျော်သူ့က မြိတ်မှာ ပွဲရုံလုပ်ငန်းလုပ်နေသူ ဖြစ်သည်။ သူ့မိတ်ဆွေများက ရန်ကုန်ဗိုတဲ့လုပ်ငန်းလုပ်သည်။ ကုန်ပစ္စည်းမျိုးစုံလုပ်ကိုင်သည်။ ယိုးဒယားဘက်မှ ပစ္စည်းမျိုးစုံနှင့်ရေထွက်လုပ်ငန်းမျိုးစုံကိုလည်းလုပ်ကိုင်သည်။ ငါးပိငါးခြောက်ပွဲရုံလည်းလုပ်သည်။ လုပ်ငန်းကတော့များသည်။

ယခုလည်းမြိတ်ရောက်ရင် ပထမဦးစွာ ကျော်သူ့ကို ပွဲရုံမှာဝင်ရှာရမှာပဲ။ ပြီးတော့ သူ့ကိုအကူအညီတောင်းရမည်ဖြစ်သည်။

သူတွေးနေစဉ်တွင် စက်လှေကမြိတ်မြို့ရဲ့ဆိပ်ကမ်းကိုကျော်ကာ တမ်းနားသို့ရောက်ခါနီးနေပါပြီ။ သူလည်းမြိတ်မြို့ဆိပ်ကမ်းသောင်ပြင်ပေါ်ရောက်သည်နှင့်ပဲသူ့ရဲ့အိတ်ကို သွားယူတော့မည်ဟု ပြင်ဆင်လိုက်သည်။ သူ့



www.burmeseclassic.com

www.burmeseclassic.com



မှာကအဝတ်အစားပါသော အိတ်တစ်လုံးသာပါသည်။ ၎င်းအိတ်ကို ပုံနှင်းဆီမှာအပ်ထားခဲ့သည် မဟုတ်ပါလား။

စက်လှေကဘောတံတားသို့ တဖြည်းဖြည်းကပ်နေပြီ။ ဘောတံတားသို့ ဒါရိုက်ကပ်ရသည်။ [redacted]။ ၎င်းဘောတံတားရဲ့အောမှာက သူ့ကိုစက်လှေထက် ဦးစွာရောက်နေသော ငါးဖမ်းလှေသုံးစင်းက ရှိပြီးသားဖြစ်သည်။

သူတို့လှေက ၎င်းလှေရဲ့ဘေးချင်းယှဉ်ကာကပ်ရမည်မဟုတ်ပါလား။ ထိုအခါလှေထိုးသားက သူ့နားသို့လာပြီး လှေဦးတွင်ပုံထားသောကြိုးခွေကိုလာကိုင်ကာ တဖက်လှေမှလူကိုပစ်ပေးရန်စောင့်ဆိုင်းနေသည်။

တဖက်လှေမှလည်း လှေသမားအချင်းချင်းရိုင်းပင်းကူညီမှုများ ရှိကြသည်။ ၎င်းပစ်ပေးလိုက်သောကြိုးကို ဖမ်းလိုက်ပြီး သူ့ရဲ့လှေနံရံကြိုးချည်တိုင်တွင် ချည်ပေးလိုက်သည်။ အားလုံးပြီးဆုံးသွားသောအခါ လှေပေါ်မှ မောင်ကြီးကအရင်ဆင်းခဲ့သည်။ လှေတစ်စင်းပြီးတစ်စင်း ကျော်ဖြတ်ပြီး တံတားပေါ်သို့ရောက်လာခဲ့သည်။ ပြီးနောက် မြိတ်မြို့ ကမ်းနားလမ်းအတိုင်း ဘယ်ဘက်သို့လျှောက်လာခဲ့သည်။ တစ်ဆယ့်ငါးမိနစ်ခန့်လျှောက်လာပြီး ကမ်းနားဘက်သို့ မျက်နှာမူကာ ပွဲရုံတစ်ရုံနားသို့ရောက်လာခဲ့သည်။





(ကျော်ပွဲရုံ) ၎င်းပွဲရုံထဲသို့ဝင်သွားသည်။ ထိုအခါ လူငယ်လေးတစ်ယောက်ထွက်လာပြီး ...

"အစ်ကိုဘာလိုချင်လဲဟင် ... ဘာကူညီပေးရမလဲ"

"ဘာမှမလိုချင်ပါဘူး... ကိုကျော်သူရှိလားညီလေး"

"ဟုတ်ကဲ့ရှိပါတယ် ခဏစောင့်ပါ...အိမ်ပြန်ပြီးထမင်းစားနေပါတယ်...လာခါနီးပါပြီ"

"အေး ဒါဆိုလဲစောင့်မယ်...အစ်ကို ဟိုနားက (ရှင်းရှင်း) လက်ဘက်ရည်ဆိုင်မှာ လက်ဘက်ရည်သွားသောက်လိုက်ဦးမယ်"

" ဟုတ်ကဲ့ပါအစ်ကို "

မောင်ကြီး လက်ဘက်ရည်ဆိုင်ဘက်ထွက်လာခဲ့သည်။ လူရှင်းနေသောစားပွဲတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။ ဆိုင်ကနည်းနည်းကျဉ်းတော့စားပွဲများက သိပ်မကွာပါ။ သူထိုင်လိုက်သောစားပွဲရဲ့ဘေးအနောက်ဘက်မှာက လူသုံးယောက်ရှိပြီးသားဖြစ်သည်။ သူထိုင်သောဘက်ကိုကျောပေးပြီး လူတစ်ယောက်ကရှိပြီးသားဖြစ်သည်။ ထိုအခါ ဆိုင်ရှင်ဖြစ်တဲ့အဒေါ်ကြီးက...

"ဖိုးသားရေ...ဝင်လာတဲ့ အကိုကြီးကို မေးပါအုံး"

ထိုအခါဖိုးသားခေါ် စားပွဲထိုးလေးကသူ့နားသို့ရောက်လာပြီး

"အကို ဘာသောက်မလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အကိုကို ကျစိမ့်လေးတစ်ခွက်ပေးပါ မုန့်တွေလည်းချကွ ဒါနဲ့ကောက်ညှင်းကင်ရှိသေးလား"

"ရှိပါတယ်အကို...ကျွန်တော်တို့ဆိုင်မှာက မုန့်တွေအစုံပါပဲ၊ ကောက်ညှင်းကင်၊ မုန့်လုံးကြီး၊ မုန့်စောင်ခြံ (ငှက်ပျော)နဲ့လည်းရတယ်...မြိတ်မှာနာမည်ကြီး အာပုံလည်းရတယ်...မုန့်မီးတိုင်၊ အီကြာကွေး၊ နံပြားလည်းရပါတယ်...အကိုကြိုက်တာစားလို့ရအောင် လာချပေးပါ့မယ်"

"အေး ကောင်းတာပေါ့...အကိုလည်းရွေးပြီးစားရတာပေါ့"

ခဏကြာတော့ လက်ဘက်ရည်မချခင် စားပွဲထိုးလေးက မုန့်များလိုက်စကာ သူ့ရဲ့စားပွဲပေါ်သို့ တစ်ခုပြီးတစ်ခုလာချပေးသည်။ မောင်ကြီးလည်း မုန့်များကိုကြည့်ပြီး စားချင်စရာချည်းပဲဖြစ်နေ၍ အာပုံကိုအရင်ဆုံးစားလိုက်သည်။ပြီးနောက်ကောက်ညှင်းထုပ်တစ်ခု စားလိုက်သည်။

ထိုအခါလက်ဘက်ရည်ရောက်လာသည်။ ပြီးနောက် ကောက်ညှင်းကင်ကိုဆက်ပြီး စားပြန်သည်။သူလည်းခဏခဏနဲ့စားလိုက်တာဗိုက်ပြည့်သွားသည်။ ထိုအခါသူနဲ့ကျောချင်းကပ်နေသောလူက

"မဲကြီး ငါးလေးကို အစာကျွေးခဲ့ရဲ့လား"

"ကျွေးပြီးလာခဲ့တာပဲ"





ထိုအခါတဖက်လူက

"ငါးလေးက အလွန်ထူးဆန်းတယ်နော်...သေသေချာချာကြည့်ရင် လူမျက်နှာနဲ့တူသလိုပဲ အလွန်ထူးဆန်းတာပဲ ဒါကြောင့်လည်း ဆရာကြီးက ယူလာခဲ့တာ...ဘာလုပ်မလို့လဲမသိဘူး"

ထို့နောက် မဲကြီးဘေးနားကထိုင်နေသော ဝမ်းနူးက...

"ငါ ကြားလိုက်တာက တဖက်နိုင်ငံမှာ သွားရောင်းမယ်လို့ကြားတာပဲ...သူတို့စားသောက်ရင်း ပြောနေတာ ကြားလိုက်တာပဲ ငွေအများကြီးရမှာပဲလို့ပြောနေတယ်...ဒီလိုထူးခြားတဲ့ ရေသတ္တဝါတွေဝယ်စုပြီး တဆင့်ပြန်ရောင်းတဲ့ဆိုင် တဖက်နိုင်ငံမှာ ရှိတယ် အဲဒီကိုပဲပို့မှာပဲနေမှာ"

ထိုအခါမဲကြီးက

"အခုဆရာကြီးဘယ်မှာရှိလဲ"

"မြို့ထဲက သူခိုင်းထားတဲ့လူဆီကို သွားမယ်လို့ပြောတယ်။ ဒါဆိုလှေမှာ ဘယ်သူကျန်ခဲ့လဲ"

"စက်ဆရာနဲ့ ပဲ့နင်းပဲကျန်ခဲ့တယ်"

မောင်ကြီးတစ်ယောက် သူတို့ပြောနေတာတွေကြားပြီး ဝမ်းသာသွားသည်။ လှေကိုဘယ်ဆိပ်ကမ်းမှာကပ်လဲဆိုတာတော့ ရှာရမခက်ပါ။ သူတို့လှေနဲ့နာမည်မေးလိုက်ရင် ရပါပြီ မြိတ်မြို့က



www.burmeseclassic.com

www.burmeseclassic.com



ကျွင်းကျွင်းလေးဆိုတော့ မခက်ပါ။

ဒါနဲ့သူလည်း လက်ဘက်ရည်အမြန်သောက်ပြီး ငါးလေး ရှိတဲ့စက်လှေကို စုံစမ်းရအုံးမည်မဟုတ်ပါလား။ ဒါပေမဲ့ ကျော်သူ မေးလိုက်ရင်ရနိုင်တယ်။ ဒီကောင်က မြိတ်စက်လှေ အဝင်အထွက် အားလုံးသိတယ်ဆိုတာ သူကသိထားသည်။ ဘာကြောင့်လည်း ဆိုတော့ သူကပွဲရုံလုပ်ငန်းအတွက် ပစ္စည်းကိုစက်လှေနဲ့ ပို့ယူ လုပ်နေတဲ့သူဆိုတော့ စက်လှေတွေရဲ့ အကြောင်းသိသည်။ မသိလည်း စုံစမ်းရမခက်ပါ။

ဒါကြောင့်မောင်ကြီး လက်ဘက်ရည်ဆိုင်မှထွက်လာခဲ့ပြီး ကျော်ပွဲရုံသို့လာခဲ့သည်။ ထိုအချိန်တွင် သူလည်းရောက်ကျော်သူလည်း ရောက်ဖြစ်နေသည်။

"ဟေး သူငယ်ချင်းကျော်သူ"

ကျော်သူက ဆိုင်ကယ်ပေါ်မှ သူနောက်သို့အသံကြား၍ လှည့် ကြည့်လိုက်သည်။

"ဟာ မောင်ကြီး ဘယ်တုန်းကရောက်တာလဲ"

"ခုနကရောက်တယ် မင်းမရောက်သေးလို့ လက်ဘက်ရည် သွားသောက်တာ"

ကျော်သူဆိုင်ကယ်ကို ပွဲရုံရှေ့ဘေးနားကပ်ပြီး ရပ်လိုက်သည်။





ထိုအခါ ကျော်သူနဲ့မောင်ကြီး ပွဲရုံထဲသို့အတူတူဝင်ခဲ့သည်။ ပြီးတော့ အခန်းတစ်ခုထဲဝင်ကာ ထိုင်ခုံတွင်ထိုင်လိုက်ကြသည်။

"မောင်ကြီးဒီကို အလည်လာတာလား၊ ကိစ္စနဲ့လား"

"ကိစ္စနဲ့လာတာ မင်းရဲ့အကူအညီလည်း လိုလို့ပါ"

"ရပါတယ်ကွ သူငယ်ချင်းတွေပဲဥစ္စာ ကူညီရမှာပေါ့ မင်းဒီမှာ ပဲတည်းမှာမဟုတ်လား"

"မင်းကလည်း ငါကဒီမှာမတည်းရင် ဘယ်မှာတည်းရမှာလဲ ငါ့မှာကမင်းတစ်ယောက်သာရှိတယ်လေ"

"ဒါနဲ့ပြောပါအုံး မင်းကိစ္စ"

မောင်ကြီးလည်း ကျော်သူကိုသူ့ငါးလေးရခဲ့ပုံမှ ပျောက်သွား တဲ့အထိအတိုချုံးပြောပြလိုက်လေတော့သည်။ ထိုအခါကျော်သူလည်း မောင်ကြီးပြောပြလို့သာ ကြားရသည်။ သူကိုယ်တိုင်ကလည်း ငါးလေး ကိုအရမ်းစိတ်ဝင်စားမိသည်။ မောင်ကြီးကိုလည်း ကူညီမည်ဟုကတိ ပေးလိုက်သည်။

○



www.burmeseclassic.com

www.burmeseclassic.com



## ရေသရဲပေါ်က ငါးလေး

ရေသရဲစက်လှေနောက်လယ် ဘောတံတားတွင်ဆိုက်ကပ်ထားသည်ကို မောင်ကြီးတို့စုံစမ်းသိရှိရသည်။ ကျော်သူကဆိုင်ကယ်မောင်းပြီး မောင်ကြီးကနောက်မှထိုင်လိုက်သည်။

နောက်လယ်ဘောတံတားတွင် ရပ်ထားသော ရေသရဲစက်လှေကိုမြင်နေရသည်။ ဆိုင်ကယ်ကိုစက်ရပ်ပြီး သော့ပိတ်ကာထားခဲ့သည်။ တံတားပေါ်သို့ဆင်းကာဘောပေါ်က စက်လှေကိုစောင့်ကြည့်လိုက်သည်။

စက်လှေပေါ်သို့ အတက်အဆင်းလူရှင်းနေတာသိ၍ ကျော်သူကို စုံစမ်းနိုင်းလိုက်သည်။ ကျော်သူလည်းလှေပေါ်သို့ တစ်ယောက်တည်း တက်သွားသည်။ လှေပေါ်သို့ရောက်သောအခါ ပထမဦးဆုံး လူကြီးတစ်ယောက်တွေ့လိုက်ရသည်။ ငှင်းလူကြီးက





"မောင်ရင်ဘယ်သူနဲ့ တွေ့ချင်လို့လဲကွ"

"ဒီစက်လှေပိုင်ရှင် ဦးခန့်မောင်နဲ့တွေ့ချင်လို့ပါ"

"သူမြို့ထဲသွားတယ်…ညနေပြန်လာမယ်လို့ပြောတယ်"

ထိုအခါကျော်သူလည်း လှေပေါ်ကိုအကဲခတ်ကြည့်လိုက်သည်။ လှေပေါ်တွင်လူများမရှိတာ သိလိုက်ရသည်။ ထို့ကြောင့် ဒုတိယမေးခွန်းကိုဆက်ပြီးမေးလိုက်သည်။

"ကျွန်တော့်ကို ထူးဆန်းတဲ့ငါးရောင်းဖို့ပြောထားလို့ပါ…လာကြည့်ပါဆိုလို့လာကြည့်တာပါ"

"ငါးကတော့ပြလို့ရပါတယ်…ဒါပေမဲ့သူနဲ့ကျမှ မောင်ရင်ဆုံပြီး ကျန်တာပြောပါ"

"ဟုတ်ကဲ့ ငါးလေးကြည့်ရရင်တော်ပါပြီ…ဈေးကတော့သူနဲ့ထပ်တွေ့ပြီးမှပြောပါ့မယ်"

ထိုအခါကျော်သူက လှေခေါင်နားကပ်ပြီး လှေအောက်တွင် ရပ်နေသောမောင်ကြီးကို ရေမှုလူကြီးမမြင်အောင် လက်မှောင်ပြလိုက်သည်။ မောင်ကြီးလည်းချက်ချင်းပဲ လှေပေါ်သို့လှစ်ခနဲ တက်လာခဲ့သည်။ လှေပေါ်တွင် ၎င်းလူကြီးတစ်ဦးသာ ရှိနေတာတွေ့လိုက်ရသည်။ ရေမှုလူကြီးကသွားနေသည်။ နောက်မှ ကျော်သူကထပ်ပြီးလိုက်လာသည်။ မောင်ကြီးက နောက်မှပုန်းကာလာကာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သူတို့ရဲ့တဖက်မှလိုက်လာခဲ့သည်။

ငါးလေးထားသော ဒုတိယပုံနှင်း နားနေခန်းထဲသို့ ဝင်ခဲ့ကြသည်။ ပြီးနောက်ငှင်းလူကြီးက…

"ငါ့တူ ဒီမှာပဲ"

ဖန်ပုလင်းကြီးထဲတွင်ထည့်ထားသောငါးလေးကို ကျော်သူတွေ့သောအခါ…

"ဟာ…အရမ်းအံ့သြဖို့ကောင်းတာပဲ ကျွန်တော်ဒီလိုငါးမျိုး တစ်ခါမှမမြင်ဖူးဘူး…ဦးခန့်မောင်တော့ငွေတွေအများကြီးရမှာပဲ…ဒါနဲ့ဦး ဦးခန့်မောင်က ဘယ်လောက်နဲ့ဈေးခေါ်ထားတာလဲဟင်"

"ဒါတော့ဦးလဲမပြောတတ်ဘူး သူနဲ့ကျမှပဲပြောတော့"

ဟု ငှင်းဦးလေးက အခန်းထဲမှအရင်ထွက်ပြီး နောက်မှကျော်သူက လိုက်လာခဲ့သည်။ ထိုအခါကျော်သူက မောင်ကြီးရောက်နေသောနေရာကို ရှာလိုက်သည်။ တွေ့ပါပြီ။

ကျော်သူက ခေါင်းညိမ့်ပြလိုက်သည်။ ဦးလေးလည်း လှေကားမှအောက်သို့ဆင်းသွားသည်။ လှေကားအောက်သို့ရောက်သော်ကျော်သူက စကားများဖာထေးကာပြောပြီး အချိန်နည်းနည်းဆွဲလိုက်သည်။ ပြီးနောက်အချိန်ကြာတော့ မောင်ကြီးလှေပေါ်မှပြန်





ဆင်းရန်အတွက် ငှင်းဦးလေးမမြင်ဖို့အတွက်…

"ဦးလေး ကျွန်တော့ကို ရေတစ်ခွက်လောက်တိုက်ပါလား"

"ဩော်…အေး အေး လာဒီမှာထိုင် ဦးလေးသွားခပ်ပေးမယ်"

ဟု လေ့ရဲ့နောက်ဖက် ထမင်းချက်ခန်းအဝင်ဝတွင် ရေသန့်ပုံးနားသို့သွားပြီး ရေကိုတဖက်သို့လှည့်ပြီး ငုံ့ယူနေသည်။ ထိုအချိန်ကိုစောင့်ကြည့်နေသော မောင်ကြီးက လှေပေါ်မှ အမြန်ဆင်းလာခဲ့တော့သည်။ မောင်ကြီးလည်း အောက်သို့ချောမောစွာရောက်ပြီး သောတံတားမှတဆင့်ဆိုင်ကယ် နားသို့သွားကာစောင့်နေလိုက်သည်။

မကြာခင်မှာပဲ ရေလာပေးသောဦးလေးဆီမှရေကို ကျော်သူသောက်ပြီးနှုတ်ဆက်ကာ ပြန်ခဲ့လေတော့သည်။အားလုံးချောမောစွာပြီးမြောက်ခဲ့တဲ့အတွက် သူငယ်ချင်းနှစ်ယောက်ပျော်ရွှင်စွာ ပွဲရုံသို့ပြန်ခဲ့လေတော့သည်။

O



www.burmeseclassic.com

www.burmeseclassic.com



## ပြုံးပျော်ရွှင်နေတဲ့မောင်ကြီးနဲ့ငါးလေး

ပွဲရုံတွင်ကျော်သူဖန်ပုလင်းထဲမှငါးလေးကို သေသေချာချာ ကြည့်နေမိသည်။ ပြီးနောက်မောင်ကြီးဘက်သို့လှည့်ကာ…

"မောင်ကြီး မင်းဒီငါးကို ဒီလိုပဲမထားသင့်ဘူး…သူတို့တွေ တစ်နေ့နေ့မှာ ပြန်လာယူမှာပဲ…ဒီတော့ ဒီငါးလေးကို မင်းဘယ်လိုလုပ် သင့်လဲဆိုတာစဉ်းစားပါ…ဒီတစ်ခါပြန်လာယူရင် ဒီငါးလေးတဖက်နိုင်ငံ ရောက်သွားလိမ့်မယ်…ဒီတော့ ငါ့အနေနဲ့ အကြံပေးချင်တာက သူလာတဲ့နေရာမှာပဲပြန်ထားစေချင်တယ် သူလည်း လွတ်လွတ် လပ်လပ် နေပါစေကွာ"

ကျော်သူပြောသောစကားများကို မောင်ကြီးငြိမ်ကာနားထောင် နေလိုက်သည်။ သူလည်းငါးလေးကိုကြည့်ပြီး စိတ်မကောင်းဖြစ်မိသည်။ ကျော်သူပြောတာလည်း ဟုတ်နေသည်။ ငါးလေးကိုတဖက်နိုင်ငံ





ရောင်းစားတာမလိုချင်ဘူး။ ဒီတော့တခုခုတော့ ဆုံးဖြတ်ရတော့မည် ဟုမောင်ကြီးစဉ်းစားလိုက်သည်။

"အေး ဟုတ်တယ်ကျော်သူ…မင်းပြောတာ ငါဆုံးဖြတ်လိုက် ပြီ…ဒီနေ့ပဲ ငါ ပြန်မယ်…ငါးလေးကို တခါတည်းယူသွားပြီး သူ လာတဲ့နေရာကိုပြန်ပို့တော့မယ်ဟု ဆုံးဖြတ်လိုက်ပြီ"

ထို့နောက် မောင်ကြီးကငါးလေးဘက်သို့လှည့်ပြီး…

"ငါးလေးရယ်…မင်းနဲ့ငါ ခွဲရတော့မယ်…မခွဲလို့လဲမရတော့ ဘူး…မင်းနဲ့ငါမခွဲဘူးဆိုရင် သူတို့ကလာခွဲကြတော့မယ် အဲဒီ အခါကျရင် မင်းနဲ့ငါကပိုဝေးသွားလိမ့်မယ်…ဒီတော့မင်းကို ငါ ရေထဲပြန်ပို့ပေးပါမယ် တကယ်လို့များ မင်းနဲ့ငါ တွေ့ချင်ရင် တစ်လ တစ်ခါဆုံကြတာပေါ့နော်… အဲဒီရက်ကို ငါးလေးလည်းမှတ်ထားပြီး ရောက်အောင်လာခဲ့နော်"

ဟု မောင်ကြီး ဝမ်းနည်းသောလေသံလေးဖြင့် ငါးလေးကို ပြောပြီး သူပြန်ဖို့အတွက် အစီအစဉ်ဆွဲလိုက်တော့သည်။

"ဒါနဲ့ ကျော်သူ ပင်လယ်ထွက်မဲ့လှေ ဒီနေ့ဘယ်သူ့လှေရှိလဲ"

ထိုအခါကျော်သူကစဉ်းစားပြီး …

"ဒီနေ့မင်းနိုင်လှေရှိတယ် ကျားပါးစပ်တွေက ငါးခြောက်တွေ ထိုင်သိမ်းမယ်လို့ပြောနေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မင်းငှါးကိုပြောပေးကွာ…ငါလိုက်ချင်တယ်"

"ရပါတယ်ကွာ…နို့စက်လှေတွေက ပင်လယ်ထဲက အလုပ်သမားတွေပဲ ဘယ်သူလိုက်လိုက်ရပါတယ်…မင်းတို့ကျားပါးစပ်လုပ်တဲ့ ရေလုပ်သားတစ်ယောက်ဆိုရင် ပိုပြီးတောင်လက်ကမ်းကြိုဆိုတဲ့လူတွေပါ…ရိုင်းပင်းကြမှာပါ…မင်းယူစရာရှိတာယူ သိမ်းစရာရှိတာ သိမ်းတော့ ယခုပဲငါလှေထဲလိုက်ပို့ပေးမယ်"

ထိုအခါမောင်ကြီးလည်း ငါးလေးကိုဖန်ပုလင်းထဲ အစာနှံ့ အတူတစ်ခါတည်းထည့်သည်။ အပြင်မှမမြင်ရအောင် အိတ်တစ်လုံးဖြင့်ပိတ်ထားလိုက်သည်။

ထိုအချိန်တွင်ကျော်သူက ဆိုင်ကယ်ပေါ်မှစောင့်နေသည်။ ကျော်သူက…

"မောင်ကြီး မပြီးသေးဘူးလား…မြန်မြန်လုပ်ကွ တော်ကြာ သူတို့သိသွားလို့ လိုက်စုံစမ်းနေအုံးမယ်"

ဟုတ်တော့လည်းဟုတ်သည်။ သူ့အနေနဲ့အချိန်မဆွဲသင့်ပါ။ တခါတည်းပြန်သင့်သည်။မောင်ကြီးကျော်သူ၏ အကူအညီကြောင့် ပင်လယ်ထွက်မဲ့ မင်းနိုင်စက်လှေဖြင့် အဆင်ပြေသွားတော့သည်။

စက်လှေလည်းသူတို့ရောက်လာပြီး မကြာခင်မှာပဲတင်/ချ ကိစ္စပြီး၍ချက်ချင်းထွက်ခဲ့လေတော့သည်။





ယခုတော့ငါးလေးနဲ့သူက ပြုံးပျော်စွာပြန်တွေ့ခဲ့ကြပြီမဟုတ်ပါလား။

○



www.burmeseclassic.com

www.burmeseclassic.com



## ဦးခန့်မောင်၏ဒေါသအိုး

ညနေ ၅နာရီခန့်တွင် လှူငါးယောက်ရေသူရဲပေါ်သို့တက်လာကြသည်။

"ဟင် ဆရာတို့ရောက်လာကြပြီလား"

"ဟုတ်တယ် စက်စရာ‥လှေကိုဘယ်သူတွေလာသေးလဲ"

"ဩော် မနက်တုန်းကလူတစ်ယောက်လာတယ်"

"ဆရာနဲ့အရောင်းအဝယ်လုပ်မဲ့ငါးလေးကိစ္စ ပြောထားတယ်လို့ပြောတယ်‥ပြီးတော့ငါးကိုသည်းလိုက်ကြည့်လို့ ကျွန်တော်ပြလိုက်သေးတယ်"

ဦးခန့်မောင်မျက်နှာပျက်သွားသည်။ စိုးရိမ်စိတ်များဖြစ်သွားသည်။ စက်ဆရာပြောတာကို သူ့အနေနဲ့ပြန်မေးချင်ပေမဲ့ ချက်ချင်းမမေးသေးဘဲ ငါးလေးထားသောစလင်ခန်းသို့ တက်လာခဲ့သည်။ သူ





စိတ်ထဲတွင်ထင်ထားသည့်အတိုင်းပင် ငါးလေးမရှိတော့ပါ။ သူစိုးရိမ်ခဲ့တာဟုတ်နေပြီကို စက်ဆရာဘက်ကိုလှည့်ကာ‥‥

"ဒီမှာကိုထိန်ဝင်း ကျွန်တော်နဲ့ဘယ်သူမှ စေ့စကားမပြောထားဘူး ကျွန်တော်လည်းလှေပေါ်ကို ဘယ်သူ့ကိုမှမချိန်းထားဘူး အခုငါးလေးပျောက်နေပြီ လာကြည့်တဲ့လူကတစ်ယောက်တည်းလား"

"ဟုတ်ပါတယ် ကျွန်တော်ကိုယ်တိုင် သူတစ်ယောက်တည်းကိုပဲပြတာပါ သူ့နောက်မှာဘယ်သူမှပါလာတာမတွေ့ပါဘူး"

"ဒါမဖြစ်နိုင်ဘူး တစ်ယောက်တည်းလာတာမဖြစ်နိုင်ဘူး တစ်ယောက်ကိုဟန်ပြပြီး နောက်တစ်ယောက်ကဝင်ခိုးသွားတာဖြစ်လိမ့်မယ်"

"နာတယ်ကွာ သူခိုးလက်ကသူဖက်လုခံရတာ‥‥ဒါဟိုကောင် မောင်ကြီးပဲဖြစ်လိမ့်မယ် ဒီကောင်သိသွားလို့ တမင်လှည့်ပြန်လာယူတာဖြစ်မယ်"

ဦးခန့်မောင်စက်ဆရာကို ခွပ္ပနေလို့လည်းအလကားပဲ။ စက်ဆရာက ဒါတွေကို သိခဲ့တာမဟုတ်ပါ။ သူ့ရဲ့အစီအစဉ်တွေကိုလည်း ဘယ်သူ့ကိုမှမသိစေချင်ပါ။

ဦးခန့်မောင်လည်းသူ့ရဲ့ လူတွေဘက်လှည့်ပြီး‥

"ကဲ အားလုံးပဲ မနက်ဖြန် လှေ ပင်လယ်ထဲပြန်ထွက်မယ်



www.burmeseclassic.com

www.burmeseclassic.com



အားလုံးအခဝင်သင့်လုပ်ထားကြ"

"ဟုတ်ကဲ့ပါ"

"တွေ့ကြသေးတာပေါ့ မောင်ကြီးရာ"

မောင်ကြီးတစ်ယောက် စနွားသို့ပြန်ရောက်ခဲ့ပြီး ရောက်ရောက်ချင်းပဲ ငါးလေးကို···

"ငါးလေးရေ မင်းကိုငါ လွတ်လွတ်လပ်လပ်နေစေချင်လို့ အပေါ်မှာမထားတော့ဘူး · · ·မင်းလာခဲ့တဲ့ပင်လယ်ထဲကို ပြန်လွှတ်တော့မယ်···မင်းနဲ့ငါ လပြည့်လကွယ်နေ့တိုင်း ဆုံရအောင်နော်"

ဟုပြောပြီး ငါးလေးကိုစနွားအောက်သို့ချပြီး ရေထဲသို့လွှတ်လိုက်သည်။ ငါးလေးကရေထဲရောက်တော့ ချက်ချင်း ထွက်မသွားသေးပဲမောင်ကြီး နားတွင်တဝဲလည်လည်ဖြင့် နှစ်ပတ်သုံးပတ်ပတ်လိုက်သည်။ ပြီးနောက် သူ့ကိုရီဝေစွာကြည့်ရင်း ထွက်ခွါသွားလေတော့သည်။

မောင်ကြီးလည်း ငါးလေးရဲ့အကြည့်နဲ့ ထွက်ခွါသွားတာကိုနားလည်လိုက်ပြီး ကြေကွဲစွာခံစားရသည်။ ဒါပေမဲ့ သူကျေနပ်သည်။ ငါးလေးကို လောဘဇောသမားတွေရဲ့ လက်ထဲမရောက်တာ သူကျေနပ်သည်။





ယခုအချိန်လောက်ဆိုရင် ဦးခန့်မောင်တစ်ယောက် ဘယ်လောက် ဒေါသဖြစ်နေမလဲဆိုတာ မြင်ယောင်နေမိတော့သည်။

၀



www.burmeseclassic.com

www.burmeseclassic.com



## မြူးပျော်နေသောခွေးဏ္ဍာ

ယနေ့ ဦးစီမောင်ဓါးငါးလှေဝင်လာသည်။ ဦးစီမောင်ကိုယ်တိုင် ပဲကမ်းနားဆင်းကာကြိုဆိုလိုက်သည်။ ထိုအခါမမျှော်လင့်တဲ့သူ တစ်ယောက်ပါလာတာ တွေ့လိုက်ရသည်။ သူကတော့မောင်ကြီး ပါပဲ။

"ဟင် မောင်ကြီးပါလား···ဘာဖြစ်လို့ပြန်လာတာလဲ··· အရေးကြီးကိစ္စရှိလို့လား"

"ဟုတ်ပါတယ် ဦးလေး"

သူ့အနေနဲ့ကလည်း ငါးလေးမရှိတော့ စွန့်ခွာတွင်နေချင်စိတ် မရှိတော့၍ ထားဝယ်တွင်ခဏနားမည်ဟု ဆုံးဖြတ်ကာလာခဲ့ခြင်းဖြစ် သည်။ ဦးစီမောင်လှေပေါ်တွင် ငါးပုံးတွေအများကြီးတွေ့လိုက်ရ၍ အပြုံးတစ်ခုဖြစ်သွားတာ မောင်ကြီးတွေ့လိုက်ရသည်။





ဒါပေမဲ့မောင်ကြီး မျက်နှာတစ်ချက်ပျက်သွားသည်။ နောက် ခိုရင် ဒီလိုမျိုးအမြဲဖြစ်နိုင်ပါအုံးမလားဆိုတာ စိတ်ထဲမှပြောနေမိသည်။ မောင်ကြီးပွဲရုံမှ ဆိုင်ကယ်စီးကာ အိမ်သို့ပြန်ခဲ့လေသည်။

ခြံထဲသို့အဝင်···

"ဟာ အကိုပြန်လာပြီ ညီမလေးရေ"

ဟုအော်ကာပြောလိုက်သော ရှင်နှောင်းမေရဲ့အသံကြောင့် ခွေးဏ္ဍာတစ်ယောက်အိမ်ထဲမှပြေးထွက်လာသည်။ သူမက အံ့ဩ သောစိတ်နဲ့ ဝမ်းသာစိတ်နှစ်ခုစလုံးပေါင်းကာ···

"ဟာ···ဝမ်းသာလိုက်တာအကိုရယ်···အကိုပြန်လာတာ ဒီတစ်ခါဝမ်းသာဆုံးပဲ···အကို အကြာကြီးနေရမှာနော်"

ရှင်နှောင်းမေ ခွေးဏ္ဍာတစ်ယောက်ဝမ်းသာစွာ တောက် လျှောက်ပြောနေတာကိုကြည့်ပြီး သူမတွေးလိုက်မိသည်။ ပြီးတော့ စိတ်ထဲမှ···

"အင်း ညီမလေးခွေးဏ္ဍာက မောင်ကြီးကို တော်တော် သံယောဇဉ်ကြီးတာပဲနော်"

ဒါကို သူလည်းသိခဲ့ရသည်။ မောင်ကြီး ပြန်မယ်ဟုပြောတဲ့ နေ့က သူမမျက်ရည်ဝဲကာ အခန်းထဲပြေးဝင်သွားတာ သူမသတိထား လိုက်မိသည်။

ယခုလည်းမောင်ကြီး ရုတ်တရက်ပြန်လာတာတွေ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့ ဝမ်းသာမျက်နှာလေးကို ရှင်နှောင်းမေ တွေ့လိုက်ရတာ ကြည်နူးသွားသည်။ ခင္တွာ မောင်ကြီးပြန်ပြီးတဲ့နေ့ကတည်းက မျက်နှာမကောင်းခဲ့တာ အခုမှပြုံးပျော်ရွှင်သော မျက်နှာလေးမြင်ရတော့သည်။

ရှင်နှောင်းမေ ခင္တွာတစ်ယောက် မောင်ကြီးအပေါ်ထားသော သံယောဇဉ်ကို တွေးဆမိလေသည်။

"ညီမခင္တွာ နေကောင်းရဲ့လား ···မျက်နှာလေးနည်းနည်း မို့နေသလားလို့"

"သွားပါ···အခုမှမေးဖေါ်ရတယ် ညီမကတော့ သူ့ကို လွမ်းလိုက်ရတာ"

မောင်ကြီး ခင္တွာ ကနွဲ့ကလျပြောပုံလေးကိုကြည့်ပြီး ပြုံးနေမိသည်။ သူ့အနေနဲ့ကလည်း ခင္တွာကို သံယောဇဉ်ရှိသည်။ ဒါပေမဲ့ သူမပြောရက်ပါ။ ငယ်ငယ်ကတည်းက အတူတူနေလာခဲ့ကြတာဆိုတော့ စိတ်ဆိုးသွားမှာ စိုးရိမ်မိသည်။

ထိုအခါခင္တွာက

"အကိုမောင်ကြီး ဒီတစ်ခါအကြာကြီးနေရမှာနော် ညီမတို့ဆီမှာလည်း နည်းနည်းကြာကြာနေပါအုံး အကိုရယ်·· ပင်လယ်ထဲမှာချည်းအချိန်မပေးပါနဲ့"





"ဟုတ်ပါပြီညီမလေးရယ်···ဒီတစ်ခါ အကိုအကြာကြီးနေမှာပါ ညီမလေးစိတ်ချမ်းသာတော့"

မောင်နှမပြောနေတာကို ရှင်နှောင်းမေတစ်ယောက်မနာလိုဖြစ်မိသည်။ အားလည်းကျမိသည်။

O



www.burmeseclassic.com

www.burmeseclassic.com



## ရှင်နှောင်းမေ၏ကံဆိုးသောနေ့

ရှင်နှောင်းမေနဲ့ ခတ္တာတို့ ထားဝယ်ဈေးကြီး တစ်ခုအတွင်း ပစ္စည်းများလိုက်ဝယ်နေကြသည်။ အဝတ်ဆိုင်တန်းဘက်သို့ အဝင်ဝတွင် ရှင်နှောင်းမေ လူတစ်ယောက်နဲ့ မျက်နှာချင်းဆိုင်မိသွားသည်။ ပြီးနောက် စိတ်ထဲမှတုန်လှုပ်မှုတစ်ခုဖြစ်ကာ အမြန်မျက်နှာလွှဲလိုက်သည်။ ငှင်းလူကလည်း ရှင်နှောင်းမေကိုတွေ့လိုက်၍ ဇဝေဇဝါဖြစ်ကာကျန်ခဲ့သည်။ ထို့နောက် သူမတို့နှစ်ယောက် နောက်မှလိုက်လာခဲ့သည်။ ဒါကိုရှင်နှောင်းမေက သတိထားမိသည်။

"ညီမလေးပြန်ကြရအောင်…နောက်မှလာဝယ်ရအောင် အမမှာ ကိစ္စလေးတစ်ခုရှိလို့ပါ"

ခတ္တာတစ်ယောက် နားမလည်သောမျက်နှာဖြင့် ရှင်နှောင်းမေကိုကြည့်ကာ ကားနားသို့ပြန်လာခဲ့သည်။ ပြီးနောက် ရှင်နှောင်းမေက





ကမျာကယာ ကားထဲသို့ဝင်လာလိုက်တော့သည်။ ခတ္တာကချက်ချင်းပဲမောင်းထွက်လာခဲ့တော့သည်။

ငှင်းလူကလည်း သူမတို့ရဲ့ ကားနောက်မှဆိုင်ကယ်ငှါးကာ နောက်မှလိုက်လာခဲ့သည်။ ကားလေးခြံတစ်ခုထဲဝင်သွားမှ ငှင်းလူက ဆိုင်ကယ်သမားကို ခပ်လှမ်းလှမ်းတွင်ရပ်စေပြီး လိပ်စာကိုမှတ်ထားလိုက်သည်။ ပြီးနောက်…

"ကောင်မ နင်သိပ်လည်လှပြီပေါ့ ဟုတ်လား…နင်ဘယ်မှပြေးမလွတ်ပါဘူး…ငါလက်ကလွတ်အောင်ပြေးမယ်ဆိုရင် တဖက်နိုင်ငံကိုသာပြေးပေါ့" ဟုဦးကံမင်းစိတ်ထဲမှပြောလိုက်မိသည်။

ဦးကံမင်းရှင်နှောင်းမေကိုတွေ့လိုက်ရ၍ ဝမ်းသာစွာပြန်ခဲ့တော့သည်။ တကယ်တော့ ဦးကံမင်းထားဝယ်မြို့ကိုရောက်နေတာ နှစ်ရက်ရှိပါပြီ။ ရှင်နှောင်းမေကိုထားဝယ်မှာ ရောက်နေတယ်ဆိုတာ သူ၏သူငယ်ချင်းများကတဆင့် ပြောပြ၍လိုက်လာခိုင်းခြင်းဖြစ်သည်။

မိန်းကလေးတို့သဘာဝ ဈေးတော့တစ်နေ့လာမှာပဲဟုထင်ထားပြီးဈေးထိပ်မှစောင့်နေလိုက်သည်။ အခုတော့ထင်ထားသည့်အတိုင်း ရောက်လာသည်။ ဦးကံမင်း ရှင်နှောင်းမေကို ပြန်တွေ့လိုက်ရ၍ စိတ်ထဲမှကျေနပ်သွားသည်။ နောက်ဆက်လုပ်ရမည့်လမ်းစဉ်ကို စဉ်းစားရင်းပြန်ခဲ့သည်။ သူတည်းခိုနေသော သူငယ်ချင်းအိမ်သို့ ပြန်ခဲ့သည်။

www.burmeseclassic.com



ရှင်နှောင်းမေ ထိတ်လန့်မှုများဖြင့် အိမ်ထဲသို့အပြေးတပိုင်းဝင်ခဲ့သည်။ ခတ္တာကနောက်မှ ဘာမှနားမလည်သလိုလိုက်လာခဲ့သည်။ ရှင်နှောင်းမေကိုလည်း မေးချင်ပေမဲ့အခွင့်မသာခဲ့ပါ။ အပေါ်ထပ်အိပ်ခန်းသို့ရောက်သော် ရှင်နှောင်းမေ စိတ်မောလူမောဖြစ်တာမပျောက်သေး၍ခဏနားလိုက်သည်။ စိတ်ထဲမှာတော့ခြံဝမှာ သူတို့ရှိနေသေးလားဆိုပြီးပြတင်းပေါက်မှ ချောင်းလိုက်မိသည်။

ထိုအချိန်တွင် သူမ၏နောက်မှခတ္တာရောက်နေသည်။ ရှင်နှောင်းမေချောင်းနေတာ တွေ့လိုက်ရ၍…

"မမက ဘယ်သူ့ကိုချောင်းနေတာလဲ"

ထိုအခါရှင်နှောင်းမေလည်း ခတ္တာဘက်သို့လှည့်ကာ ပြောသင့်မပြောသင့်စဉ်းစားလိုက်သည်။ ပြောလိုက်လျှင် ခတ္တာကြောက်လန့်နေမှာလည်းစိုးရိမ်မိသည်။ မပြောပြန်ရင်လည်း သူမ ကမျိုးထင်မှာလည်းစိုးမိသည်။ ဒါကြောင့်ပြောတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

"သူတို့နောက်က လိုက်လာသေးလားလို့ကြည့်တာပါ"

"ဘယ်သူတွေလဲ မမ"

"မမတို့နောက်ကလိုက်လာတဲ့ ဆိုင်ကယ်တစ်စီးပါ"

ထိုအခါကျမှ ခတ္တာသတိထားမိသည်။ ရှင်နှောင်းမေကားထဲမှ နောက်သို့လှည့်ကြည့်လှည့်ကြည့် လုပ်နေတာနောက်က မိမိတို့





ခြံနားထိလိုက်လာသောဆိုင်ကယ်ကို သတိရသွားသည်။

"မမ သူတို့ကမမနဲ့ ဘယ်လိုပတ်သက်နေလို့လဲဟင်"

ရှင်နှောင်းမေက ခဏစဉ်းစားပြီးနောက်…

"ဒီလိုညီမခတ္တာ…မမနောက်ကလိုက်လာတဲ့သူက မမရဲ့ပထွေးပဲ…မမကိုလိုက်ရှာနေတာလေ"

"ဟင်…မမကို ဘာဖြစ်လို့ လိုက်ရှာနေတာလဲ"

ရှင်နှောင်းမေ ခတ္တာရဲ့တစ်ခုပြီးတစ်ခု မေးခွန်းများကိုဖြေနေရတာ ရင်မောသလို ခံစားရလို့မထူးတော့ဘူးဆိုပြီး သူမရဲ့အကြောင်းနဲ့ပထွေးလိုချင်သောပစ္စည်းကို လိုချင်လို့ဆိုတာ ပြောပြလိုက်သည်။

ထိုအခါခတ္တာလည်း ပိုပြီးစိုးရိမ်သွားကာ…

"ဒီလိုဆို အဲဒီလူ မမဆီကိုထပ်လာမယ်ဆိုတာ ကျိန်းသေတယ်…မမ ဘယ်လိုရင်ဆိုင်မလဲဟင် အကိုမောင်ကြီးကို ပြောပြလိုက်ပါလား"

ခတ္တာရဲ့အကြံပေးတာ ရှင်နှောင်းမေစဉ်းစားနေမိသည်။ ဒါပေမဲ့မောင်ကြီးကိုတော့ မပြောလို့မဖြစ်ပါ။ ဘာကြောင့်လည်းဆိုတော့ သူမဆီမပစ္စည်းက မောင်ကြီးဆီမှာပေးထားခဲ့သည် မဟုတ်ပါလား။ မောင်ကြီးကတော့သိမှာမဟုတ်ပါ။ တကယ်လို့များသူ့ကိုတွေ့ရင်ပထွေးကမေးရင် သူမပြောမိရင်မောင်ကြီး အန္တရာယ်များမလို



www.burmeseclassic.com

www.burmeseclassic.com



ချင်ပါ။ ဒါကြောင့်ခတ္တာရဲ့ အကြံပေးချက်ကို လက်ခံလိုက်မိသည်။

ထိုအချိန်တွင် သူမတို့နှစ်ဦးအခန်းထဲမှ မထွက်ပဲစကားများနေချိန်တွင် အောက်ထပ်မှခေါ်သံကြားလိုက်သည်။

"တူမကြီးတို့လာကြ…ထမင်းစားကြမယ်"

အောက်ထပ်မှဒေါ်ကျော့က ထမင်းစားဖို့ခေါ်နေတာကြားလိုက်၍သူမတို့ အမြန်ပြင်ဆင်ပြီး အောက်ထပ်သို့ဆင်းလာခဲ့တော့သည်။ ထမင်းစားပွဲတွင် အဖေနဲ့မောင်ကြီးတို့က သူမတို့နှစ်ဦးကိုစောင့်နေတာတွေ့လိုက်ရသည်။

"လာကြ တူမနဲ့သမီး…ထိုင် ထမင်းစားကြမယ် ဒီနေ့တော့နို့မိသားစုလေးဦး ဆုံတဲ့နေ့ပေါ့…ဒါပေမဲ့ ဦးက ထမင်းစားပြီး ပွဲရုံပြန်သွားရအုံးမယ် ဒီနေ့လေ့ ဝင်မယ်လို့ပြောတယ် သွားစောင့်ရအုံးမယ်…စားကြ စားကြ"

ဟု ဦးစီမောင်ပြောလည်းပြော ထမင်းကိုအားရပါးရစားကြလေတော့သည်။

၀





## သူတို့သုံးဦး၏ မေတ္တာလွန်ပွဲ

ညသည်တိတ်ဆိတ်လွန်းသည်ဟု မောင်ကြီးထင်မိသည်။ သူ၏စိတ်ထဲတွင် ငါးလေးကိုလွမ်းနေမိသည်။ သူ၏အနေနဲ့ရေထဲသို့မလွှတ်ချင်ပဲလွှတ်လိုက်ရသည်။ ရေထဲရောက်သွားသော ငါးလေး၏သူကိုပြန်ကြည့်သော အကြည့်ကိုလည်း မျက်စိထဲမှမထွက်ပါ။

"ငါးလေးရယ် မင်းနဲ့ငါဒီဘဝမှာ ပြန်မဆုံဖြစ်ရင် နောက်ဘဝမှာပြန်ဆုံကြတာပေါ့ကွယ်"

ထိုသို့မောင်ကြီးအတွေးရေယဉ်ကြောမျောနေမိတာ သူ၏နောက်တွင်ခတ္တာနဲ့ရှင်နှောင်းမေတို့ ရောက်နေတာမသိလိုက်ပါ။သူမတို့နှစ်ဦးကလည်း မောင်ကြီးအတွေးလွန်နေတယ်ဆိုတာသိလို့ ရှေ့ကိုရောက်ချင်းမခေါ်သေးပဲ အခြေအနေကိုအကဲခတ်လိုက်သည်။

ထိုအချိန်တွင် နောက်မှခတ္တာက ခြေတစ်လှမ်းတိုးလိုက်



www.burmeseclassic.com

www.burmeseclassic.com



သော အခါသစ်ရွက်ခြောက်တစ်ခုကို နင်းမိ၍ခြေသံကြောင့် မောင်ကြီး နောက်သို့လှည့်ကြည့်မိသည်။

"ဟင် ညီမတို့ပါလား...ဘယ်တုန်းကရောက်နေတာလဲ အသံပေးလိုက်ပါလား"

"အကိုရဲ့အတွေးတွေ ပျက်သွားမှာစိုးလို့ပါ..ညီမတို့ရောက် နေတာကြာပြီ"

ထိုအခါရှင်နှောင်းမေတို့ မောင်ကြီးနားတွင် နှစ်ဦးသားဝင်ထိုင် လိုက်ကြသည်။ ခတ္တာကဆက်ပြီး...

"အကို အိပ်မပျော်လို့လားဟင်...ဘယ်သူ့ကိုသတိရနေ တာလဲဟင်...ညီမတို့ရောက်နေတာ ကြာလှပြီ"

ထိုအချိန်တွင်မောင်ကြီးလည်း မလိမ်ချင်တော့၍ ငါးလေးရဲ့ အကြောင်း သူ့ကိုယ်တိုင်မြစ်သို့လိုက်ပြီး ယူခဲ့ပုံနှင့်သူ၏စန္ဒားသို့ ပြန်ရောက်ပြီး ပြန်လွှတ်ပေးခဲ့ပုံများကို အစမှအဆုံးပြောပြလိုက်တော့ သည်။

ရှင်နှောင်းမေကား စိတ်မကောင်းဖြစ်မိသည်။

"အကိုလည်း အရမ်းခံစားရမှာပဲနော်" ဟုရှင်နှောင်းမေက မောင်ကြီးရဲ့မျက်နှာကို ကြည့်ပြီးပြောလိုက်သည်။

"ဟုတ်တယ် ညီမရယ်...အကိုနဲ့ငါးလေးရဲ့သံယောဇဉ်က





မပြေပြတတ်အောင်ဖြစ်မိတယ်...ငါးလေးကိုရေထဲမလွှတ်ချင်ပဲ လွှတ်လိုက်ရတာ...မလွှတ်ရင်လည်း ဟိုလူတွေ ပြန်လာယူမှာ သိနေလို့ပဲ...ဒီတစ်ခါပြန်လာယူရင်တော့ ငါးလေးကိုရောင်းစားကြ မှာ...ဒါကြောင့် အကိုလည်း ငါးလေးရဲ့လွတ်လပ်မှုကို မချုပ်နှောင် ချင်တော့ဘူးလေ...ငါးလေးကို မခွဲချင်ခွဲချင်နဲ့ ရေထဲပြန်လွှတ် လိုက်ရတာပဲ"

"အဲဒါကောင်းတာပေါ့ အကိုမောင်ကြီး"

ခတ္တာက ကြားဝင်ထောက်ခံလိုက်သည်။ ပြီးနောက် ခတ္တာ က ဆက်ပြီး...

"ငါးလေးလည်းလွတ်လွတ်လပ်လပ် သွားလာလှုပ်ရှားရတာ ပေါ့...အကိုလည်းခံစားရတာခဏပေါ့...လူဆိုးတွေလက်ထဲပါ သွားရင် ဒီထက်ပိုခံစားရမှာ မဟုတ်လား"

ခတ္တာပြောတာလည်း ဟုတ်နေတာပဲဟု မောင်ကြီးနားလည် လိုက်သည်။ ခတ္တာရဲ့စကားကြောင့် ရင်ထဲမှာနည်းနည်းပို့ပြီးပေါ့သွား သလိုဖြစ်မိသည်။ ပြီးနောက် ခတ္တာကိုကြင်နာသောအကြည့်ဖြင့် သူ့ကိုစိတ်ချမ်းသာအောင် အားပေးစကားပြောလိုက်သောသူမကို ကြည့်နေမိသည်မှာ ဘယ်လောက်ကြာသွားမှန်းမသိပါ။

"အကို အကို...အကိုမောင်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့အတွေးများကြောင့် အနားကပ်ပြီးခေါ်နေသော ရှင်နှောင်းမေကို သတိမထားမိတော့၏။ ဒါကိုရှင်နှောင်းမေက သူတို့နှစ်ယောက်ရဲ့အကြည့်များကို မနာစေဖို့ဖြစ်မိ၍ ခေါ်မိသည်။ ဒါကို မောင်ကြီးကမကြားနိုင်ပဲ သူမအနားမှာရှိတာ သိမှသိရဲ့လားလို့ ထင်မိသည်။

"ဟာ…ဟင်း ဟင်း"

မောင်ကြီးရှင်နှောင်းမေ ဘက်သို့လှည့်ကာ ရက်ကိုရက်ကန်းဖြင့်ကြည့်မိသည်။ ပြီးနောက်အိန္ဒြေဆည်ကာ…

"ပြော ညီမ…ဘာပြောချင်လို့လဲဟင်"

"အကိုကို ညီမသတိပေးစရာရှိလို့ပါ"

"ဘာများလဲ ညီမ"

"အကို…သွားတာလာတာ သတိထားပြီးသွားပါနော်"

"ဘာဖြစ်လို့လဲဟင်"

ရှင်နှောင်းမေရဲ့ သူ့အပေါ်စိုးရိမ်စိတ်နဲ့ ပြောနေတာမောင်ကြီး သတိထားလိုက်မိသည်။ သူမရဲ့အကြည့်ကလည်း သူ့အပေါ်ရရှာ အကြည့်လား၊ စိုးရိမ်စိတ်အကြည့်လား ဆိုတာခွဲခြားနေမိသည်။ ထိုအခါ ရှင်နှောင်းမေက…

"အကို့မှာ အန္တရာယ်တွေဝိုင်းနေတာ ညီမသိနေတယ်"





ရှင်နှောင်းမေရဲ့ပြောစကားက ငါ့လေးကြောင့်ပဲ ထင်လိုက်သည်။ တကယ်လည်းသူ့မှာ အန္တရာယ်ရှိနေတယ်ဆိုတာ သိလို့လည်း စနွှာမှုပြန်လာပြီး ဒီမှာလာရောင်နေတယ်ဆိုတာ သူမတို့ကိုမပြောပြပေမဲ့သူမတို့က သိနေပြီးသားပဲ မောင်ကြီးလည်းတွေးမိသည်။

ထိုအခါရှင်းနှောင်းမေက မောင်ကြီးရဲ့လည်ပင်းတွင်ဆွဲထားသော ဆွဲသီးလေးကိုကြည့်ပြီး စိတ်မကောင်းတဲ့မျက်လုံးများဖြင့်ကြည့်မိသည်။ သူမကမောင်ကြီးကို အမှတ်တရပေးခဲ့ပေမဲ့ မောင်ကြီးတိုအန္တရာယ်ပေးမိသလို ဖြစ်နေမလားလို့ စိတ်မကောင်းဖြစ်မိသည်။

ညကလည်းအတော်လေးနက်လာသည်။ ညရဲ့အေးချမ်းမှုကြောင့်လား၊ သူတို့သုံးဦးရဲ့စိတ်ငြိမ်မှုကြောင့်လား၊ တစ်ဦးစီရဲ့စိတ်ထဲမှခံစားနေမှုကြောင့် သုံးဦးစလုံးခေတ္တခဏ ငြိမ်သက်သွားကြလေတော့သည်။

ခဏအကြာတွင် သူတို့သုံးဦးစလုံး ခွဲခွါကာအိမ်အတွင်းသို့ ဝင်ခဲ့ကြလေတော့သည်။

○



www.burmeseclassic.com

www.burmeseclassic.com



# အစီအစဉ်ပြောင်းလိုက်သော ဦးခန့်မောင်

"ခန့်မောင် မင်းရောက်တဲ့နေရာက ထားဝယ်လာခဲ့ ငါ ထားဝယ်မှာရှိတယ် ငါ့ရဲ့ပစ်မှတ်ကထားဝယ်မှာ ရောက်နေတယ် မင်းရဲ့ အကူအညီလိုတယ်"

"အေး ကံမင်းငါလာခဲ့မယ် ငါ့ရဲ့ပစ်မှတ်လည်းပျောက်သွားတယ် ငါ့ရဲ့ပစ်မှတ်လည်း ထားဝယ်ကိုရောက်နေလိမ့်မယ်လို့ ထင်တယ် ဒါကြောင့် ငါလာခဲ့မယ်"

ဦးခန့်မောင်ဆီသို့ ဦးကံမင်းဖုန်းဆက်အကြောင်း ကြားလိုက်သည်။ ဦးကံမင်းလည်း ဦးခန့်မောင်ကိုစောင့်ရင်း ရှင်နှောင်းမပျောက်သွားမှာစိုးတဲ့အတွက် နေ့တိုင်းခြံနားတွင် လာစောင့်နေမိသည်။ သူ မရှိရင်သူ၏သူငယ်ချင်းကို အကူအညီတောင်းမိသည်။

ဒီနေ့တော့ ဦးကံမင်းမလာနိုင်ပါ။ သူ၏သူငယ်ချင်းကို စောင့်





ကြည့်ခိုင်းခဲ့သည်။ သူကဦးခန့်မောင်လေ့ကို သွားကြိုရမည်ဖြစ်သည်။

မောင်ကြီးဒီနေ့ပွဲရုံသို့ ဆိုင်ကယ်စီးကာ လာခဲ့သည်။ ဦးစီမောင်ပွဲရုံဘေးတွင် ဆိုင်ကယ်ကိုဒေါက်ထောက်ပြီး အထဲသို့ဝင်ခဲ့သည်။ ထိုအချိန်တွင် ပွဲရုံရဲ့ ၄၅ဒီဂရီစောင်းလောက်က ကားလေးတစ်စီးထဲမှ လူနှစ်ယောက်က ဦးစီမောင်ပွဲရုံကို အကဲခတ်နေသည်။ ထိုသို့အကဲခတ်နေစဉ် မောင်ကြီးဆိုင်ကယ်ဖြင့် ရောက်လာပြီးအထဲသို့ ဝင်သွားတဲ့အတွက် ၎င်းလူနှစ်ယောက်ထဲမှတစ်ဦးက…

"ဟား ဟား ဟား" ဟုရယ်လိုက်သည်။ ထိုအခါ တခြားတစ်ယောက်က…

"ဦးခန့်မောင် ဘာရယ်တာလဲဗျာ…ဘယ်သူ့ကိုတွေ့လို့လဲ"

မေးလိုက်တဲ့သူက ဦးကံမင်းကနားမလည်သလိုဖြစ်မိသည်။ ထိုအခါ ဦးခန့်မောင်က…

"ငါရှာနေတဲ့ကောင်လေးဆိုတာသူပဲ…ပြီးတော့နို့ရဲ့သေသွားတဲ့သူငယ်ချင်းမောင်မောင်ရဲ့သား မောင်ကြီးဆိုတာသူလေးပဲ"

ထိုအခါ ဦးကံမင်းက အံ့ဩကာ…

"ဟာ ဒါဆိုသူက မောင်မောင်ရဲ့သားပေါ့ နို့ရှာနေတဲ့ပစ္စည်း သူမှာရှိတယ်ဆိုတာ ကျိန်းသေတာပေါ့နော်"

"အေး ဟုတ်တယ် ငါဒီကိုလိုက်လာတာ မှန်သွားတယ်



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲဆိုတော့ သူ့ကိုမွေးစားတဲ့ပွဲရုံပိုင်ရှင် ဦးစီမောင်ဆိုတာ သူ့ရဲ့မွေးစားဖခင်ပဲ အခုဝင်သွားတာ ဦးစီမောင်ရဲ့ပွဲရုံပဲ"

ထိုအခါ ဦးကံမင်းက…

"ဟာ ဒါဆိုရင်တော့ငါတို့နှစ်ယောက်စလုံး ဟန်ကျပြီကွည် တစ်တောင့်ထဲနဲ့ ငှက်နှစ်ကောင်ပစ်လိုက်သလိုပဲ"

ထိုအခါဦးခန့်မောင်က ဦးကံမင်းပြောလိုက်သောစကားကို နားမလည်သလိုဖြင့် ပြန်ကြည့်နေမိသည်။ ထိုသို့ကြည့်နေသောအကြည့်ကို ဦးကံမင်းကနားလည်၍…"ဒီလိုကွ"

"မင်းတွေ့လိုက်ရတဲ့ ကောင်လေး (ဘယ်သူ) မောင်ကြီးက ငါစောင့်ကြည့်နေတဲ့ အိမ်ကပဲ ငှါရဲ့သမီးရှင်နှောင်းမေနဲ့ တအိမ်တည်းပဲ။ ဒီအိမ်ဟာဦးစီမောင်ရဲ့အိမ်ဖြစ်မယ်ဆိုတာ ကျိန်းသေသွားပြီ။ ဒါပေမဲ့ ငှါရဲ့သမီးရှင်နှောင်းမေက ဘယ်လိုဖြစ်ပြီးဦးစီမောင်အိမ်ရောက်နေသလဲဆိုတာ ငါတော့စဉ်းစားမရဖြစ်မိတယ်"

"စဉ်းစားမရဖြစ်နေရင်လည်း မစဉ်းစားနဲ့တော့ ဒို့အခုလုပ်ရမဲ့လုပ်ငန်းစဉ်ကိုပဲ စဉ်းစားရအောင် လာဖို့ပြန်မယ်။ ဒို့ရဲ့ပစ်မှတ်ရှိတဲ့နေရာသိပြီဆိုတော့ အစီအစဉ်ဆွဲရတာပေါ့ ငါတော့ဝမ်းသာတယ်ကွ တစ်နေရာထဲနဲ့ နှစ်ခုစလုံးတခါထဲရမယ်ဆိုတော့ ဒါတွေ့ရာမွေ့ဖို့မပင်ပန်းတော့ဘူးပေါ့"





"ဒါပေါ့ကွ"

ဦးကံမင်းက ဦးခန့်မောင်ရဲ့ပြောစကားကို ထောက်ခံကာ နှစ်ဦးစလုံးပြုံးပျော်ရွှင်သော မျက်နှာများဖြင့် ကားလေးမောင်းထွက်ခဲ့လေတော့သည်။

၀



www.burmeseclassic.com

www.burmeseclassic.com



## အကြံပက်စက်သော ကံမင်းနဲ့ခန့်မောင်

ညနေ ၆ နာရီထိုးပြီ၊ ဦးစီမောင်ပွဲရုံပိတ်ကာ ပြန်ဖို့အတွက် အားလုံးစစ်ဆေးနေမိသည်။ ပစ္စည်းများအားလုံးစစ်ဆေးနေခိုက် ပွဲရုံထဲတွင်သူတစ်ဦးသာ ကျန်ခဲ့သည်။ ထိုအခါပွဲရုံရှေ့သို့ ကားတစ်စီးထိုးရပ်လာသည်။ ပြီးနောက် ကားထဲမှလူလေးဦးဆင်းလာပြီး ပွဲရုံထဲသို့ဝင်သွားသည်။ တကယ်တော့ ၎င်းလူလေးဦးက ပွဲရုံရှေ့ရပ်လှမ်းလှမ်းသစ်ပင်အောက်မှ စောင့်ကြည့်နေခဲ့တာကြာပါပြီ။ အလုပ်သမားများအားလုံးပြန်သွားတဲ့အချိန်ကျမှ ပွဲရုံရှေ့သို့မောင်းလာခဲ့ခြင်းဖြစ်သည်။

ပွဲရုံထဲတွင် ဦးစီမောင်တစ်ယောက် ကျန်နေတဲ့အချိန်မှာ စာရင်းတစ်ခုအဆုံးသတ်နေခိုက် လူလေးဦးဝင်လာပြီး သူ့ရှေ့တွင်လာရပ်သည်။ ထိုအခါဦးစီမောင်က အရောင်းအဝယ်စကားလာပြောတဲ့သူထင်ပြီး...





"ထိုင်ပါမိတ်ဆွေတို့ ကျွန်တော် ဘာအကူအညီပေးရမလဲ"

"ဟုတ်ကဲ့ ဒီကနေခင်ကြီးကူညီမှရမယ်ဆိုတာ ကျွန်တော်တို့သိလို့ ကျွန်တော်တို့နဲ့တစ်ခါတည်း ခဏလိုက်ခဲ့ပေးပါ"

ထိုအခါဦးစီမောင် နည်းနည်းစိတ်ထဲမှာ ထင့်သွားသည်။ ၎င်းလူလေးဦးရဲ့မျက်နှာများကို အကဲခတ်လိုက်သောအခါ ဝင်လာသော အချိန်တုန်းကမျက်နှာမျိုးမဟုတ်တော့ပဲ ခက်ထန်သွားကြတာတွေ့လိုက်ရသည်။

"ဟုတ်ကဲ့ ပြောပါ...ကျွန်တော်က ဘယ်ကိုလိုက်ပြီး ဘာတွေလုပ်ပေးရမှာလဲ"

ထိုအခါတစ်ယောက်သောသူက ...

"ကျွန်တော်တို့နဲ့သာ ခဏလိုက်ခဲ့ပါ...ဟိုရောက်မှ အစီအစဉ်ပြောပြပါ့မယ်...ကြည်ကြည်သာသာ မလိုက်ခဲ့ရင်"

ဟု ပြောတဲ့သူက သူ့ရဲ့အပေါ်အင်္ကျီကို ဦးစီမောင်မြင်သာအောင်လှန်ပြလိုက်သည်။ ဦးစီမောင်လည်း ခါးကြားတွင် သေနတ်တစ်လက်ကို တွေ့လိုက်ရသည်။

"ဟင် ခင်ဗျားတို့ဘယ်သူတွေလဲ"

"ကျွန်တော်တို့က ဘယ်သူဘယ်ဝါဆိုတာပြောလို့လဲ ဦးစီမောင် သိမှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ဦးစီမောင်ရဲ့ အကူအညီနဲ့ ကျွန်တော်တို့လိုချင်တဲ့ ပစ္စည်း...ပစ္စည်းဆိုတာက ဦးစီမောင်အိမ်မှာနေတဲ့ မောင်ကြီးနဲ့ ရှင်နှောင်းမေဆီကလိုချင်တာပါ...ဒါကြောင့်ဦးစီမောင်ကို ခဏခေါ်ပြီး အလဲအလှယ်လုပ်မလို့ပါ"

ဦးစီမောင် နားလည်လိုက်ပါပြီ။ သူ့ကိုပြန်ပေးခဲ့ပြီး ပစ္စည်းနဲ့လဲမယ်ဆိုတာ သိလိုက်သည်။ သူ့အနေနဲ့ငြင်းဆန်လို့လဲရမှာမဟုတ်တဲ့အတွက် သူလိုက်သွားမှရမယ်ဆိုတာ နားလည်လိုက်သည်။

ကားပေါ်သို့တစ်ဦးစီ တက်သွားကြသည်။ လာတုန်းကလူလေးဦးထဲမှ တစ်ဦးကကျန်ခဲ့သည်။ ကားလေးကပွဲရုံရှေ့မှ မောင်းထွက်သွားသည်။ ထိုအခါကျန်ခဲ့သော လူတစ်ဦးကဆိုင်ကယ်ငှါးကာ ဦးစီမောင်အိမ်သို့ လာခဲ့သည်။ ပြီးနောက်အိမ်ရှေ့သို့ရောက်သော် အထဲသို့အခြေအနေအကဲခတ်ပြီး စာတစ်စောင်တံခါးကြားတွင်ညှပ်ခဲ့သည်။

ခတ္တာသူမ၏အဖေ အပြန်ကိုစောင့်နေသည်။ ထမင်းစားချိန်ဖြစ်နေ၍ ဦးစီမောင်ဘာကြောင့်နောက်ကျသလဲဆိုတာ စဉ်းစားမရဖြစ်နေသည်။ ခါတိုင်းဆိုင်းနာရီခွဲရင် ပြန်ရောက်နေကြဖြစ်သည်။ ယခုတော့ခြောက်နာရီခွဲတောင် ရှိနေပြီ။

စိတ်ထဲမှာတမျိုးခံစားရ၍ ခြံနားသို့ထွက်ခဲ့ပြီး အပြင်သို့ထွက်





မျှော်လိုက်သည်။ ထိုအခါတံခါးကြားတွင် စာတစ်စောင်ညှပ်ထားတာတွေ့ ၍ဖွင့်ဖတ်ကြည့်လိုက်သည်။

"သို့

မောင်ကြီးနဲ့ ရှင်နှောင်းမေ...

ဦးစီမောင်ကို ငါတို့ခဏခေါ်သွားသည်။ ဒါပေမဲ့ ပြန်ပို့မှာတော့မဟုတ်ပါ။ မင်းနဲ့ရှင်နှောင်းမေဆီမှာရှိတဲ့ မြေပုံနှစ်ခုနဲ့ ဦးစီမောင်ကိုလာလဲရမယ်...လဲရမည့်နေရာကို ဖုန်းနဲ့ပြောမယ်။ အဲ...ဒါပေမဲ့ ရဲကိုအကြောင်းကြားရင်တော့ ဦးစီမောင်ရဲ့အလောင်း ပင်လယ်ထဲရောက်သွားလိမ့်မယ်

ပုံ xxx

ခတ္တာစာကိုဖတ်ပြီး စိတ်ပူကာမောင်ကြီးဆီသို့ ပြေးလာခဲ့သည်။ မောင်ကြီးနားသို့ရောက်သော် စာကိုမောင်ကြီးလက်ထဲသို့ထည့်လိုက်သည်။ မောင်ကြီးလည်း ခတ္တာလာပေးသောစာကိုကြည့်ပြီး ခတ္တာရဲ့ငိုနေသော မျက်နှာလေးကိုကြည့်ကာ...

"ဘာဖြစ်လာတာလဲ ခတ္တာ"

ခတ္တာလည်း ဘာမှမပြောသေးပဲ...

"စာသာဖတ်ကြည့်ပါ"

ထိုအခါ မောင်ကြီးလည်းစာကိုဖွင့်ဖတ်လိုက်သည်။ ထိုအချိန်တွင် ရှင်နှောင်းမေလည်း အနားသို့ရောက်နေသည်။

မောင်ကြီး စာကိုဖတ်ပြီး ရှင်နှောင်းမေလက်ထဲသို့ စာကိုပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ထိုအခါရှင်နှောင်းမေက စာကိုဖတ်ပြီး မောင်ကြီးမျက်နှာကိုကြည့်လိုက်သည်။ ထိုအခါ မောင်ကြီးက…

"ညီမရှင်နှောင်း…ညီမဆီမှာမြေပုံရှိတယ်ဆိုတာ သူတို့ဘယ်လိုသိတာလဲ"

"ညီမ မဖြေခင် အကိုမောင်ကြီးဆီမှာလည်း မြေပုံရှိတယ်ဆိုတာဟုတ်လား"

သူတို့နှစ်ဦးရဲ့ မထင်မှတ်သောအသိများကို ဖလှယ်ဖို့အချိန်တန်နေပြီဆိုတာ နှစ်ဦးစလုံးနားလည်လိုက်သည်။ ဒါကြောင့် မောင်ကြီးကစပြီး…

"ဒီလိုရှင်နှောင်း…အကိုရဲ့အဖေက မသေခင်မှာ ကြေးနီဆွမ်းအုပ်လေးပေးခဲ့တယ်… ဒါနဲ့ အကိုလည်းအထဲမှာ ဘာမှန်းမသိလို့ဖွင့်ကြည့်လိုက်တယ်…စာရွက်ခေါက်ကလေးတစ်ခုရဲ့ ဒေါင့်စွန်းမှာတောင်ကြီးတစ်ခုရဲ့ပုံတစ်ပုံကို တွေ့ရတယ်…ဒါကို တွေ့လိုက်လို့ အကိုလည်း တစ်ခုခုတော့ထူးခြားလို့ဆိုပြီး စက္ကူကို အသေးခုံလိပ်ပြီး ခွဲသီးလေးလုပ်ပြီး အမြဲလည်မှာဆွဲခဲ့တာ"

"ဟင်…ဒါဆိုအကိုက အဖေရဲ့သူငယ်ချင်းတစ်ဦးဦးရဲ့သားပေါ့ဟုတ်လား"

"ဟုတ်တယ် ရှင်နှောင်း…အကို့ရဲ့အဖေနာမည်က ဦးမောင်မောင်ပဲ"





"ညီမရဲ့အဖေက ဦးဘရှင်လေ…ဒါဆိုရင် ညီမနဲ့အကိုတို့ရဲ့ဖခင်တွေက သူငယ်ချင်းတွေဆိုတာ ကျိန်းသေတယ်…ညီမဆီမှာလည်း အကို့လိုပဲစက္ကူတစ်ပိုင်းပါတဲ့ ခွဲသီးလေးအဖေကပေးခဲ့တယ်…ဒါကို ပထွေးဖြစ်တဲ့ ဦးကံမင်းက ညီမဆီမှာ တောင်းတောင်းနေတာ…ညီမကလည်း အဖေရဲ့မှာစည်းမို့ သူ့ကိုမပေးချင်ဖူး…သူ့လက်ထဲမရောက်ချင်လို့ အကိုနဲ့တွေ့တုန်း အကို့ကိုပေးခဲ့တာပဲ"

"ဟင် ဒါဆိုညီမပေးခဲ့တဲ့ ခွဲသီးကလေးကမြေပုံပါတာပေါ့"

"ဟုတ်တယ်အကို…အခု အကိုလည်ပင်းမှာခွဲထားတာ ညီမရဲ့ခွဲသီးလေးပဲ"

"ဒါဆိုအရမ်းအံ့ဩဖို့ကောင်းတာပဲ…ဘာဖြစ်လို့လဲဆိုတော့ မြေပုံနှစ်ခုစလုံး အကို့ရဲ့လည်ပင်းမှာခွဲထားလို့ပဲ"

"အကိုထင်တာကတော့ အခုမြေပုံတောင်းတဲ့လူနှစ်ယောက်ကလောဘဇောလိုက်ပြီး သူတို့ပဲလိုချင်လို့ လိုက်နေတာဖြစ်လိမ့်မယ်။ ဒီမြေပုံတွေက ဘာတွေလည်းဆိုတာ အကိုတို့လဲမသိဘူး ကျန်တဲ့နှစ်ပိုင်းလည်း သူတို့လက ၅၆ ထဲမှာဖြစ်လိမ့်မယ်။ ဒါကြောင့်ဒီမြေပုံနှစ်ခုရရင်သူတို့ပစ္စည်းရှိတဲ့နေရာ သွားလို့ရမှာပဲ"

"ဒါဆိုအကို ညီမတို့ဘာလုပ်ကြမှာလဲဟင်…ညီမတို့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးရှင်ဦးစိမောင်ကို ဖမ်းထားပြီဆိုတော့ ညီမလည်းအရမ်းစိတ်ပူ တယ်···ဒီပစ္စည်းတွေကို ညီမတော့မလိုချင်တော့ဘူး ဦးကိုသာ ပြန်ခေါ်ချင်တယ်"

"အကိုလည်းဒီအတိုင်းပါပဲ···အကို့ရဲ့ကျေးဇူးရှင်ကျွေးမခင်ရဲ့ အသက်ရှင်တာကိုပဲမြင်ချင်တယ်··ဒီတော့ သူတို့ဖုန်းဆက်မဲ့အချိန်ကို စောင့်လိုက်မယ်"

ခင္တာကတော့ မောင်ကြီးနဲ့ရှင်နှောင်းမေတို့ရဲ့ ကျေးဇူးတရား သိတတ်ပုံကို ကြားသိလိုက်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိသည်။ သူတို့နှစ်ယောက်ကိုလည်း အရမ်းလေးစားပြီး ဝိသားစုစိတ်ဓါတ်ရှိပုံကို ဝမ်းသာပီတိဖြစ်မိသည်။

သူတို့သုံးဦးဖုန်းနားမှမခွါပါ။ ဖုန်းဆက်မဲ့အချိန်ကို စောင့်နေ သည်။ ဆယ်နာရီထိုးတော့မည်။ ပတ်ဝန်းကျင်တစ်ခုလုံးလည်းတိတ် ဆိတ်ငြိမ်သက်လျှက်ရှိသည်။ မောင်ကြီးကတော့ ဖုန်းနားတွင်ထိုင်ကာ ငိုက်နေသည်။ ရှင်နှောင်းမေနဲ့ခင္တာကတော့ ဆိုဖာပေါ်တွင်လှဲကာ အိပ်ပျော်နေကြသည်။ ဆယ်နာရီခွဲတွင်···

"ကလင် ကလင် ကလင်"

"ဟာ···ဟင်"

သူတို့ သုံးဦးစလုံးလန့်ကာ နိုးသွားသည်။တိတ်ဆိတ်နေ





သော ညကိုဖုန်းသံကဖြိုခွဲလိုက်သလို သူတို့သုံးဦးရဲ့နှလုံးခုန်သံက လည်း မြင်းပြနေသည်ဟု သုံးဦးစလုံးခံစားလိုက်ရသည်။ ထိုအခါ·

"ဦးစိမောင်တို့အိမ်ကလား"

"ဟုတ်ပါတယ်··· အခုပြောတာဘယ်သူလဲခင်ဗျာ"

"မင်းကဘယ်သူလဲ အရင်ဖြေပါ"

"ကျွန်တော် မောင်ကြီးပါ"

"အေး ကောင်းပြီ··မောင်ကြီးဆိုတော့ ပိုကောင်းတာပေါ့ မင်းတို့စာဖတ်ပြီးပြီမဟုတ်လား··"

"ဖတ်ပြီးပြီ"

"ဖတ်ပြီးရင် ငါတို့လိုချင်တဲ့ မြေပုံနှစ်ခုစလုံးပေးမှာလား ပေးမယ်ဆိုမှ ငါဆက်ပြီးစကားပြောမယ်"

"ပေးမယ်·· ပြောပါ ဘယ်မှာလာပေးရမှာလဲ··"

"အေး ဒါဆိုသေသေချာချာနားထောင်ပါ"

" (×× × × ×× ×) (××× ×××) "

"ကောင်းပါပြီ ကျွန်တော်လာခဲ့မယ်"

"လာရင် တစ်ယောက်ထဲဖြစ်ပါစေနော် တို့တွေ့စုံစမ်းလို့သိ လိုက်ရင်တော့ ဦးစိမောင်ရဲ့အလောင်း ပင်လယ်ထဲရောက်သွားမယ်"

"ခင်ဗျား ကတိသာတည်ပါစေ··ကျွန်တော့်ရဲ့ ဦးလေး [illegible]ကိုတာမှမလုပ်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ… မင်းသာကတိတည်တည်နဲ့ တစ်ယောက် ထဲလာခဲ့ပါ…ဒါပဲ"

တဖက်မှဖုန်းချသွားသောအသံကြားလိုက်ရပြီးနောက် မောင်ကြီးတို့သုံးဦး စဉ်းစားသွားကြသည်။

○





## ဦးစိမောင်နှင့် မြေပုံနှစ်ခု

ချိန်းထားသောနေ့ရောက်လာသည်။ မောင်ကြီးတစ်ယောက် သူ၏စခန်းတွင်ကြိုရောက်နေသည်။ တကယ်တော့ ဦးကံမင်းနှင့် ဦးခန့်မောင်ကိုမောင်ကြီးစခန်းတွင် ဦးစိမောင်ကိုအလဲအလှယ်လုပ်ရန် ချိန်းလိုက်သည်။ ဒါမှလည်းသူတို့စိတ်ချလက်ချ လုပ်လို့ရမည်မဟုတ် ပါလား။

မောင်ကြီးစခန်းသို့ တစ်ရက်စောပြီးရောက်နှင့်သည်။ ဦးကံမင်းတို့လာမဲ့ရက် အချိန်ကိုစောင့်နေမိသည်။ ခွန်သာနှင့်ရှဉ်နောင်မေ ကိုတော့မခေါ်တော့ပါ။ ပင်လယ်ထဲမှာဆိုတော့ အန္တရာယ်များ၍မခေါ် ခဲ့ပါ။ ခွန်သာတို့လည်း စိတ်ချနေရန်နားချခဲ့ရသည်။ ဒါတောင်ခွန်သာ အဖေကိုစိတ်မချဖြစ်၍ လိုက်ဖို့တောင်းဆိုသေးသည်။ မောင်ကြီးလည်း အမျိုးမျိုးနားချရသည်။ ရှဉ်နောင်မေကလည်း ငိုင်ကာနားချရသည်

www.burmeseclassic.com



ဒါတောင်သိပ်ပြီး ကျေနပ်မှုပုံမပေါ်ပါ။ သို့သော်လည်း မောင်ကြီးရဲ့တောင်းဆိုမှုကြောင့် နေခဲ့ရသည်။မောင်ကြီး ခတ္တာရဲ့ညှိုးငယ်စွာကျန်ခဲ့သော မျက်နှာလေးကိုမြင်ယောင်နေမိသည်။

စန္ဒားသို့မနက်စောစောကတည်းက ရောက်နေသည်။ သူတို့နှင့်ချိန်းထားတဲ့အချိန်က ညနေဘက်တွင်ဖြစ်သည်။ သူတို့လာမဲ့ဘက်သို့မျှော်ရင်းငါးလေးကို သတိရမိသည်။

"ငါးလေးရယ်…အခုဆိုရင် မင်း ဘယ်ဆီကိုရောက်နေပြီလဲကွယ်…မင်းကိုအရမ်းသတိရတာပဲ"

ထိုအခါ မောင်ထူးက…

"အကိုမောင်ကြီး…ထမင်းစားရအောင်"

"အေး လာပြီ"

"မင်းစန္ဒားမှာ ငါးတွေရရဲ့လား"

"သိပ်မရပါဘူး…အကိုမရှိလို့လားမသိဘူး…ငါးရတာအရမ်းနည်းသွားတယ်"

"အကိုလည်း ကိစ္စတွေပြီးသွားရင် စန္ဒားမှာအေးအေးဆေးဆေးလာနေပြီး အလုပ်တွေစိတ်ပါလက်ပါ လာလုပ်တော့မယ်"

"ဒါနဲ့ အကို…အခုသူတို့ချိန်းထားတာလာပါ့မလား"

"လာမှာပါ…ဘာဖြစ်လို့လဲဆိုတော့ သူတို့လိုချင်တာက ဦးစီမောင်အသက်ထက် တန်ဖိုးရှိလို့ဒီကိုလာကို လာမှာပါ"





"သူတို့ကဆင်ကြံ ကြံရင်ဘယ်လိုလုပ်မလဲ"

"မလုပ်ပါဘူးကွ အကိုအာမခံတယ်"

"အကိုက ကိုယ့်ကိုကိုယ်အာမခံနေတယ် သူတို့ကလူဆိုးလူမိုက်တွေ ကတိမတည်မှာကိုစိုးရတယ်"

"ဒါဆိုရင် အခြေအနေစောင့်ကြည့်ရတာပေါ့ တကယ်လို့သူတို့ဖက်ကကတိဖျက်ရင် မောင်ထူးကရေအောက်ကိုဆင်းပြီး သူတို့လှေကိုတစ်ခုခုလုပ်လိုက် သူတို့ရောက်လာခါနီးရင် မောင်ထူးစန္ဒားအောက်ပိုက်ကွန်နားမှာ ဝင်ပုန်းနေလိုက်အကိုကအချက်ပြလိုက်မယ်"

"ဟုတ်ကဲ့ အကို…ကျွန်တော့တာဝန်ထား ဒီကောင်တွေကို သတိလက်လွှတ်မထားသင့်ဘူး"

"စိတ်ချပါကွာ…ဒါတွေကိုအကို့တာဝန်ထား"

မောင်ကြီးတို့ဝေရာတပည့်နှစ်ဦး ထမင်းစားရင်းတိုင်ပင်ကာ အစီအစဉ်များခွဲခဲ့ကြသည်။ သူတို့ထမင်းစားပြီး၍ ထမင်းကျန်ဟင်းကျန်များကို ရေအောက်သို့ပစ်ချလိုက်ကြသည်။ ထိုအခါ မောင်ထူးက ရေအောက်သို့အမှတ်မထင် ငုံ့ကြည့်မိလိုက်ပြီး…

"ဟင်…ဟာ"

"အကိုမောင်ကြီး အကိုမောင်ကြီး…လာပါအုံး ဒီမှာလာကြည့်ပါအုံး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်တာလဲ မောင်ထူး လန့်လိုက်တာကွာ"

မောင်ကြီးလည်းပြောရင်း မောင်ထူးနားသို့ရောက်လာသည်။ ထိုအခါမောင်ထူးက ရေအောက်သို့လက်ညှိုးထိုးပြလိုက်သည်။ မောင်ကြီးလည်း ရေအောက်သို့ကြည့်လိုက်သည်။

"ဟာ ငါးလေးပါလား" ဟုပါးစပ်မှရေရွတ်ရင်း ဝမ်းသာသွားသည်။ ပြီးနောက်ရေအောက်သို့ လှေကားမှဆင်းကာ လောင်းလှေပေါ်သို့တက်လိုက်သည်။ ပြီးနောက်ငါးလေးရှိနေသောစန္ဒားရဲ့ အလယ်သို့သွားပြီး ငါးလေးကိုကြည့်ကာ...

"ငါးလေးရေ မင်းလည်းသတိရလို့လာတွေ့တာလား... မင်းကတော့ရေထဲမှာ လွတ်လွတ်လပ်လပ်နေရလို့ ပျော်နေပြီမဟုတ်လား...ငါဝမ်းသာပါတယ်ကွ ယခုလို လွတ်လွတ်လပ်လပ်နေရလို့ ငါလည်းဝမ်းသာတယ်...မင်းကတော့ ငါ့ကိုတွေ့ချင်ရင်လာတွေ့လို့ရတယ်...ငါကတော့မင်းကိုတွေ့ချင်ရင် ဘယ်မှာတွေ့ရမလဲမသိဘူး...ဒီတစ်ခါမင်းလာ ရင်ငါ့ကိုသတိလာပေးနော် အခုတော့ငါ့မှာပြဿနာတွေရင်ဆိုင်နေရလို့ဖြေရှင်းလိုက်အုံးမယ်...အားလုံးပြီးသွားတဲ့အခါကျမှ မင်းကိုပြန်ခေါ်မယ်နော်"

ဟုမောင်ကြီးက သူသာပြောနေရသည်။

ငါးလေးကဘာမှပြန်မပြောနိုင်တဲ့သူဆိုတော့ စိတ်တော့မ





ကောင်းဖြစ်မိသည်။ ဒါပေမဲ့သူကျေနပ်သည်။ ဒီနေ့ ငါးလေးကိုတွေ့လိုက်ရ၍ စိတ်ချမ်းသာသွားသည်။

သူပြောတာငါးလေးနားလည်လား မလည်လားတော့မသိပါ။ သူ့နားမှ ငါးလေးပြန်ထွက်ခွါသွားတာ မောင်ကြီးတစ်ယောက်မြင်ကွင်းမှ ပျောက်ကွယ်သွားတဲ့အထိ ကြည့်နေမိသည်။

ထိုအချိန်တွင်အဝေးသို့ မျက်လုံးကမထင်မှတ်ပဲ ကြည့်လိုက်မိသည်။ အဝေးမှမှုန်ပြပြအရာလေး သူ့စန္ဒားဆီသို့ဦးတည်လာနေတာ တွေ့လိုက်ရသည်။ မောင်ကြီးလည်း သူထင်တာမှန်ရင်တော့ ဦးခန့်မောင်ရဲ့စက်လှေဖြစ်မယ်ဆိုတာ ထင်လိုက်သည်။ မကြာခင်မှာ သူ့ဆီသို့ရောက်လာတော့မည်ဖြစ်၍ အဆင်သင့်လုပ်ထားကြသည်။

နှစ်နာရီခန့်အကြာတွင် ရေသရဲ့စက်လှေလေးစန္ဒားနားသို့ ရောက်လာခဲ့သည်။ လှေလေးစန္ဒားနားသို့ကပ်လာပြီး လှေပေါ်မှ ဦးခန့်မောင်က...

"ကောင်လေး ရောက်နေပြီလား အားလုံးအဆင်သင့်ပဲလား"

"အဆင်သင့်ပါပဲ...ဘယ်မှာလဲကျွန်တော့်ဦးလေး"

"ရှိပါတယ်ကွ ဒို့မလိမ်ပါဘူး"

ဦးခန့်မောင်လှေပေါ်မှ မဆင်းသေးပဲလှေပေါ်မှ လှမ်းပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းမှာကော ဒီလိုချင်တဲ့မြေပုံပါရဲ့လား"

"ပါတယ် ဒီမှာ"

ဟုမောင်ကြီးက လက်ထဲမှစာရွက်လေးနှစ်ရွက်ထုတ်ပြလိုက်သည်။

ဦးခန့်မောင်သေသေချာချာကြည့်ပြီးနောက် အနောက်သို့လှည့်ကာ...

"ကနောင်ရေ ဟိုလူကြီးကိုခေါ်ခဲ့"

"ဟုတ်ကဲ့ ဆရာ"

ကနောင်ဆိုသောသူလည်း ဦးခန့်မောင်နောက်မှ လှေရဲ့အနောက်ဖက်ခန်းထဲကိုဝင်ပြီး ဦးစီမောင်ကိုခေါ်ခဲ့သည်။ ဦးစီမောင် ဦးခန့်မောင်နားသို့ရောက်လာပြီး လှေပေါ်မှ ဦးခန့်မောင်နှင့်ဦးစီမောင် ကုန်းဘောင်ပေါ်မှလျှောက်ကာ စနွားပေါ်သို့ရောက်လာသည်။

"ကောင်လေး ဘယ်မှာလဲမြေပုံပြပါ"

"ရော့ ဒီမှာဦးလေးကိုကျွန်တော့်နားကို လွှတ်လိုက်ပါခင်ဗျားတို့လိုချင်တဲ့ မြေပုံရော့"

ဟုပြောပြီး ဦးခန့်မောင်ကိုပေးလိုက်သည်။

ထိုအခါ ဦးစီမောင်ကို လွှတ်လိုက်သည်။ ဦးစီမောင် မောင်ကြီးနားသို့ ရောက်လာသည်။ ဦးခန့်မောင်က မြေပုံနှစ်ခုလုံးကို





စစ်ဆေးပြီး မှန်ကန်ကြောင်းအတည်ပြုပြီး လှေပေါ်သို့ပြန်တက်သွားခဲ့သည်။

ဦးစီမောင်က မောင်ကြီးနားတွင်ရပ်ပြီး မောင်ကြီးကိုနားမလည်သလိုကြည့်လိုက်သည်။ ပြီးနောက် မြေပုံဆိုတာဘာမှန်းမသိ၍အံ့သြကာ...

"မောင်ကြီး မြေပုံဆိုတာဘာမြေပုံလဲ"

"ကျွန်တော်လည်းမသိပါဘူးဦး...အဖေကပေးထားခဲ့လို့သာ မြေပုံလို့ဆိုတာသိတာ...ဒါကိုလည်းသူတို့ရောက်လာပြီး မေးလို့ပြောလို့သိတာပါ"

ဦးစီမောင်လည်း ဆက်မေးနေရင် ဘာမှန်းမသိတဲ့အရာကို ဘယ်လိုဖြေရမှန်းမသိတဲ့မေးခွန်းမို့လို့ ငြိမ်နေလိုက်သည်။ ရေသရဲဆိုသောစက်လှေ ခပ်လှမ်းလှမ်းသို့ရောက်သွားသည်။ ဦးစီမောင်နဲ့မောင်ကြီးတို့ ပေးပြီးကျွန်ခဲ့ကြသည်။

ဦးစီမောင်လည်း စနွားမှထားဝယ်သို့ပြန်ဖို့အတွက် စက်လှေလာတဲ့အထိစောင့်ရမည်ဖြစ်သည်။

○



www.burmeseclassic.com

www.burmeseclassic.com



## ရှာပုံတော်ဖွင့်ပြီ

ဦးခန့်မောင်တို့စက်လှေ ပင်လယ်ထဲတွင် တစ်နေ့နဲ့တစ်ရက် ရှိနေပါပြီ။ သူတို့ရှာနေသောကျွန်းကို မတွေ့သေးပါ။ ဦးခန့်မောင်နှင့် ဦးကံမင်းတို့ စလင်(စက်လှေမောင်း)အခန်းတွင် တိုင်ပင်နေကြသည်။ ရေစုံပွဲပေါ်တွင် မြေပုံလေးခုကိုဆက်ကာ အဖြေရှာနေသည်။

မြေပုံလေးခုဆက်လိုက်သောအခါ ကျွန်းတစ်ခုရဲ့ပုံမှာ အလယ်တည့်တည့်တွင် ဖြစ်ပေါ်နေသည်။ ကျွန်း၏ပုံကလည်း အလယ်တွင် ကျောက်တောင်ဖြစ်သည်။ တောင်၏ထူးခြားမှုကလည်း တောင်၏သုံးပုံတစ်ပုံအပေါ်ခိုးတွင် အာသစ်ပင်မှမပေါက်ပါ။ ရှင်းရှင်း လင်းလင်း ထီးထီးမားမားဖြစ်ပါသည်။ ငှင်းတောင်ထိပ်၏ ကျောက်သား မှာ အနီးကပ်ကြည့်ရသည်မှာ လူ၏ဦးခေါင်းပုံဖြစ်သည်။ မျက်လုံးပုံ နှာခေါင်းပုံ ပါးစပ်တို့သည် သူနေရာနှင့်သူပေါ်လွင်နေတာ တွေ့ရ





မည်ဖြစ်သည်။ ငှင်းတောင်ရှိသောကျွန်းကို သူတို့အရင်ရှာရမည် ဖြစ်သည်။ ငှင်းတောင်ရှိသောကျွန်းကိုတွေ့မှ ကျန်တာတွေ့ရ မည်ဖြစ်သည်။

သူတို့ ငှင်းကျွန်းကိုရှာခဲ့တာ တရက်နဲ့တစ်နေ့ ရှိနေပြီဖြစ် သည်။ ဦးခန့်မောင်တစ်ယောက် စိတ်ထဲမှစဉ်းစားသွားသည်။ သူတို့ သူငယ်ချင်းလေးယောက် ဒီကျွန်းကိုကျွမ်းကျင်စွာရှာနိုင်တဲ့သူကတော့ မြိတ်သားဖြစ်တဲ့သူ မောင်မောင်ပဲဖြစ်သည်။ မောင်မောင်သာရှိရင် ပိုပြီးအဆင်ပြေမှာဖြစ်သည်။ ဘာကြောင့်လည်းဆိုတော့ မောင်မောင် က ရေလုပ်သားဖြစ်တာကြောင့် ကျွန်းပေါင်းစုံကိုဖြတ်ပြီး ငါးပိ ငါး ခြောက်အဝယ်တော်ဖြစ်တဲ့အတွက် မရောက်ဖူးတဲ့ကျွန်းဆိုလို့ မရှိသလောက်ဖြစ်သည်။

မောင်မောင်နဲ့ ဦးဘရှင်တို့ ဆုံးသွားတဲ့အတွက် သူတို့မှာ အားတစ်ခုဆုံးရှုံးသလို ခံစားရသည်။ ဦးကံမင်းကတော့ သူတို့နှစ်ဦး မရှိလို့ နှစ်ယောက်ထဲဆိုတော့ ပိုရမယ်ဆိုတာ ဝမ်းသာနေသည်။

ဦးခန့်မောင်ကတော့ ဒီလိုစိတ်မျိုးမရှိပါ။ ဦးမောင်မောင်ရဲ့ သားကို ထိုက်သင့်သလောက် မြေပုံကိုဝယ်ခဲ့သည် မဟုတ်ပါလား။ ဒါပေမဲ့ မောင်ကြီးမပေးခဲ့ပါ။

"မောင်မောင်ရယ် ငါ့ကိုခွင့်လွှတ်ပါကွာ‥‥ငါ့နှဲ့တွေရခဲ့ရင်



www.burmeseclassic.com

www.burmeseclassic.com



ဒါ့ထဲက မင်းရဲ့သားကို ထိုက်သင့်သလောက် ခွဲပေးလိုက်ပါ့မယ် ယခု ငါတို့သွားမယ့်လမ်းခရီးကို လမ်းပြပေးပါနော် သူငယ်ချင်းရယ်"

ဟု စိတ်ထဲမှပြောလိုက်မိသည်။ ပြီးနောက် သူတို့လေးဦး ဆုံပြီး ငှင်းပစ္စည်းကိုရခဲ့ပုံကိုစဉ်းစားလိုက်မိသည်။

နောက်ကြောင်းပြန်စဉ်းစားမိသည်မှာ…

မောင်မောင်၊ ခန့်မောင်၊ ကံမင်း၊ ဘရှင်ဆိုတဲ့ လေးဦးစလုံး တဖက်နိုင်ငံဖြစ်တဲ့ ယိုးဒယားဘက်တွင် အလုပ်လာလုပ်ရင်း ဆုံခဲ့ကြသည်။ အဲဒီတုန်းက သူတို့လေးဦးစလုံးဟာ ယိုးဒယားဘက်က မှောင်ခိုလုပ်ငန်းအကြီးအကျယ်လုပ်သော ဂိုဏ်းတစ်ခုတွင်အလုပ်ဝင်ရင်း တွေ့ခဲ့ကြသည်။ သူတို့လေးဦးစလုံးကလည်း မြန်မာလူမျိုးဆိုလို့သူတို့လေးဦးသာဖြစ်သည်။ ဒါကြောင့်လည်း မြန်မာလူမျိုးအချင်းချင်း တွဲခဲ့ကြသည်။ သူတို့လေးဦးစလုံးကလည်း တနင်္သာရီတိုင်းကဖြစ်သည်။

မောင်မောင်က ထားဝယ်မြို့ဘက်က ကံပေါက်ရွာလေးကဖြစ်သည်။ ဦးခန့်မောင်က ထားဝယ်ကဖြစ်သည်။ ဦးဘရှင်နဲ့ ကံမင်းကရေးမြို့ဘက်ကဖြစ်သည်။ တစ်နေ့တွင် သူတို့လေးဦးစလုံးပါရတဲ့ လုပ်ငန်း တစ်ခုလုပ်ရသည်။ သူဌေးက စက်လှေတစ်စီးဖြင့် ကျွန်းတစ်ကျွန်းမှာ အလုပ်တစ်ခု ဖြစ်ရန်ရှိသည်ဟုပြောကာ ကျွန်းတစ်ကျွန်းသို့ သွားရမည်ဖြစ်သည်။





ငှင်းကျွန်းက ယိုးဒယား၊ မလေး၊ မြန်မာ သုံးနိုင်ငံနဲ့ အနီးဆုံးကျွန်းတစ်ခုမှာ ဆုံမှတ်သတ်မှတ်ခဲ့သည်။ ငှင်းကျွန်းကို ဦးမောင်မောင် ခဏခဏရောက်နေကြဖြစ်သည်။ ဘာကြောင့်လည်းဆိုတော့ ဦးမောင်မောင်က အလုပ်ဝင်တာစောလို့ဖြစ်သည်။ သူဌေးကလည်း သူ့ကိုပဲအားကိုးသည်။ အခုသူဌေးက သူတို့လေးဦး စုစုပေါင်း ရှစ်ဦးပါ စက်လှေဖြင့်ရောက်လာခဲ့သည်။ သူဌေးလည်းပါသည် အားလုံးကိုးဦးဖြစ်သည်။

မောင်မောင်က စလင်လုပ်ခဲ့၍ ငှင်းနေရာက ကျွမ်းကျွမ်းကျင်ကျင်မောင်းခဲ့သည်။ ကျွန်းကိုရောက်တော့ သူတို့စက်လှေပေါ်မှ ပစ္စည်းများထည့်ထားသော ကျွန်းသေတ္တာတစ်လုံးချခဲ့သည်။ ပြီးနောက် သူတို့ ပစ္စည်းနဲ့အလဲအလှည်လုပ်မဲ့ စက်လှေတစ်စီး စောင့်ရမည်ဖြစ်သည်။ သူတို့ပစ္စည်းချပြီးနောက် မြန်မာလေးဦးကို စက်လှေပေါ်မှမဆင်းခိုင်းပါ။ သူဌေးနဲ့ သူ့လူလေးဦးသာ ကျွန်းကိုဆင်းခဲ့သည်။

ထိုအခါ ကျွန်း၏ခပ်လှမ်းလှမ်းမှ လူလေးဦးအိတ်သုံးလုံးကိုဆွဲကာ သူတို့နားသို့ရောက်လာနေကြသည်။ ထိုအခါ သူတို့နှစ်ဦးတွေ့ဆုံရန်နီးလာသောအချိန်တွင် တောထဲမှ …

" ဗိုး…ဗိုး…ဗိုး…ဗိုး"

"ကျွီ… ကျွီ…ကျွီ" ဟုအော်ဟစ်သံများဖြင့် ပုံစွက်လာ



www.burmeseclassic.com

www.burmeseclassic.com



သောနှစ်ဖက်စလုံး ဖွဲ့ကြကာကြည့်နေမိသည်။ ပြီးနောက်ထွက်ပြေးနိုးအချိန်မရလိုက်ဘဲ ကြောင်ကာကြည့်နေမိသည်။ အကောင်များမှာ လင်းနို့လိုအကောင်များဖြစ်ကာ သူတို့နားသို့ရောက်လာခဲ့တော့သည်။ သူတို့အားလုံးလင်းနို့ကောင်များ၏ တိုက်ခိုက်ထိုးနှက်မှုများကြောင့် မကြာခင်အချိန်မှာပင် အားလုံးသေဆုံးကုန်တော့သည်။

ဦးခန့်မောင်၏သူဌေးတို့မှာလည်း ထိုနည်းတူပင် သတ္တဝါများ၏တိုက်ခိုက်ခြင်းကို ခံလိုက်ရသည်။ ထိုသို့သတ္တဝါများ၏ တိုက်ခိုက်ခြင်းကိုခံလိုက်ရ၍ နှစ်ဖက်စလုံးလူများ ,သေဆုံးကုန်သည်။

ထိုအခါသတ္တဝါများသည် လူသားများကိုစားသောက်ကာတောထဲသို့ပြန်ဝင်သွားကြသည်။ ထိုအချင်းအရာအားလုံးကို ခန့်မောင်တို့သူငယ်ချင်းလေးဦး အစအဆုံးမြင်တွေ့လိုက်ရသည်။ သတ္တဝါများမရှိတော့မှ သူတို့လေးဦးလှေပေါ်မှ ကျွန်းပေါ်သို့ရောက်လာခဲ့ကြသည်။ သူတို့၏လူများ အသက်မရှိတော့မှန်းသိမှ သူတို့သယ်လာခဲ့သောကျွန်းသေတ္တာထဲမှ ဘာပစ္စည်းမှန်းမသိသောအရာကို ဖွင့်ကြည့်လိုက်သည်။ လေးဦးစလုံးမြင်လိုက်ရသော မြင်ကွင်းကြောင့်…

"ဟာ… ဟင်"

"ဟင်… ဟာ" ဟုအံ့သြကာ လေးဦးစလုံးပစ္စည်းကိုကိုင်ကြည့်လိုက်သည်။ သူတို့တွေ့လိုက်သောအရာမှာ ရွှေချောင်းများ





ဖြစ်နေသည်။ သေတ္တာအပြည့်ဖြစ်သည်။ ကာလပေါက်ဈေးနဲ့ဆိုရင် သန်းပေါင်းများစွာတန်မည်ဟု မှန်းမိသည်။

သေတ္တာကိုအဖုံးပြန်ပိတ်လိုက်သည်။ ပြီးနောက်ခန့်မောင်နှင့်မောင်မောင်ကတံဖက်မှ သယ်လာသောအိတ်သုံးလုံးကို သွားယူလိုက်ကြသည်။ ပြီးနောက် အိတ်တစ်လုံးကို ဖွင့်ကြည့်လိုက်သည်။

"ဟာ… ဟင်"

ဘိန်းဖြူများဖြစ်ကြသည်။ အိတ်တစ်လုံးရဲ့တန်ဘိုးတောင် သန်းချီတန်သည်။ အိတ်သုံးလုံးဆိုတော့ တန်ဘိုးနည်းမည်မဟုတ်ပါ။ သူတို့လေးဦးဒီလှေနဲ့ ယိုးဒယားပြန်ရင် သူဌေးရဲ့လူတွေကိုဘယ်လိုဖြေရမလဲဟု စဉ်းစားလိုက်ကြသည်။ ဒါနဲ့ခန့်မောင်က ဆုံးဖြတ်ချက်တစ်ခုချလိုက်သည်။

သူတို့လေးဦး ရွှေချောင်းကို နိုင်သလောက်စီယူပြီး ကျန်သောရွှေချောင်းများကို ကျွန်းပေါ်တွင်အမှတ်အသားလုပ်ကာ မြှုပ်ခဲ့ကြသည်။ ပြီးနောက်မြေပုံစာရွက် တစ်ရွက်ရေးကာ လေးချိုးခေါက်ကာတစ်ခေါက်စီခွဲယူလိုက်ကြသည်။ ငါးအချိန်မှစပြီး လေးဦးစလုံးလူစုခွဲကာ မိမိတို့နေရပ်သို့လမ်းခွဲပြီး ပြန်ခဲ့ကြတော့သည်။ သူငယ်ချင်းလေးယောက်ရဲ့ကတိကြမ္မာက ငါးအချိန်မှစပြီး အဆုံးသတ်ခဲ့ကြတော့သည်။

ဦးခန့်မောင်စိတ်ကူးခန်းလေး ပြီးဆုံးတော့သတိရကာ

www.burmeseclassic.com



မိမိတို့စက်လှေတယ်နားရောက်နေပြီလဲဆိုတာ ထကြည့်မိသည်။ သူတို့လိုချင်သောပွိုင့်ကိုရောက်ရန် လိုနေသေးကြောင်းသိရ၍ ပြန်ထိုင်လိုက်သည်။ ထိုအခါအနားသို့ ကံမင်းရောက်လာပြီး…

"ခန့်မောင် ဘာဖြစ်နေတာလဲ မျက်နှာလည်းမကောင်းပါလား"

"ဘာမှမဖြစ်ပါဘူးကွ… ဒို့တွေသူငယ်ချင်းလေးယောက်ရဲ့ ကံကြမ္မာကို စဉ်းစားနေတာပါ… ဒို့လေးဦးစလုံးပြန်မဆုံပဲ မင်းနဲ့ငါသာ ကျန်တာစိတ်မကောင်းဖြစ်မိလို့ပါကွာ"

"ဒါကတော့ကွာ… သူတို့ရဲ့ကံကြမ္မာက မကောင်းတော့ မင်းနဲ့ငါသာရသင့်ရတိုက်လို့ ရတာပဲလို့အောက်မေ့လိုက်ပေါ့"

"ဒါပေမဲ့ ကံမင်း… ဒို့တွေကတိထားခဲ့ကြတဲ့အတိုင်း သူတို့ရဲ့သားသမီးတွေကိုတော့ ငါတို့တွေစောင့်ရှောက်သင့်ပါတယ်"

"ဒါကတော့ရလာတဲ့ဝေစုထဲမှ မင်းရောငါပါ ရသင့်သလောက် ခွဲဝေပေးလိုက်ကြတာပေါ့ကွာ… သူတို့ကိုပေးပြီးရင် ငါကတော့တခြားနိုင်ငံမှာပဲ ခြေချနေတော့မယ်"

ကံမင်းရဲ့ဆုံးဖြတ်ချက်ကို ခန့်မောင်ကဘာမှမပြောတော့ပဲ ငြိမ်ကာနားထောင်နေလိုက်တော့သည်။ ထိုအချိန်တွင် သူတို့စက်လှေကကျွန်းတစ်ကျွန်းနားသို့ ရောက်လာသည်။ ဦးခန့်မောင်က မြေပုံကို





ကြည့်လိုက်သောအခါ လူမျက်နှာနှင့်တူသော ကျောက်တောင်ကို တွေ့မြင်လိုက်ရ၍ ဝမ်းသာသွားသည်။

"ကံမင်း ကံမင်းရေ လာပါအုံးကွ… ဒို့ရှာနေတဲ့ ကျောက်တောင်ကိုတွေ့ပြီကွ… လာကြည့်ပါအုံး"

ဦးကံမင်းလည်း စလင်အခန်းထဲတွင် အိပ်နေချိန်တွင် ဦးခန့်မောင်၏ အော်ခေါ်သံကြောင့် ထလာခဲ့သည်။ ပြီးနောက် ဦးခန့်မောင် ကြည့်နေသောမှန်ဘီလူးကို ယူပြီးကြည့်လိုက်သည်။

"ဟာ ဟုတ်တယ်… ခန့်မောင် ငါတို့တော့ချမ်းသာပြီကွ"

"ဟား…ဟား…ဟား"

နှစ်ယောက်စလုံး ဝမ်းသာနေကြသည်။ ပီတိများဖြစ်ကာ စိတ်ကူးယဉ်မိသည်။ စက်လှေလည်း ကျွန်းနားသို့တဖြည်းဖြည်းကပ်ကာကျောက်ချလိုက်သည်။ ပြီးနောက်သက်ကယ်လှေဘောကွင်းများဖြင့်ကျွန်းနားသို့လှော်ခတ်လာခဲ့သည်။ ခန့်မောင် ကံမင်းနှင့်တခြားလူ သုံးယောက်ပါခေါ်ခဲ့သည်။ လှေပေါ်တွင်ဘယ်သူမှ မချန်ခဲ့ပါ။

သူတို့ဘောကွင်း ကျွန်းနားသို့ရောက်လာခဲ့သည်။ သူတို့အတွက် ရန်သူများရှိခဲ့ရင် လိုရမယ်ရဟု သေနတ်သုံးလက်ပါ ယူဆောင်လာခဲ့သည်။ သေနတ်များမှာ နယ်စပ်မှဝယ်ခဲ့တာ၍ ဆောင်ထားရသည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ဘော့ကွင်းရေစပ်သို့ရောက်ခါနီးတွင် တစ်ယောက်ကဆင်းပြီး ကြိုးစကိုယူပြီး ကျောက်တုံးနှစ်ခုကြားတွင် တုတ်တစ်ချောင်းစိုက်ကာ ချည်ထားလိုက်သည်။ ဘော့ကွင်းကိုလည်း သဲသောင်ပြင်ပေါ်သို့ တွန်းတင်လိုက်သည်။

သူတို့ငါးဦး ကျွန်းကို အကဲခတ်နေလိုက်သည်။ ပြီးနောက် ဦးခန့်မောင်က ပထမပစ္စည်းလာလဲတုန်းကလို လင်းနို့အကောင်ကြီး များထွက်လာမလားလို့ စိုးရိမ်နေမိသည်။ လက်နက်များကိုလည်း အဆင်သင့်လုပ်ထားကြသည်။

ဒါပေမဲ့ဘာကောင်မှမထွက်လာတာ သိလိုက်ရသောအခါ ခန့်မောင်မြေပုံကိုထုတ်ကာ ပစ္စည်းများထားခဲ့သောနေရာကို ကြည့်မိသည်။ သူတို့နှစ်ဦးကလည်း နည်းနည်းပါးပါးမှတ်မိ၍ သိပ်မရှာလိုက်ရပါ။ ကမ်းစပ်မှအထဲသို့ သိပ်မဝင်ရပါ။ သူတို့ရှာနေသော သစ်ပင်တစ်ပင်ထဲသီးခြားရှိနေသော အပင်ကိုတွေ့လိုက်ရသည်။

ထိုအောက်သို့ သူတို့အားလုံးရောက်လာကြသည်။ ပြီးနောက် မြေတူးရန်ပေါက်တူး၊ ဂေါ်ပြားများဖြင့် အမှတ်အသားလုပ်ထားသော နေရာကိုတူးလိုက်ကြသည်။

"ကျွီ...ကျွီ...ကျွီ...ကျွီ"

"ဟင် ဘာသံလဲကွ တစ်မျိုးပါလား"





မြေတူးနေသောလူများ မြေတူးတာခဏရပ်ပြီး အသံလာရာ ဘက်သို့နားစွင့်လိုက်ကြသည်။ ထိုအခါအသံများက အဝေးမှာလာနေ သောကြောင့် ပိုပြီးတဖြည်းဖြည်းနီးလာသောအခါ ပိုပြီးကျယ်လာသည်။

ထို့နောက်သူတို့မြေတူးတာ ဆက်လက်တူးကြသည်။ ထိုအခါ...

"ဒေါက်...ဒေါက်"

ပေါက်တူး၏တစ်ခုခုကို ထိရိုက်သံကြားလိုက်ရသည်။ ဦးခန့်မောင်ကအုံ့ညြပြီး...

"ရပြီကွ...ဒါဖြစ်နိုင်တယ် ဆက်တူးကြ"

မြေတူးသမားများလည်း ဆက်ပြီးတူးကြသည်။ တဖြည်းဖြည်း ပေါ်လာသည်။ သေတ္တာတစ်ခုလုံးပေါ်လာသည်။ အပြင်သေတ္တာအခွံ ကတော့ ဆွေးမြေ့နေသည်။ အထဲမှအခံတစ်ခုကတော့ ပြနေသည်။ ရွှေချောင်းများထွက်ပေါ်လာပြီဖြစ်၍ အိတ်တစ်လုံးထဲသို့ ပြောင်းထည့် လိုက်သည်။ အိတ်ကအားလုံးသုံးလုံးနှင့် ထည့်ရသည်။

ထိုအချိန်တွင် ခုနကအသံများက ပိုပြီးနီးလာနေသည်။

"လုပ်ကြကွ..ဘာတွေလည်းမသိဘူး မြန်မြန်လုပ်သွားကြ စယ်"

ဦးကံမင်းကပြောလိုက်သည်။ အားလုံးပြီးသလောက်ဖြစ်နေ၍



www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံးတောထဲမှ ထွက်ကြရန်လုပ်ကြသည်။ သူတို့အားလုံး အပြင်သို့ ရောက်လာကြသည်။ ပြီးနောက် ဘောက္ကွင်းထားသော နေရာသို့ရောက်လာသည်။ ဘောက္ကွင်းပေါ်သို့ ရွှေချောင်းများပါသော အိတ်အားလုံးရောက်လုနီးချိန်တွင် တောထဲမှအသံများ ဆူညံစွာ ထွက်လာပြီး သူတို့နားသို့ဝိုင်းအုံလာကြသည်။

ဦးခန့်မောင်တို့ကလည်း လက်နက်များဖြင့်တိုက်ခိုက်ကြသော်လည်းခွေးခေါင်းနှင့်လင်းနို့ကြီးများက အုပ်လိုက်ဖြစ်၍မနိုင်ပါ။ သူတို့၏ လူများလည်း လင်းနို့များ၏တိုက်ခိုက်မှုကြောင့် သေလုမျောပါးဖြစ်နေကြသည်။

ထိုအချိန်တွင် ဦးခန့်မောင်နှင့် ဦးကံမင်းတို့က ရေထဲသို့ခုန်ချပြီးရေထဲ၌ရေငုပ်ကာ နေလိုက်ကြသည်။ ခွေးခေါင်းနှင့်လင်းနို့များလည်းသူတို့၏ရန်သူများတစ်ယောက်မှ မရှိမှန်းသိ၍ လာရာလမ်းအတိုင်း ပြန်သွားကြလေတော့သည်။

ထိုအခါ ဦးခန့်မောင်နှင့်ဦးကံမင်းတို့နှစ်ဦး ရေငုပ်နေရာမှ တဖြည်းဖြည်းခေါင်းမော့ပြီးကြည့်လိုက်သောအခါ လင်းနို့ကြီးများမရှိတော့မှန်းသိ၍ ဘောက္ကွင်းနားသို့ အမြန်ကူးကာလာခဲ့ကြသည်။ သဲသောင်ပြင်ပေါ်တွင် သူ၏လူများမြင်မကောင်းအောင် သွေးသံရဲရဲဖြင့်သေဆုံးနေကြတာ တွေ့လိုက်ရသည်။





"အင်း စိတ်မကောင်းလိုက်တာကွာ…သူတို့လည်းရွှေချောင်းတွေရဲ့ဝေစုကို မခံစားလိုက်ရဘူး"

"အခုတော့ မင်းနဲ့ငါသာကျန်တော့တယ်" ဟုခန့်မောင်က ညည်းတွားလိုက်လေသည်။

"ခန့်မောင် မြန်မြန်လုပ်ကွ တော်ကြာပဲ့ကောင်တွေပြန်လှည့်လာရင် ငါတို့ပါသေကုန်မယ်"

ခန့်မောင်နှင့်ကံမင်းတို့ ဘောက္ကွင်းကိုစက်လှေရှိရာသို့ အမြန်လှော်ခတ်လာလေတော့သည်။ စက်လှေပေါ်တွင် သူတို့နှစ်ယောက်သာရှိတော့၍ တစ်ယောက်တစ်လှည့်မောင်းကာ ထားဝယ်သို့ဦးတည်လိုက်လေတော့သည်။

○



www.burmeseclassic.com

www.burmeseclassic.com



## ကံကြမ္မာကဆိုးတာလား

ခန့်မောင်နှင့်ကံမင်းက ရွှေချောင်းပါသောအိတ်များကို ငါးများထည့်သောပလပ်စတစ်ပုံးထဲသို့ သိပ်ထည့်ကာအပေါ်မှ ငါးစိမ်းများဖြင့်ဖုံးကာအလုံပိတ်လိုက်ကြသည်။ ပြီးနောက်အပေါ်မှ အမှတ်အသားများ ပြုလုပ်လိုက်သည်။

ဦးခန့်မောင်တို့စက်လှေ ထားဝယ်နားမရောက်ခင် ရှင်မော်ဟု ခေါ်သောဝဲကတော့ချောင်းဆုံနားသို့ ရောက်လာခဲ့ကြသည်။ သူတို့လှေရောက်ချိန်ကလည်း ညနေခြောက်နာရီထိုးတော့မည် ဖြစ်သည်။ ထိုအချိန်တွင်ရာသီဥတုက မမျှော်လင့်ပဲကောင်းရာမှ ချက်ချင်းထဖောက်လိုက်သည်။ ကောင်းကင်တစ်ခုလုံး မဲညို့ကာ အုပ်ဆိုင်းသွားသည်။ လေနုလေးများအေးလာပြီဆိုရင် မကြာခင်မှာ လေပြင်းပါလာတော့မည်ဆိုတာ ခန့်မောင်သိလိုက်သည်။





လှေမှာကလည်း သူတို့နှစ်ယောက်တည်းဆိုတော့ မနိုင်မနင်းဖြစ်နေသည်။ လှေပေါ်မှာပြင်ဆင်စရာများကို တစ်ယောက်တည်းဖြစ်တဲ့ ကံမင်းက မနိုင်မနင်းလိုက်လုပ်နေရသည်။ ခန့်မောင်က အံ့သြသော စိတ်နဲ့ပဲနင်းကိုင်ကာ လှေကိုထိန်းနေရသည်။

လှေက ရှင်မော်နားရောက်လေ လှိုင်းကပိုကြီးလေဖြစ်လာသည်။ လေပြင်းကလည်း တဖြည်းဖြည်းတိုက်လာ၍ လှေကိုမနည်းထိန်းနေရသည်။

ထိုအခါခန့်မောင်က စလင်းခန်းမှအော်ကာ ပြောလိုက်သောအသံတစ်ခုက...

"ကံမင်းရေ ငါတို့နှစ်ယောက်ထဲ အခြေအနေကောင်းနိုင်ပါ့မလား"

"ကံတရားပေါ့ကွာ...ငါတော့ရာသီဥတုကို ဘယ်လိုမှနားမလည်နိုင်တော့ဘူး"

"ဂျိမ်း...ဒလိန်း...ဒလိန်း"

"ဂျိမ်း"

နောက်ဆုံးပစ်လိုက်သောမိုးကြိုးက မိုးမရွာပဲထွက်လာသောအသံကြောင့်နှစ်ယောက်စလုံး အံ့သြကာမှင်သက်နေမိသည်။ ဒါပေမဲ့အသံကကြားလိုက်ရပြီဆိုတော့ မိုးကြိုးကပစ်ပြီးသွားပြီဟာ သိလိုက်

www.burmeseclassic.com

www.burmeseclassic.com



ရသည်။ သူတို့နားမှဖြစ်သွားသလားလို့တောင် ထင်လိုက်ရ၍ နားနှစ်ဖက်ကိုအုပ်ကာ ခေါင်းငုံ့ထားလိုက်ကြသည်။

ထိုအခါလှေလေးပဲ့ထောင်သွားလေသည်။ ထို့နောက် လှေလေးတဖြည်းဖြည်းပြန်ကျသွားသည်။ သူတို့ကတော့ လှိုင်းကြောင့်ဟုထင်ကာ ငြိမ်နေလိုက်သည်။ ထို့နောက် တဖြည်းဖြည်း စက်လှေမှာ ဦးခေါင်းဘက်မှစပြီး ခေါင်းစိုက်လာသည်။ သို့နှင့် တဖြည်းဖြည်း စက်လှေနစ်လာတာ သိလိုက်ရသည်။

"ကံမင်းရေ တို့စက်လှေတော့သွားပြီ··ဘယ်လိုမှလုပ်လို့ ရမှာမဟုတ်ဘူး··ဗိုက်ရဲ့အသက်ဘေးက အရေးကြီးတယ် အသက်ကယ် လှေအမြန်ချတော့"

ထိုအခါကံမင်းက "ဟိုပစ္စည်းကိုဘယ်လိုလုပ်မလဲ"

"ဘာမှမက်မနေနဲ့တော့···မင်းသွားရှာရင်လည်းမော့ရှုံ ရှိမယ်···ပလတ်စတစ်ပုံးတွေ အခုဆိုရင်ရောကုန်ပြီ အချိန်မရှိ တော့ဘူး···လူ့အသက်ထက် ဘာမှတန်ဖိုးမရှိပါဘူးကွ"

ဟု ခန့်မောင်က သံဝေဂတရားရသလို သက်ကယ်လှေ လှေ(ဘောကွင်း)ကို ရေပေါ်သို့ပစ်ချလိုက်လေသည်။ ပြီးနောက် သူတို့နှစ်ယောက်လှိုင်းလေတွေကြား သက်စွန့်ဆန်ပြား သက်ကယ် လှေပေါ်ခင်းသက်လိုက်သည်။





ထိုအချိန်တွင်စက်လှေမှာ တဖြည်းဖြည်းမြုပ်လုနီးနေပြီဖြစ်၍သူတို့ရဲ့အသက်ကယ်လှေလေး ငင်းစက်လှေနားမှအမြန်ထွက်ခွါမှ ဖြစ်တော့မည်ဖြစ်သည်။ ဘာကြောင့်လည်းဆိုတော့ စက်လှေမြုပ်ရင် သူတို့လှေပါဝဲကတော့နဲ့အတူ ပါမသွားဖို့အတွက် ဝေးရာသို့လှော်ခတ် ရမည်ဖြစ်သည်။

သူတို့လှေလေး မိုးထဲလေထဲမှန်တိုင်းထဲမှာ အားကုန်လှော် ခတ်နေရသည်။ လှိုင်းလေတွေကလည်း တစ်လုံးပြီးတစ်လုံးသူတို့ ဘောကွင်းလှေနားသို့ ရောက်ရောက်လာ၍ မမြုပ်အောင်ကရုစိုက်နေ ရသည်။

ထိုအချိန်တွင် စက်လှေကလေး တဖြည်းဖြည်းမြုပ်လုနီးပါး ဖြစ်နေပြီ။ ထိုအချိန်မှာ ခန့်မောင်တို့ဘောကွင်းလှေမှာလည်း စက်လှေ မှပို၍ဝေးရာသို့ရောက်နေပြီဖြစ်သည်။

ခန့်မောင်နှင့်ကံမင်းတို့မှာလည်း လက်ပန်းကျကာမောနေ ကြသည်။ လှိုင်းနဲ့လေက ညတစ်နာရီလောက်မှာငြိမ်သွားသည်။ ပတ်ဝန်းကျင်အစ်ခုလုံးလည်း မဲမှောင်ကာရှိနေတော့သည်။ တစ်ခါ တစ်ခါလျှပ်စီးလက်ကာနဲ့ လက်ကာနဲ့ဖြစ်သွားတာကလွဲလို့ ဘာမှမမြင် ရပါ။

"ကံမင်း ဗိုက်တော့ကြိုးစားထားသမျှ အလကားဖြစ်သွားပြီ"

www.burmeseclassic.com



ကံမင်းကခန့်မောင်ပြောသောစကားကို စိတ်မကောင်းစွာဖြင့်ကြည့်ရင်း…

"နို့ရဲ့ကံတရားပေါ့ကွ ဒီပစ္စည်းလည်းဖို့နဲ့မရလိုက်လို့ပဲ ထားလိုက်ပေါ့…ပါးစပ်နားရောက်ခါနီးမှ လွတ်ကျသွားတဲ့မုန့်လို ငါလည်းခံပြင်းမိတာပေါ့"

"ဟာ ဒါမုန့်မဟုတ်ဘူးကွ… သန်းချီတန်တဲ့ရွှေချောင်းတွေကွ"

"ငါလည်းသိတာပေါ့…ဘယ်တတ်နိုင်မလဲ ကံတရားပေါ့"

ခန့်မောင်နှင့်ကံမင်းတို့နှစ်ဦး သေကံမရောက်အသက်မပျောက်ဆိုသလိုဘော့ကွင်းတစ်ခုပေါ် ပင်ပန်းမောဟိုက်စွာ အိပ်ပျော်သွားကြလေတော့သည်။

၀





# ဥစ္စာရင်းမှန်လို့ပြန်ရသည်

ဒီနေ့မောင်ကြီးစန္ဒားသို့ ပြန်ရောက်လာသည်။ ဦးစီမောင်ကိုပြန်ပို့ပြီးထားဝယ်တွင် သုံးရက်လောက်နေသည်။ ဦးစီမောင်လည်းမောင်ကြီးနှင့် ရင်နှောင်းမေတို့ရဲ့မြေပုံနှင့် သူ့ကိုပြန်ရှေးလိုက်ကြသည်မဟုတ်ပါလော။

သူ့အပေါ် ကျေးဇူးတရားသိတတ်ပုံနှင့် မိသားစုစိတ်ဓါတ်ရှိမှုကိုလေးစားမိသည်။ ခဏ္ဍာဆိုလည်းမောင်ကြီးကို ကျေးဇူးတင်လို့မဆုံးဖြစ်နေသည်။ မောင်ကြီးစန္ဒားကို ပြန်ရောက်ကတည်းက ပျင်းနေမိသည်။ ပျင်းပျင်းရှိတာနဲ့ ရေအောက်သို့ငုံ့ကြည့်လိုက်သည်။ ရေအောက်သို့ငုပ်မိပြန်တော့ ငါးလေးကိုသတိရလိုက်သည်။ ငါးလေးကတော့ရေထဲမှာပျော်နေမှာပဲလို့ စိတ်ထဲမှထင်လိုက်မိသည်။ ထိုအခါမောင်ထူးက…

www.burmeseclassic.com



"*အကို ငါးလေးကိုသတိရနေတာလား*"

"အင်းပေါ့ကွ···ခါတိုင်းဆိုရင် တို့ရဲ့ဘဲမှာထားတာဆိုတော့ လာလာပြီးကြည့်နေလို့ရတာပေါ့ အခုတော့ပင်လယ်ပြင်ကိုသာ ကြည့်နေရတယ်မဟုတ်လား"

"ညကလည်း လေတွေမိုးတွေတိုက်ပြီး ရွာလိုက်တာ ကျွန်တော်လည်းကြောက်မိတယ်···ဒီတစ်ခါလေတိုက်တာ မိုးရွာတာထူးဆန်းတယ်သိလား"

"ဘယ်လိုဖြစ်လို့လဲ"

"ဒီလိုအကို···ရုတ်တရက်ကြီး မိုးမှောင်ကျလာတယ် ပြီးတော့မိုးချုန်းတယ်···မိုးကြိုးပစ်တယ် ပြီးတော့လေတွေ အရမ်းတိုက်တယ်···နောက်ဆုံးမိုးကြီးကျတော့တာပဲ ကျွန်တော်လည်း စနွားမှာနေရတာကြောက်လာတယ်···ဒါနဲ့လှေနဲ့ ကျွန်းကိုပြန်ရင် မိုးမှာမဟုတ်တဲ့အတွက် ဘုရားစာရွတ်ပြီးနေလိုက်ရတယ်···ညနှစ်နာရီလောက်မှ မိုးရောလေပါရပ်သွားတယ်···ကျွန်တော်လည်း ဘယ်လိုဘယ်လို အိပ်ပျော်သွားမှန်း မသိတော့ဘူး"

"ဒါဆိုညက မုန်တိုင်းတိုက်တာပေါ့"

"ဟုတ်တာပေါ့အကို···ကျွန်တော်တော့ တစ်ခုခုထူးဆန်းတယ်လို့ထင်တယ်···ထူးဆန်းတာလည်း တွေ့ရမယ်လို့ထင်မိတယ်"





မောင်ကြီးလည်းမောင်ထူးပြောတာကို စဉ်းစားရင်းအဝေးသို့ လှမ်းမျှော်ကြည့်နေမိသည်။ ထိုအခါအဝေးမှ အရာတစ်ခုခုမျောလာနေတာတွေ့လိုက်ရသည်။

"ဟင် "

"မောင်ထူးလာစမ်း···ဟိုမှာဘာလဲမသိဘူး တစ်ခုခုတော့ တစ်ခုခုပဲ ဟိုမှာမျောလာနေတယ်"

"ဟုတ်တယ် အကို···လာ ကျွန်တော်တို့လှေနဲ့သွားကြည့်ရအောင်"

"အေး ကောင်းတယ်" ဟုမောင်ကြီးက လောင်းလှေထဲသို့ ဆင်းခဲ့ကြသည်။ လောင်းလှေက နောက်မှစက်တပ်ထားချိတ်နှိုးလိုက်သည်။ မျောလာသောအရာဝတ္ထုက တော်တော်ဝေးနေသည်။ စနွားမှသုံးလေးဖာလုံလောက် ဝေးမည်ဟုမှန်းမိသည်။

သူတို့နှစ်ယောက် ၎င်းအရာဝတ္ထုနားသို့ရောက်လာသည်။ အနားသို့ရောက်သော်···

"ဟင် ငါးပုံးလေးပါလား အထဲမှာငါးတွေပါလာတယ်ကွ အလေးကြီးပဲ"

"ဟုတ်လိမ့်မယ်အကို···ငါးပုံးဆိုတာ ကျွန်တော်လည်း သိပါတယ်···ကျွန်တော်စဉ်းစားမိတာက ညကမုန်တိုင်းကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ငါးမမ်းလှေလေးတစ်ခုဖြစ်လို့ ငါးပုံးတွေမျောကုန်တာဖြစ်နိုင်တယ် လူတွေလည်း သေကုန်ကြပြီလားမသိဘူး"

ဟုမောင်ထူးကတွေးရင်း ပြောနေတုန်း အဝေးသို့လှမ်းကြည့် မိလျှက်သားဖြစ်သွားသည်။ ထိုအခါအဝေးတွင် အရာဝတ္ထုတစ်ခု မျောလာနေတာလည်း တွေ့လိုက်ရပြန်သည်။

"အကို ဟိုမှာဘာလည်းမသိဘူး မျောလာနေတာတွေ့ရ တယ်"

"ဟုတ်တယ် မောင်ထူး ဒီငါးပုံးကို လှေပေါ်မြန်မြန်တင်·· နို့ ၎င်းနားကိုသွားရအောင်"

လှေလေးငါးပုံးကို လှေပေါ်ဆွဲတင်ပြီးနောက် ၎င်းအရာဝတ္ထု နားသို့မောင်းလာခဲ့သည်။ အနားသို့ရောက်လာခဲ့သည်။ ဘောကွင်း တစ်ခုပါလား အထဲမှာလူတွေပါလာနိုင်တယ်ဟု မောင်ကြီးကထင်မြင် ချက်ပေးလိုက်သည်။

လှေလေးဘောကွင်းနားသို့ရောက်ပြီး အထဲသို့လှမ်းကြည့် လိုက်သောအခါ···

"ဟာ လူနှစ်ယောက်အကို"

မောင်ထူးကအော်ပြောလိုက်သည်။ မောင်ကြီးလည်း ဘောကွင်းထဲတွင် အိပ်ပျော်နေတာလား။ မေ့နေတာလားဆိုတာ





သိရအောင်ဆိုပြီး အနားသို့ရောက်သော် သေသေချာချာကြည့်လိုက် သော်အဝတ်များရေစိုထားပြီး တကိုယ်လုံးအေးခဲကာမေ့နေကြသည်။ မျက်နှာများသေသေချာချာ အခုမှကြည့်မိသည်။

"ဟင်···ဟိုလူနှစ်ယောက်ပါလား"

မောင်ကြီးကအသံထွက်ကာ ပြောလိုက်သောစကားကြောင့် မောင်ထူးက···

"ဘယ်သူလဲအကို"

"ဦးလေးဦးစိမောင်နဲ့ အကိုတို့ရဲ့ပစ္စည်း လဲခဲ့ကြတဲ့ လူ နှစ်ယောက်လေ"

"ဟင်···ဟုတ်လား"

"ညကမုန်တိုင်းမိတာ အဲဒီလူတွေရဲ့လှေလည်းပါလိမ့်မယ် ထင်တယ်"

"ဖြစ်နိုင်တယ်···သူတို့ကို နို့မကယ်ရင် ပင်လယ်ထဲမှာ အအေးပတ်ပြီးသေသွားနိုင်တယ်···ဒီတော့ရန်သူမိတ်ဆွေမခွဲခြား နဲ့တော့···သတ္တဝါတွေကို ကယ်တယ်လို့ပဲသဘောထားပြီး ခေါ်သွား ရအောင်"

မောင်ကြီးလည်း ခန့်မောင်နှင့်ကံမင်းကို စနွားသို့ခေါ်ခဲ့ပြီး အစိုအဝတ်အစားများလဲကာဘောတွင် မီးဖိုတစ်ခုလုပ်ကာ အနွေး



www.burmeseclassic.com

www.burmeseclassic.com



ခါတ်လေးလုပ်ပေးလိုက်သည်။ အနွေးခါတ်လေးရလာပြီးနောက် မကြာခင်မှာပဲ သတိရလာကြသည်။

ထိုအခါအနားတွင် ထိုင်စောင့်နေသောမောင်ကြီးနဲ့ မောင်ထူး တို့နှစ်ယောက်ကို တွေ့လိုက်သောအခါ ဦးခန့်မောင်အံ့သြပြီး ထထိုင် လိုက်သည်။

“ဟင် ကောင်လေးတို့ပါလား… မောင်ကြီးဆိုတာ မဟုတ် လား”

“ဟုတ်ပါတယ်ဦး…ကျွန်တော်မောင်ကြီးပါပဲ”

“အံ့သြဖို့ကောင်းတာကွ…အခုတော့ မင်းကင်းရဲ့ အသက် သခင်ဖြစ်သွားပြီ…ငါတို့ရဲ့လောဘဇောကြောင့် အခုလိုဖြစ်ခဲ့တာ”

“ငါတို့ကြိုးစားပမ်းစားဖေါ်ခဲ့တဲ့ ပစ္စည်းတွေရောလူတွေပါ ဆုံးရှုံးခဲ့ပြီ…ငါတို့ကတော့ကံတရားကြောင့် မင်းတို့ကယ်ခဲ့တာပဲ”

ထိုအခါမောင်ကြီးလည်း…

“ဟုတ်တယ်ဦး ကျွန်တော့်စိတ်ထဲမှာက ရန်သူမိတ်ဆွေ မခွဲခြားပါဘူး…ဦးတို့ကိုကယ်ခဲ့တာပါ…အခုဆိုရင် ဦးတို့နဲ့ဟောဟိုမှာ ငါးပုံလေးပဲရလိုက်တာပါ”

“ဟင် ငါးပုံလေးဟုတ်လား”

ထိုအခါဦးခန့်မောင်က အံ့သြကာငါးပုံလေးနားသို့ထလာပြီး ကြည့်လိုက်သည်။





“ဟင် ဟာ…အရမ်းအံ့သြဖို့ကောင်းတာပဲ ဘယ်လိုမှမထင် မှတ်ထားဘူး…ကံဆိုတာကို ဦး ယုံလိုက်ပါပြီ”

“ဘာဖြစ်လို့လဲဟင်”

“ဥစ္စာရင်းမှန်လို့ လက်ထဲကိုသူ့အလိုလိုမပင်ပန်းပဲရတယ် လို့…ဦးတော့ ကံကိုယုံလိုက်ပါပြီ”

“ဦးဘာတွေပြောနေတာလဲဟင်…ကျွန်တော်ဘာမှ နားမလည်ဘူး”

“ဒီလိုကောင်လေး ဦးအစအဆုံးပြောပြမယ်…ဦးတို့ပစ္စည်း တွေသွားဖေါ်ခဲ့တယ်…ဦးတို့ရဲ့လူတွေသစ္စာဝါဒဆန်းရဲ့ တိုက်နိုက် မှုကြောင့် အားလုံးသေကုန်ကြတယ်…ဦးတို့နှစ်ယောက်လောက်ပဲ ရေထဲအငုပ်မြန်လို့ကျန်ခဲ့တာ…ပစ္စည်းတွေရလာလို့ လှေပေါ်မှာ ငါးပုံထဲကို ထည့်ခဲ့ကြတယ်…ပြီးတော့အပေါ်က ငါးနဲ့ဖုံးထားတယ် ပြီးနောက်ပုံးကို အမှတ်အသားလုပ်ပြီးထားခဲ့တယ်…ဦးတို့လုပ်ခဲ့တဲ့ ငါးပုံးရဲ့အမှတ်အသားပါတဲ့ပုံးဟာ အခုမောင်ကြီးတို့ ဆယ်လာတဲ့ပုံးပဲ။ အဲဒါဘယ်လောက် အံ့သြဖို့ကောင်းလဲ… မောင်ကြီးတို့ရဲ့ စိတ်ရင်း ကောင်းလို့ လောဘဇောမရှိလို့ပဲလားမသိဘူး… ပစ္စည်းတွေ အလိုလိုရခဲ့တာပါ…ဦးတို့မှာက အသက်နဲ့လည်းရင်းခဲ့ရပြီ… ဘာမှမရလိုက်ဘူး…ဒါကြောင့်ကံတရားဟာ အရမ်းဆန်းကြယ်ပါ လားလို့ ဦးတော့ယုံလိုက်ပါပြီ”

www.burmeseclassic.com



"ဒါပေမဲ့ ဦးကတော့ သူငယ်ချင်းလေးယောက်ပေါ်မှာ ကတိထားခဲ့တဲ့အတိုင်း ရလာတဲ့ဝေစုကို ဝေပေးမယ်လို့ပြောခဲ့ပါတယ် ထားဝယ်ရောက်ရင်ပေးမယ်လို့ ဦးတို့သူငယ်ချင်းနှစ်ယောက်ဆုံးဖြတ်ခဲ့ကြတယ်…ဒါပေမဲ့ဦးတို့နဲ့မထိုက်လို့ မရခဲ့တာပဲလို့ သဘောထားလိုက်ပါပြီ"

"ငါတို့ကလည်း ဦးတို့ရဲ့အသက်ကိုကယ်ခဲ့လို့ အရမ်းကျေးဇူးတင်ပါတယ်…တစ်နေ့ ကျေးဇူးပြန်လာဆပ်ပါ့မယ်လို့ ဦးကတိပေးပါတယ်"

မောင်ကြီးတစ်ယောက် ဦးခန့်မောင်ရဲ့မျက်နှာကို အကဲခတ်ပြီးသူပြောခဲ့ဆိုခဲ့တာဟာ သူ့စိတ်ထဲမှာတကယ်ဖြစ်စေချင်တဲ့စေတနာရှိခဲ့တယ်ဆိုတာ ပေါ်လွင်နေတာသိလိုက်သည်။ တကယ်တော့ သူတို့ရလိုက်သောပစ္စည်းဟာ (ရေအခုံးကုန်းတဝက်)ဆိုတဲ့စကားပုံအတိုင်း သူတို့ပိုင်ခဲ့သည်မဟုတ်ပါလား။ ဒါပေမဲ့မောင်ကြီးက ဦးခန့်မောင်ရဲ့စိတ်စေတနာအမှန်ကို သိလိုက်ရတဲ့အတွက် သူငယ်ချင်းတွေအပေါ်ထားသောကတိကို မပယ်ဖျက်ပဲပေးမယ်ဆိုတာ သိလိုက်ရတာဝမ်းသာမိသည်။

ယခုလည်းမောင်ကြီးဆုံးဖြတ်ချက်ချလိုက်သည်။ ဦးခန့်မောင်ကတော့ သူတို့မပိုင်တော့တဲ့ပစ္စည်းဆိုတာ သိလိုက်ရလို့ ယခုလိုပြော





နေခြင်းဖြစ်သည်ဟု မောင်ကြီးနားလည်လိုက်သည်။ ဒါကြောင့်မောင်ကြီးက…

"ဦးတို့နေကောင်းအောင်နေပါ…ဦးတို့ဟာ ကျွန်တော့အဖေရဲ့သူငယ်ချင်းတွေဆိုတာ ကျွန်တော်သိလိုက်ပါပြီ…ပြီးတော့ ဦးကသူငယ်ချင်းတွေအပေါ် ကတိမပျက်ပဲပေးမယ်ဆိုတာ ကျွန်တော်သိလိုက်ရတဲ့အတွက် ကျွန်တော် ဦးကိုလေးစားမိပါတယ်"

"ကျွန်တော်တို့ရထားတဲ့ပစ္စည်းဆိုတာလည်း ကျွန်တော်တစ်ဦးတည်းမယူပါဘူး…အဖေရဲ့သူငယ်ချင်းတွေဖြစ်တဲ့ ဦးတို့ကိုကျွန်တော်ပြန်ပြီးခွဲဝေပေးပါ့မယ်…ဦးရဲ့စေတနာကြောင့် ကျွန်တော်လည်း ပြန်ပြီးစေတနာထားပါတယ်… ပြီးတော့ ဦးတို့နဲ့ ကျွန်တော်တို့ကလည်း ရေစက်မကုန်လို့ ယခုတစ်ခါပြန်ပြီးပြန်ပြီမဟုတ်ပါလား"

"ဦးတို့ကိုကျွန်တော် ဘာမှအပြစ်မမြင်ပါဘူး…ယခုလည်း ကျွန်တော်တို့ ညီတူညီမျှခွဲဝေယူကြတာပေါ့…ကျွန်တော်ကတော့ ရလာတဲ့ဝေစုရဲ့တဝက်ကို လူမှုရေးအကျိုးပြုလုပ်ငန်းတွေကို လှူဖို့ဆုံးဖြတ်လိုက်ပါတယ်"

"ကောင်းပါတယ်ငါ့တူရယ်…ငါ့တူရဲ့ဆုံးဖြတ်ချက်ကို ဦးလေးစားပါတယ်…ဂုဏ်လည်းယူပါတယ်"

ဟုပြောပြီး မောင်ကြီးကအနားမှ ထကာငါးနားသို့သွားပြီး

www.burmeseclassic.com



ဲ့အိုဖွင့်လိုက်သည်။ ဦးခန့်မောင်ပြောတဲ့အတိုင်း အပေါ်မှ ငါးများကိုဖယ်ရှားလိုက်သည်။ ပြီးနောက်အောက်မှ အိတ်သုံးလုံးကို ဆွဲထုတ်ယူလိုက်သည်။ အိတ်ထဲတွင်ရွှေချောင်းများဖြစ်နေတာ တွေ့လိုက်ရသည်။

ထိုအခါ မောင်ကြီးကရင်းရွှေချောင်းအားလုံးကို ပုံးထဲပြန်ထည့်လိုက်သည်။

၀





## အပြုံးပန်းများပွင့်ကြပြီ

ယနေ့ထားဝယ်မှလေ့လာသည်။ သူတို့အားလုံးပစ္စည်းနဲ့ ငါးများတင်ကာ ထားဝယ်သို့ပြန်လာခဲ့ကြသည်။ ဦးခန့်မောင်နဲ့ကံမင်း ပါပါလာသည်။ ဦးစိုးမောင်ကအိမ်မှစောင့်နေသည်။ အကြောင်းစုံ အားလုံးကိုလှေပေါ်မှမောင်ကြီးက ကြိုပြောထားသည်။

စက်လှေထားဝယ်ဆိပ်ကမ်း သောတဲတားသို့ဆိုက်ကပ်သော သည်။ ဆိပ်ကမ်းတွင် ခတ္တာနဲ့ရှင်နှောင်းမေတို့က လာကြိုသည်။ ကားပါယူလာသည်။ မောင်ကြီးတို့အားလုံး ကားပေါ်သို့တက်လိုက် ကြသည်။

ကားလေးခြံထဲသို့ မောင်းဝင်လာခဲ့သည်။ ကားလေးရပ်တော့ ဦးစိုးမောင်က အပေါက်ဝမှထွက်ကြိုနေလေသည်။ ထောင်ထဲတော့ ဒွက်ကိုခေါ်သွားတဲ့ ဦးခန့်မောင်နှင့်ဦးကံမင်းကို တွေ့လိုက်သောအခါ



www.burmeseclassic.com

www.burmeseclassic.com



ထထမတော့ မျက်နှာတချက်ပျက်သွားသည်။ ဒါပေမဲ့ တရားနဲ့ဖြေကာ ရန်ရန်ချင်း မတုန့်ပြန်နိုင်ဟူသော စကားကိုသတိရကာ···

"လာကြပါ မိတ်ဆွေတို့" ဟူသောနှုတ်ခွန်းဆက်စကား ပြောကာအိမ်ထဲဧည့်ခန်းသို့ ဦးဆောင်ကာခေါ်သွားလေသည်။

"လာ ထိုင်ကြပါ···အအေးလေးသုံးဆောင်ကြပါ"

ဧည့်ခုံတွင်အသီးသီးနေရာယူပြီးနောက် ဦးခန့်မောင်ကစပြီး

"ဦးစိုးမောင် ကျွန်တော်တို့ကို ခွင့်လွှတ်ပါနော်··ကျွန်တော်တို့ရဲ့လောဘဇောကြောင့်လုပ်မိတာပါ···အခုတော့ဦးလေးရဲ့သား မောင်ကြီးကကျွန်တော်တို့ရဲ့ အသက်ကိုကယ်လိုက်လို့ ကျွန်တော်တို့မှာ ဘယ်လိုမှပြောမပြတတ်အောင် ကျေးဇူးတင်မိပါတယ်"

ထိုအခါ ဦးကံမင်းကလည်း···

"ဟုတ်ကဲ့ ကျွန်တော်လည်း ဦးခန့်မောင်လိုပဲ တောင်းပန်ချင်ပါတယ်··ပြီးတော့ ဒီကသမီးလေး ရှင်နှောင်းမေကိုလည်း ဦးတောင်းပန်ပါတယ်···ဦးရဲ့မိုက်ပြစ်နဲ့လောဘကို ရှေ့တန်းတင်ပြီး လုပ်မိတဲ့အတွက် ဦးကိုခွင့်လွှတ်ပါ"

"ယခုလည်း ဒီကတူမောင်ကဝေစုတွေကို ခွဲဝေပေးမယ်ဆိုတော့ သမီးအမေရသင့်တဲ့ဝေစုအပြင် ဦးရဲ့ဝေစုထဲက တဝက်ပါ သမီးရဲ့အမေကို ဦးပေးမှာပါ··အဲဒီအတွက်အားလုံးကို ဦးတောင်းပန်ပါတယ်ဆိုတဲ့စကားအပြင် ဘာမှမပြောတတ်တော့ပါဘူး"





ဦးကံမင်းရဲ့ပြောဆိုပုံနှင့် ဦးခန့်မောင်တို့ရဲ့ တောင်းပန်ပုံများကို ဦးစိုးမောင်နှင့် အားလုံးကနားထောင်ပြီးနောက် တွေ့ဆုံပွဲလေး ပြီးစီးသွားလေတော့သည်။

ဦးစိုးမောင်တစ်ယောက် ကျေနပ်နှစ်လိုဖွယ်ရာ အပြုံးများဖြင့် ဧည့်ခန်းထဲမှ ထွက်လာခဲ့တော့သည်။ ဦးခန့်မောင်နဲ့ ဦးကံမင်းတို့ကတော့ သူတို့၏သူငယ်ချင်းများရှိသော အရပ်သို့ ထွက်ခဲ့ကြသည်။ အခန်းထဲတွင် ခတ္တာ၊ ရှင်နှောင်းမေနဲ့ မောင်ကြီးတို့သုံးဦးသာ ကျန်ခဲ့တော့သည်။

ထိုအခါ ရှင်နှောင်းမေက အလိုက်သိစွာဖြင့် ခတ္တာကိုကြည့်ပြီး မျက်စိတစ်ဖက်မှိတ်ပြကာ မောင်ကြီးဖက်သို့မေးထိုးပြလိုက်သည်။ ထိုအခြင်းအရာကို မောင်ကြီးကမြင်လိုက်၍ မမြင်ချင်ယောင်ဆောင်လိုက်သည်။ ရှင်နှောင်းမေက ဧည့်ခန်းမှအလိုက်သိစွာထပြီး အပေါ်ထပ်သို့တက်သွားတော့သည်။

ထိုအချိန်တွေ ခတ္တာကဘာလုပ်ရမှန်းမသိဘဲ ထသွားရမလား ထိုင်နေရမလားဆိုတာ ဆုံးဖြတ်ရခက်နေသည်။ ဒါနဲ့ မထသေးဘဲဆက်ပြီးထိုင်နေမိသည်။

ထိုအခါမောင်ကြီးက ထိုင်ရာမှထလာပြီး ခတ္တာ[illegible]သို့လာပြီး ထိုင်သည်။ ခတ္တာကလည်း မောင်ကြီးအနားတွင်လာထိုင်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



နေရာမရွေ့ပဲ ဒီအတိုင်းဆက်ပြီးထိုင်နေမိသည်။ မောင်ကြီးလည်း သဘောပေါက်ကာ ဘာမပြောညာမပြောပဲ ခတ္တာရဲ့ လက်နှစ်ဖက်ကို သူ၏လက်ဖြင့် အုပ်မိုးကာကိုင်လိုက်သည်။

ခတ္တာကမဖယ်ရှားပဲ ညိမ်နေလိုက်သည်။ ထိုအခါမောင်ကြီးကစပြီး…

"ခတ္တာ"

ခတ္တာ ခေါင်းငုံ့နေသောမျက်နှာလေး တဖြည်းဖြည်းချင်းမော့ပြီး…

"ဘာလဲအကို"

ခတ္တာ၏ ပြန်မေးသံလေးက မပွင့်တပွင့်ဖြင့် ကြင်နာသံလေးဖြင့်ပြောလိုက်သည်။

"ခတ္တာကို အကိုစကားတစ်ခွန်းပြောမယ်…နားထောင်ပေးမလားဟင်"

"အကိုက နားမထောင်ရင် လက်ကိုမလွှတ်တော့ဘူးလား"

"ဟာ…ဟင် ဟုတ်သားပဲ ဆောရီးနော်"

"အကိုစကားပြောချင်လွန်းလို့ လက်ကိုမလွှတ်ပဲ ပြောမိတယ်…မထူးတော့ပါဘူးခတ္တာရယ်…အကိုခတ္တာကိုချစ်တယ် အကိုချစ်နေတာကြာပါပြီ…ညီမတစ်ယောက်လို ချစ်ခဲ့တာထက်





ပိုပြီးချစ်နေတာကြာခဲ့ပါပြီ…ဒါပေမဲ့ အကိုမပြောရက်လို့ ဒီအတိုင်းမြိုသိပ်ထားခဲ့တာပါ…အခုတော့မနေနိုင်တော့လို့ ဖွင့်ပြောမိတယ် အကို့ရဲ့ အချစ်ကိုလက်ခံမလားဟင်"

"အကိုလေ အရမ်းအ,တာပဲ…ချစ်တယ်လို့မပြောခင်က လက်ကိုအရင်ကိုင်ပြီးမှ ချစ်ရဲ့လားလို့ မေးရတယ်လို့"

"ဟာ ဟုတ်သားပဲ…ဒါလဲ အကို ခံရပြန်ပြီ "

"ဘာ အကို ခံရတာလဲ…ခံရတာညီမခတ္တာပါနော် နစ်ခါရှိသွားပြီ"

"ဒါဆို ခတ္တာက အကို့ကိုနှစ်ခါချစ်လို့ပေါ့နော် "

"သွား လူလည်ကြီး"

ဟုပြောပြီး မောင်ကြီးက ခတ္တာကို သူ၏ မေတ္တာရင်ခွင်ထဲသို့ သာယာညင်သာစွာပွေ့သွင်းလိုက်လေတော့သတည်း။

မင်းစက္က



www.burmeseclassic.com